ကြေးမုံ
The Mirror Daily
၁၉၅၇ ဇြပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အိုမင်းလာသည်ကိုဆင်ခြင်**

ဤရူပကာယသည် ဆွေးမြည့်အိုမင်းတတ်၏။ အနာရောဂါတို့၏ တည်နေရာလည်းဖြစ်၏။ ယိုယွင်းပျက်စီးတတ်၏။ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိရကား ထိုကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတ္တံ့။ (မိမိ၏ ခန္ဓာကိုယ်သည် အတည်မနေ၊ တစ်စတစ်စ အိုမင်းလာနေသည်ကို ဆင်ခြင်ရာ၏)

ဇရာဝဂ်(ဓမ္မပဒ-၁၄၈)

၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 12 September 2016 (၈၆၈၂)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့မှ မြန်မာသံအမတ်ကြီးများ တွေ့ဆုံ
# နိုင်ငံတော်၏မူဝါဒနှင့် ဦးစားပေးလုပ်ငန်းများ အသေးစိတ်ရှင်းလင်းပြီး လိုအပ်သည်များ မှာကြား

**ဟီးသရိုး(လန်ဒန်) စက်တင်ဘာ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့ ခရီးစဉ်၊ အမေရိကန်နိုင်ငံ တရားဝင်ခရီးစဉ်နှင့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် စက်တင်ဘာ ၁၀ ရက်က ရန်ကုန်မြို့မှ ထွက်ခွာလာရာ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဟီးသရိုးလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အန်ဒရူးပက်ထရစ်တို့က ဟီးသရိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီတွင် လန်ဒန်မြို့ရှိ ခေတ္တတည်းခိုသည့် မြန်မာသံရုံး၌ ဥရောပဒေသ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့မှ မြန်မာသံအမတ်ကြီး ၁၂ ဦးတို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒနှင့် လမ်းစဉ်များ၊ ဦးစားပေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံက ကျင့်သုံးနေသည့် နိုင်ငံခြားရေးမူဝါဒများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအနေဖြင့်

**စာမျက်နှာ ၃ ကော်လံ ၆ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာသံအမတ်ကြီးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)




(၁၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးဖွင့်ပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# တရုတ်-အာဆီယံ ကုန်စည်ပြပွဲ နှစ်စဉ်ကျင်းပနိုင်ရန် ကြိုးပမ်းမှုအတွက် ကျေးဇူးတင်

## ပိုးလမ်းမအကောင်အထည်ဖော်ရေး မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်

**နန်နင်း စက်တင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံအကြီးအကဲများက မိန့်ခွန်းပြောကြားကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



ကြေးမုံ

# အားလုံးစာတတ်ရေးမှာ အရေးကြီး

မျက်မှောက်ကာလပညာခေတ်တွင် ပညာရေးကို တစ်ကမ္ဘာလုံးဦးစားပေး နေချိန်၌ အခြေခံစာတတ်မြောက်မှု မြင့်မားလာသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ သို့သော် စာမဖတ်သူ သို့မဟုတ် စာဖတ်တတ်သော်လည်း စာတတ်မြောက်မှုအရည်အသွေးမရှိဘဲ ဝါကျတစ်ကြောင်းကိုပင် အဓိပ္ပာယ်ပေါက်အောင် မဖတ်နိုင်၊ မရေးနိုင်သူများ ရှိနေသေးသည်မှာ အနာဂတ်အတွက် ရတက်မအေးဖွယ်ရှိနေသေးသည်။

ကမ္ဘာပေါ်တွင် ၁၉၉၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း စာတတ်မြောက်မှုအရည်အသွေးမရှိဘဲ အရွယ်ရောက်လာသည့် လူငယ်အရေအတွက်မှာ ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဆိုသော်လည်း မျက်မှောက်ကာလ၌ ရိုးရှင်းသောဝါကျတစ်ကြောင်းကိုပင် မဖတ်နိုင်၊ မရေးနိုင်သည့် အရွယ်ရောက်သူဦးရေမှာ ၇၅၈ သန်းအထိ ရှိနေသေးပြီး အများစုသုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်နေကြောင်း သိရသဖြင့် အမျိုးသမီးများအရေးကိုပါ အလေးပေးကြရမည်ဖြစ်သည်။

ကမ္ဘာ့လူသားများတွင် အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် မစို့မပို့လုပ်အားခ အနည်းငယ်ရခြင်း အခြေအနေတို့ ပိုမိုဖြစ်ပေါ်လာပြီးနောက် နောက်ဆက်တွဲ ကျန်းမာရေးချို့တဲ့ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်း၊ လူ့အခွင့်အရေး အလွဲသုံးစားပြုခံရခြင်းတို့ ရှိလာခဲ့သောအကြောင်းအရင်းဇာစ်မြစ်တွင် စာကိုကောင်းစွာမဖတ်နိုင်သည့် ဗဟုသုတမရှိခြင်းတို့ကြောင့်လည်း ဖြစ်သည်ကို တွေ့ရှိလာရသည်။

စာတတ်သော်လည်း စာကိုလိပ်ပတ်လည်စွာ မဖတ်နိုင်၊ မရေးနိုင်ခြင်းသည် ဒုက္ခဆင်းရဲဖြစ်ခြင်းနှင့် ထပ်တူထပ်မျှဖြစ်လာသည်။ ၎င်းတို့၏ လုပ်အားစွမ်းရည်၏အကျိုးရလဒ်ကို အပြည့်အဝယူရကောင်းမှန်းမသိကြဘဲ တစ်ဆင့်ခံသိရှိပြန်လျှင်လည်း လူ့အဖွဲ့အစည်းအတွင်း အကြမ်းဖက်မှုနှင့် ပဋိပက္ခအသွင်သို့ ရောက်စေနိုင်သောအခြေအနေ၊ ဆင်းရဲခြင်း၏ ကြောက်မက်ဖွယ်ကောင်းသော အခြေအနေအတွင်းသို့ ရောက်ရှိတတ်သော အနေအထားအဖြစ် မြင်တွေ့လာရသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း တစ်ယောက်မကျန် အားလုံးစာတတ်မြောက်ရေးသည် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သလို စာတတ်မြောက်လျှင်လည်း စာ၏အကျိုးကျေးဇူးကို လိပ်ပတ်လည်စွာနားလည်နိုင်သည့် စာဖတ်တတ်မြောက်မှုစွမ်းရည်ရှိဖို့လည်း လိုမည်ဖြစ်သည်။ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာ အခြေခံဖြစ်သည့် စာတတ်မြောက်ရေး၊ စာဖတ်စွမ်းရည်မြင့်မားရေးတို့သည် ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ကျား/မ တန်းတူရည်တူ ခံစားခွင့်ရှိရေး၊ ပိုမိုဆက်လက်တည်တံ့ပါဝင်နိုင်သော လူ့အဖွဲ့အစည်းဖြစ်တည်နိုင်ရေးတို့တွင် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်လာသည်။

မြန်မာနိုင်ငံတွင်လည်း စာတတ်မြောက်မှုမြင့်မားလာသော်လည်း စာဖတ်တတ်မှု၊ စာဖတ်စွမ်းရည် တိုးတက်မှုအားနည်းနေသေးသောကြောင့် လူငယ်လူရွယ်များအတွင်းမှာပင် အသိပညာဗဟုသုတမြင့်မားမှု၊ အမြင်ကျယ်မှု များစွာအားနည်းနေသေးသည်ကို မြင်တွေ့ရသည်။ ထို့ကြောင့် မြို့ပြလူမှုဘဝနယ်ပယ်တွင်သာမက ကျေးလက်နယ်ပယ်တို့တွင်ပါ ဒုက္ခဆင်းရဲများ၊ အမှုအခင်းများနှင့် ပဋိပက္ခအသွင်ဆောင်မှုများပါ တိုးတက်ဖြစ်ပေါ်နေသည်ကို မကြာခဏ မြင်တွေ့နေရသည်။

စာတတ်မြောက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု(Global Alliance for Literacy) ကို ဖော်ဆောင်နေသောယနေ့ကာလတွင် စာတတ်မြောက်ရေး ရင်းနှီးမြှုပ်နှံမှုများကို ပြောင်းလဲဆောင်ရွက်နိုင်ရန်၊ တီထွင်ဆန်းသစ်မှုကို မြှင့်တင်ရန်အတွက် ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကျား/မ တန်းတူညီမျှရေးနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ တိုးတက်လာမှုအပေါ်တွင် မူတည်ပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလကြုံတွေ့နေရသော လူမှုအသိုင်းအဝိုင်းအတွင်းမှ မညီမျှမှု၊ မတရားမှု၊ လူမှုဘဝနိမ့်ကျမှုများ လျော့ပါးလာစေရန်အတွက် အခြေခံကျသော စာတတ်မြောက်မှု၊ စာဖတ်ခြင်းစွမ်းရည်ဖြင့် အသိအမြင်ဗဟုသုတများ တိုးတက်စေမှုတို့အတွက် ရရှိလာသောအခြေအနေတို့ကို အမိအရအသုံးချပြီး ကဏ္ဍအလိုက်တစ်ယောက်မကျန် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

# သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ပုဂံဘုရားပုထိုးစေတီများနှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့် သာသနိကအဆောက်အအုံများ၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံဘုရားပုထိုးစေတီများ ပြုပြင်ရန်နှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျင်းပသည်။



ရှေးဦးစွာ အလှူရှင် ဒေါ်ရွှေပု (ရွှေပြည်စိုးကိုယ်ပိုင် အထက်တန်းကျောင်း)က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရေဘေးသင့်သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ရန် ငွေကျပ်သိန်း ၁၀၀၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံဘုရားပုထိုးစေတီများပြုပြင်ရန် ငွေကျပ်သိန်း ၁၀၀၊ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် သိန်း ၈၀ နှင့် ချင်းပြည်နယ် မင်းတပ်မြို့ သာသနိကအဆောက်အအုံများ ပြုပြင်ရန် ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အောင်စကြာဆရာတော် မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဗဟုဇန ဟိတရေ ဒေါက်တာစန္ဒသိရီက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပြည်ထောင်စုဝန်ကြီးများက တာဝန်ရှိသူများနှင့်အတူ အောင်စကြာပရမေတ္တာစက္ခုဒါန ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

■

# ပြည်သူ့ဝန်ဆောင်မှုရုံး ကွင်းဆင်းဆောင်ရွက် ကျေးရွာမြေငှားဂရန်များပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ကြံဘိုကျေးရွာတွင် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရေးအတွက် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) မှ ဝန်ထမ်းများက Mobile Team အနေဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)မှ Mobile Teamဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဖွား/သေ၊ အိမ်ထောင်စုစာရင်းနှင့် (၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ခြင်းလုပ်ငန်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးထောက်ခံချက်လုပ်ငန်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးပေါင်ချိန်ခြင်း၊ ရောဂါစစ်ဆေးခြင်းဖြင့် သွေးတိုးရောဂါ၊ သာမန်အအေးမိရောဂါ၊ အားနည်းမူးမော်ရောဂါများအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။

ဆက်လက်၍ အဆိုပါကျေးရွာ၌ မြေယာပိုင်ဆိုင်မှု အထောက်အထားဖြစ်သည့် ကျေးရွာမြေငှားဂရန်များပေးအပ်ခြင်းအခမ်းအနားကို မွန်းလွဲပိုင်းတွင်ပြုလုပ်ရာ နေပြည်တော်ကောင်စီအတွင်းရေးမှူး နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်အောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်၊ ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးအတွင်းရေးမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နှင့် အဖွဲ့ဝင်များက မြေယာဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်သည့်မြေငှားဂရန် ၅၈ ခုကို ကျေးရွာနေပြည်သူများထံ ပေးအပ်ခဲ့သည်။

“ကျွန်တော်တို့ကျေးရွာတွေမှာ ယခုလို မြို့နဲ့မခြား မြေငှားဂရန်တွေ ရရှိမယ်လို့ မထင်ထားခဲ့ဘူး။ အခုလိုပိုင်ဆိုင်မှု အထောက်အထားလေးတွေရရှိထားတော့ ကျေးလက်နေပြည်သူတွေမှာ ဝမ်းသာလို့ မဆုံးပါဘူး။ နိုင်ငံတော်နဲ့ ကူညီဆောင်ရွက်ပေးသူတွေကို အထူးကျေးဇူးတင်ပါတယ်။ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းတွေကိုလည်း ကူညီဆောင်ရွက်ပေးစေချင်ပါတယ်”ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဝင်းမြင့်က ပြောသည်။

**(ရွှေရဲရင့်)**




# ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

**ကျောက်ဖြူ စက်တင်ဘာ ၁၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် အမှတ်(၆)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီးနောက် ထက်၊ လယ်၊ မူ ကျောင်းသားများ ပညာရေးကို အဆင်ပြေချောမွေ့စွာ သင်ကြားနိုင်ရေးအတွက် ဆရာဆရာမ အင်အားများ တိုးမြှင့်ခဲ့ရာ စက်တင်ဘာ ၁၀ ရက်တွင် အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၁၃၅၅

# ပြည်တွင်းရေးရာ

## ✻ တရုတ်-အာဆီယံမှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် တရုတ်နှင့်အာဆီယံဆက်ဆံရေးသည် ၂၅ နှစ်ပြည့်မြောက်ပြီဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဘက်စုံတိုးတက်ခဲ့ပါကြောင်း၊ တရုတ်နှင့်အာဆီယံနိုင်ငံများအနေဖြင့် ဘက်စုံမဟာဗျူဟာမြောက်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ကြောင်း၊ လာမည့် ငါးနှစ်အတွက် တရုတ်နှင့်အာဆီယံနိုင်ငံများ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအစီအစဉ်များ ရေးဆွဲထားပြီးဖြစ်ကြောင်း၊ တရုတ်နှင့် အာဆီယံနိုင်ငံများ လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

တရုတ်-အာဆီယံကုန်သွယ်မှုမှာ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၇၂ ဒသမ ၁၆ ဘီလီယံအထိ တိုးတက်ခဲ့ကာ ၁၉၉၁ ခုနှစ်ကထက် ၅၈ ဆ တိုးတက်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလည်း လွန်စွာဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ အာဆီယံ ၁၀ နိုင်ငံသည် AIIB တွင် စတင်ပါဝင်ခဲ့သည့် နိုင်ငံများဖြစ်သည်နှင့်အညီ ဒေသတွင်းအခြေခံအဆောက်အအုံများ၊ လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တရုတ်နှင့်အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီမည့် ရပ်ဝန်းတစ်ခု-လမ်းကြောင်းတစ်ခုနှင့် ၂၁ ရာစုပိုးလမ်းမကြီးစီမံကိန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည့်စုံကြွယ်ဝမှုကို အတူတကွ ရရှိခံစားရမည်ဖြစ်ကြောင်း၊ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် အာဆီယံအရှေ့ပိုင်းဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုများဖြင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်သွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးအတွက် ဆောင်ရွက်သွားလိုပါကြောင်း ပြောကြားသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်-အာဆီယံကုန်စည်ပြပွဲသည် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ခြင်း၏ သင်္ကေတတစ်ခုအဖြစ် ရှုမြင်သည့်အားလျော်စွာ တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးတို့က ဟီးသရိုးလေဆိပ်၌ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

နေပါကြောင်း။

ပိုမိုကောင်းမွန်စွာ ပေါင်းစည်းဆက်သွယ်ထားသော အာဆီယံသည် စီးပွားရေးတိုးတက်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကွာဟချက်ကျဉ်းမြောင်းစေမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးတက်စေရေးတို့ကို မြှင့်တင်ရာတွင် အဓိကကျ



နန်နင်းမြို့ရှိ ကွမ်ရှီးကျွမ်းတိုင်းရင်းသားလူမျိုးစုများပြတိုက်သို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ဆက်စပ်ဖိုရမ်များ နှစ်စဉ်ကျင်းပနိုင်ရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ယခုနှစ်သည် အာဆီယံနှင့် တရုတ်နိုင်ငံတို့ ဆွေးနွေးဖက်ဆက်ဆံရေးတည်ထောင်ခြင်းဆိုင်ရာ ၂၅ နှစ်မြောက်နှစ်ပတ်လည် အခါသမယဖြစ်သဖြင့် "၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကြီးကို အတူတကွတည်ဆောက်ခြင်းဖြင့် အကျိုးစီးပွားမျှဝေကြမည့် ပိုမိုနီးကပ်သော တရုတ်-အာဆီယံအသိုက်အဝန်းဆီသို့ ပူးတွဲတက်လှမ်းကြပါစို့" ဟူသည့် ဆောင်ပုဒ်သည် အလွန်ပင်အချိန်အခါသင့်ကာ လိုက်ဖက်မှုရှိပြီး အာဆီယံအသိုက်အဝန်းတည်ဆောက်ခြင်းနှင့်အပြိုင် အာဆီယံ-တရုတ် မဟာဗျူဟာကျသည့် မိတ်ဖက်ဆက်ဆံရေးတိုးတက်စေရန် အားပေးတိုက်တွန်းသည်ဟု လက်ခံအသိအမှတ်ပြုပါကြောင်း၊ ဤနေရာတွင် အာဆီယံပေါင်းစည်း ဆက်သွယ်မှုဆိုင်ရာ မဟာစီမံကိန်း အကောင်အထည်ဖော်ခြင်းကို အထောက်အကူဖြစ်စေသည့် တရုတ်နိုင်ငံ၏ ကူညီပံ့ပိုးမှုများနှင့် အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုဘဏ်တည်ထောင်ရေး ဦးဆောင်ဦးရွက်ပြုမှုတို့ကို ကြိုဆိုပါကြောင်း။

အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် ကုန်း-ရေ နှစ်သွယ် ထိစပ်နေသည့်အားလျော်စွာ တရုတ်နိုင်ငံ၏ ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမ ဦးဆောင်ဦးရွက်ပြုမှုသည် ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံရေးတွင် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်သဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အပြန်အလှန်လေးစားမှု၊ သာတူညီမျှ အကျိုးဖြစ်ထွန်းစေမှု၊ တူညီဆန္ဒတို့အပေါ်အခြေခံသည့် ၂၁ ရာစုပင်လယ်ရေကြောင်း ပိုးလမ်းမအကောင်အထည်ဖော်ရေးတွင် မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံတို့နှင့် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း(One belt one road)သည် မဟာဗျူဟာကျသည့်အချက်များဖြစ်သည့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ဈေးကွက်အသစ်များတိုးတက်ရရှိစေရန် ဖော်ဆောင်ပေးမည်ဟု ရှုမြင်ပါကြောင်း၊ အလားတူ ၂၁ ရာစုပင်လယ်ရေကြောင်း ပိုးလမ်းမသည် ကုန်ထုတ်လုပ်မှု၊ အခြေခံအဆောက်အအုံနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုအစရှိသည့် နယ်ပယ်များတွင် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

အာဆီယံနှင့်တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အတွက် ဘုံတူညီသည့် အကျိုးစီးပွားများရှိကြပြီး အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ရည်မှန်းချက်ချင်းတူပြီး ပိုမိုနီးကပ်သော အသိုက်အဝန်းတစ်ရပ်ကို တည်ဆောက်နိုင်မည့် ၂+၇ မူဘောင်ကို အခြေခံလျက်ဒေသတွင်းပေါင်းစည်းဆက်သွယ်ရေးအတွက် ကဏ္ဍစုံတွင် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသသဘောတူညီချက်အား အဆင့်မြှင့်တင်ခြင်းနှင့် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ပြင်ဆင်ချက်အား လက်မှတ်ရေးထိုးခြင်းအားဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ-တရုတ် နှစ်ဖက်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံရရှိရေးရည်မှန်းချက်ကို ပေါက်မြောက်ရန် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်းမူဘောင်အတွင်းမှသာမက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတွင်ပါ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးမြှင့်တင်ရန် ဆန္ဒရှိပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၇ ရက်မှ ၂၁ ရက်အထိ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်တို့သည် အချိန်ကြာမြင့်စွာတည်ရှိခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတောင့်တင်းခိုင်မာစေပါကြောင်း။

မိမိတို့အနေဖြင့် အိမ်နီးချင်းကောင်းမူဝါဒကိုစွဲကိုင်ပြီး နှစ်နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်လျက် မိမိတို့ပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ကတိပြုပါကြောင်း။

တူညီသည့်ရည်မှန်းချက်အတွက် ပိုမိုနီးကပ်သည့် တရုတ်-အာဆီယံ အသိုက်အဝန်းကို တည်ဆောက်နိုင်ရေးအတွက် ချစ်ကြည်ရင်းနှီးမှုနှင့် သာတူညီမျှရှိမှု မူဝါဒများနှင့်အညီ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်နိုင်ငံသတင်းဌာန ရှစ်ခုမှ သတင်းသမားများအား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်းသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် ကွမ်ရှီးကျွမ်းတိုင်းရင်းသားလူမျိုးစုများပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ကွမ်ရှီးကျွမ်းတိုင်းရင်းသားလူမျိုးစုများပြတိုက်ကို ၂၀၀၇ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ပြီး သုတေသနပြခန်း၊ ကာကွယ်ရေးပြခန်း၊ ပညာရေးပြခန်းများအပြင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် အနုပညာလက်ရာများ၊ ဒေသခံတိုင်းရင်းသားလူမျိုးစု ၁၂ မျိုးတို့ ညီညီညွတ်ညွတ် ယှဉ်တွဲနေထိုင်ခြင်းဖြင့် တိုးတက်မှုရရှိခဲ့သည့် ရလဒ်များကို ခင်းကျင်းပြသထားသည်။

ထို့နောက် ဒုတိယသမ္မတသည် နန်နင်းမြို့ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံးရှိ Myanmar Trade and Investment Promotion Center(နန်နင်း)ကို ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ ကောင်စစ်ဝန်ချုပ်ရုံးမှဝန်ထမ်းများနှင့် မိသားစုများ၊ မြန်မာပညာတော်သင် ကျောင်းသားကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကောင်စစ်ဝန်ချုပ်ရုံးမှ ဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

## ☆ ရှေ့ဖုံးမှ

ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ခင်ရင်းနှီးစွာဆက်ဆံပြီး ဘက်မလိုက်သည့်မူဝါဒကို ကျင့်သုံးနေပါကြောင်း၊ သံတမန်ဝန်ထမ်းများအနေဖြင့် မိမိနိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့်နိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

သံအမတ်ကြီးများကလည်း မိမိတို့ တာဝန်ထမ်းဆောင်နေသည့်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ သံရုံး၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်ဇွာမင်း၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယု၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်၊ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်၊ ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအေးခိုင်၊ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုလတ်၊ ဆာဘီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးအေး၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မော်မော်၊ ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစန်းလွင်၊ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# တရုတ်နိုင်ငံ၌ ပထမဆုံးအကြိမ် ကောင်းကင်ရထား ထုတ်လုပ်ပြီ



**ပေကျင်း စက်တင်ဘာ ၁၁**

တရုတ်နိုင်ငံ၏ ပထမဆုံးသော ကောင်းကင်ရထားကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ဂျာမနီနှင့် ဂျပန်နိုင်ငံတို့ပြီးလျှင် ကောင်းကင်ရထားနည်းပညာကို အသုံးပြုသည့် တတိယမြောက်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီဖြစ်သည်။

နန်ကင်းမြို့ရှိ ကောင်းကင်ရထား ထုတ်လုပ်ရေးစက်ရုံမှ ပထမဆုံးသော ကောင်းကင်ရထားကို စက်တင်ဘာ ၁၀ ရက်တွင် ထုတ်လုပ်ခဲ့ကြောင်း ယင်းစက်ရုံကို ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော နန်ကင်းပူကျန်း ကုမ္ပဏီလီမိတက်က ပြောကြားသည်။

ကောင်းကင်ရထားမှာ တွဲနှစ်တွဲ ပါရှိပြီး ခရီးသည် ၂၀၀ ကျော် လိုက်ပါနိုင်ကြောင်း၊ မြေအောက်ရထားနှင့် ဓာတ်ရထားတို့နှင့် နှိုင်းယှဉ်ကြည့်ပါက ကောင်းကင်ရထားသည် ကုန်ကျစရိတ် ပိုမိုသက်သာခြင်း၊ အမြင့်ပိုင်းသို့ တက်ခြင်းနှင့် ချိုးကွေ့ခြင်းတို့အရ ပိုမိုကောင်းမွန်ခြင်း၊ လေပြင်းတိုက်ခတ်မှုဒဏ်ကို ပိုမိုခံနိုင်ခြင်းစသည့် အားသာချက်များရှိကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားကြသည်။

ကောင်းကင်ရထားထုတ်လုပ်မှုသည် မြေအောက်ရထားထုတ်လုပ်မှုနှင့် နှိုင်းယှဉ်လျှင် တည်ဆောက်ရေးကာလ ပိုမိုတိုတောင်းကြောင်း ပေကျင်းကျောက်တုန်တက္ကသိုလ်မှ ပါမောက္ခ ယွေ့ကျောက်ဟောင်က ပြောကြားသည်။

တရုတ်နိုင်ငံသည် လာမည့်နှစ်မှစ၍ ကောင်းကင်ရထားများကို မြို့ကြီးများရှိ သာယာလှပသော ရှုခင်းများတည်ရာဒေသများတွင် ပြေးဆွဲသွားရန် စီစဉ်ထားသည်။

**ပီတီအိုင်။**



# လူနှင့်နွားရိုင်းသတ်ပွဲများ ပိတ်ပင်ပေးရန် စပိန်နိုင်ငံ မက်ဒရစ်တွင် တောင်းဆိုဆန္ဒပြ

**မက်ဒရစ် စက်တင်ဘာ ၁၁**

စပိန်နိုင်ငံ၌ လူနှင့်နွားရိုင်းသတ်ပွဲများကို ပိတ်ပင်ပေးရန် တောင်းဆိုသည့် ဆန္ဒပြပွဲကိုမက်ဒရစ်တွင် စက်တင်ဘာ ၁၀ ရက်က ကျင်းပခဲ့ကြောင်း၊ ရာစုနှစ်ပေါင်းများစွာ သက်တမ်းရှိသည့် ရိုးရာထုံးဓလေ့တစ်ရပ်အရ ကျင်းပလာခဲ့သော လူနှင့်နွားရိုင်းသတ်ပွဲများကို ပိတ်ပင်ပေးရန် တောင်းဆိုသည့် ဆန္ဒပြပွဲတွင် ပြည်သူထောင်ပေါင်းများစွာက ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

စပိန်နိုင်ငံ၌ ရိုးရာပွဲတော်တစ်ခုအဖြစ် လူနှင့်နွားရိုင်းသတ်ပွဲများကို အစဉ်အလာမပျက် ကျင်းပနေကြဆဲဖြစ်သည်။ စပိန်နိုင်ငံ မြောက်ပိုင်း ပမ်ပလိုနာမြို့၌ နှစ်စဉ် လူနှင့်နွားရိုင်းသတ်ပွဲကို အစဉ်အလာမပျက်ကျင်းပလေ့ရှိပြီး လူများနှင့် ပြည့်နှက်နေသော လမ်းမတစ်လျှောက် နွားသိုးကို လွှတ်ပေးခြင်း၊ လူနှင့်နွားရိုင်းယှဉ်ပြိုင်သတ်ပုတ်ခြင်းတို့ကို ပွဲတော်ကာလအတွင်း ပြုလုပ်လေ့ရှိကာ ကမ္ဘာလှည့်ခရီးသည်များပင်မကျန်ပါဝင်ဆင်နွှဲကြသည်။

ရိုးရာပွဲတော်တစ်ခုအဖြစ် လူနှင့်နွားရိုင်းသတ်ပွဲကို နှစ်စဉ်ကျင်းပခဲ့ကြသော်လည်း ယနေ့ကာလတွင် ကာလရှည် စီးပွားရေးပြဿနာများ ဖြစ်ပေါ်နေခြင်းကြောင့် ပြည်သူတို့မှာ အားပေးကြည့်ရှုမှု ပိုမိုနည်းလာကြသည်။

ထိုစဉ်အတွင်း တိရစ္ဆာန်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားသူများက လူနှင့်နွားရိုင်းသတ်ပွဲများကို ပိတ်ပင်ပေးရန် ပိုမိုတောင်းဆိုလာကြသည်။ **ရိုက်တာ။**

# တရုတ်ရေယာဉ်များ ဂျပန်ရေပိုင်နက်အတွင်း ခွင့်ပြုချက်မယူဘဲ ထပ်မံခုတ်မောင်း

**ကျိုတို စက်တင်ဘာ ၁၁**

အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဂျပန်၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားနေသည့် စင်ကာကူကျွန်းအနီးတွင် တရုတ်ကင်းလှည့်ရေယာဉ်လေးစင်း ခုတ်မောင်းခဲ့ကြောင်း ဂျပန်ကမ်းရိုးတန်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် တရုတ်ကင်းလှည့်ရေယာဉ်များသည် ဂျပန်ရေကြောင်းအာဏာပိုင်များ၏ သတိပေးချက်များကို ဂရုပြုခြင်းမရှိဘဲ ဂျပန်ရေပိုင်နက်အတွင်းရှိ စင်ကာကူကျွန်းစုတစ်ခုဖြစ်သည့် အူဆာရီဂျီမာကျွန်းအနီးတွင် မိနစ် ၉၀ ခန့်ကြာ ခုတ်မောင်းခဲ့ကြောင်း သိရသည်။

ဂျပန်အစိုးရက အဆိုပါကျွန်းစုများကို ရှေးအမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းလျက်ရှိသော်လည်း တရုတ်နှင့်တရုတ်(တိုင်ပေ)တို့က ၎င်းတို့ပိုင်ဆိုင်သည်ဟု အခိုင်အမာဆိုကြသည်။

တရုတ်ရေယာဉ်များ ဂျပန်ရေပိုင်နက်အတွင်းသို့ ဩဂုတ် ၂၁ ရက်က နောက်ဆုံး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ၁၅ နှစ်မြောက် နှစ်ပတ်လည်နေ့ ကျရောက်

**ဝါရှင်တန် စက်တင်ဘာ ၁၁**

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့် ၁၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပနိုင်ရန် အမေရိကန်နိုင်ငံသားများ စက်တင်ဘာ ၁၁ ရက်တွင် ပြင်ဆင်ဆောင်ရွက်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာန အဆောက်အအုံ ပြိုလဲပျက်စီးခဲ့ရာနေရာရှိ စက်တင်ဘာ ၁၁ ရက် အမှတ်တရရင်ပြင်၌ ပြုလုပ်မည့် အခမ်းအနားတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ ၂၉၈၃ ဦး တို့၏ အမည်နာမများကို ကျန်ရစ်သူမိသားစုများနှင့် ဆွေမျိုးသားချင်းများက ဖြည်းညင်းစွာ ရွတ်ဆိုသည့်ပွဲကို ကျင်းပမည်ဖြစ်ပြီး ခရစ်ယာန်ဘုရားကျောင်းများတွင် အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲများကို ကျင်းပမည်ဖြစ်သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ်လေးစင်းကို ပြန်ပေးဆွဲကာ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာန၊ ဝါရှင်တန်မြို့တော်အနီးရှိ ပင်တဂွန်စစ်ဌာနချုပ်နှင့် ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ ဆင်ခြေဖုံးဒေသတို့တွင် တမင်ပျက်ကျစေကာ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင် ၃၄၀ ကျော်နှင့် ရဲတပ်ဖွဲ့ဝင် ၆၀ တို့မှာလည်း အသက်ပေးလှူခဲ့ကြရသည်။ ၁၉၄၁ ခုနှစ်တွင် ပုလဲဆိပ်ကမ်း ဗုံးကြဲတိုက်ခိုက်ခံရသည့်ဖြစ်ရပ်နောက်ပိုင်း အမေရိကန်မြေပေါ်တွင် ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုများအနက် အဆိုးရွားဆုံးသော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုသည် မိမိတို့နိုင်ငံသမိုင်းတွင် အမှောင်ဆုံးနေ့ရက်တစ်ရက်ဟု ဆိုနိုင်ကြောင်း သမ္မတအိုဘားမားက ပြောကြားခဲ့သည်။

**ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

***ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရမ့်ကြား ပထမဦးဆုံးစကားစစ်ထိုးပွဲမဟုတ်ပေမယ့် စကားယှဉ်ပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့ပါတယ်။ ကျင်းပခဲ့တဲ့နေရာက နယူးယောက်မြို့က သတ္တိပြောင်မြောက်သောပင်လယ်၊ လေကြောင်း၊ အာကာသပြတိုက် (Intrepid Sea, Air & Space Museum) မှာပါ။ ဒီပြတိုက်မှာ လေယာဉ်တင်သင်္ဘော (USS Intrepid) နဲ့ အာကာသလွန်းပြန်ယာဉ်အပါအဝင် ရေငုပ်သင်္ဘောတွေ၊ လေယာဉ်ပျံတွေရှိပါတယ်။ စကားယှဉ်ပြိုင်ပွဲကို ကမကထလုပ်ကျင်းပခဲ့တဲ့အဖွဲ့အစည်းက အီရတ်၊ အာဖဂန်နစ္စတန် အမေရိကန်စစ်ပြန်များအဖွဲ့ (Iraq and Afghanistan Vetarans of America-IAVA) ပါ။ ဒီအဖွဲ့က စစ်ပြန်ဟောင်းများရေးရာကိစ္စရပ်တွေမှာ ဩဇာကြီးတဲ့အဖွဲ့အစည်းတစ်ခုပါ။***

အခမ်းအနားတင်ဆက်မေးမြန်းသူအဖြစ် ဆောင်ရွက်ခဲ့တဲ့ပုဂ္ဂိုလ်ကတော့ အမရိကန်ရုပ်သံတင်ဆက်သူ မက်(ထ)လော်ရာ (Matt Lawer) ပါ။ ဒီစကားဝိုင်းကို ကာကွယ်ရေးဦးစီးချုပ်စကားဝိုင်းလို့ အမည်ပေးပါတယ်။ အမေရိကန်နိုင်ငံရဲ့သမ္မတဟာ အမေရိကန်တပ်မတော်ရဲ့ ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်တာမို့လို့ ကာကွယ်ရေးဦးစီးချုပ်သာဆိုရင် ဘယ်လိုဆုံးဖြတ်ချက်တွေချမလဲဆိုတာကို ဦးတည်မေးမြန်းထားတာပါ။ ယှဉ်ပြိုင်ဘက်ကို ထိုးနှက်တိုက်ခိုက်တာထက် မူဝါဒရေးရာဆုံးဖြတ်ချက်တွေ ဘယ်လိုချမလဲဆိုတာကို အဓိကဦးတည်မေးမြန်းထားပါတယ်။ တက်ရောက်တဲ့ပရိသတ်ကလည်း စစ်မှုထမ်းဟောင်းတွေနဲ့ လက်ရှိတာဝန်ထမ်းဆောင်ဆဲ အမေရိကန်တပ်မတော်သားတွေပါ။

ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရမ့်တို့ကို သီးသန့်တစ်ယောက်တစ်လှည့်စီ မေးမြန်းခဲ့တာပါ။ မက်(ထ)လော်ရာက ဟီလာရီကလင်တန်ကို အရင်တင်ဆက်မေးမြန်းပြီးမှ ဒေါ်နယ်ထရမ့်ကို တင်ဆက်မေးမြန်းခဲ့တာပါ။ မက်(ထ) လော်ရာက ဟီလာရီကို စမေးတာက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ အရေးအကြီးဆုံးအရည်အချင်းက ဘာလဲဆိုတာပါ။ ဟီလာရီက အခြေခံမူတွေအပေါ် မြဲမြဲမြံမြံ တည်တည်ငြိမ်ငြိမ်ရှိပြီး ခက်ခဲတဲ့ဆုံးဖြတ်ချက်တွေချရာမှာ ရဲရဲရင့်ရင့်ရှိရမယ်ဆိုတဲ့သဘောမျိုး ရှင်းသွားပါတယ်။ ကာကွယ်ရေးဦးစီးချုပ်ဟာ တင်ပြချက်ကိုနားထောင်ရမယ်၊ သုံးသပ်ရမယ်၊ ခက်ခက်ခဲခဲရွေးချယ်ရမယ့် ဆုံးဖြတ်ချက်တွေထဲက အသင့်တော်ဆုံး ဆုံးဖြတ်ချက်ကို ရွေးချယ်နိုင်ရမယ်ဆိုပြီး လုပ်ငန်းစဉ်ကို ရှင်းသွားပါတယ်။ မက်(ထ)လော်ရာက “ဆင်ခြင်တုံတရားပေါ့” လို့ ထောက်မေး မေးတဲ့အခါ ဟီလာရီက “ဆင်ခြင်တုံတရားနဲ့ ပင်ကိုစရိုက်” ဆိုပြီး ဖြည့်ဖြေသွားပါတယ်။ ဟီလာရီက ဒေါ်နယ်ထရမ့်ရဲ့ပင်ကိုစရိုက်ဟာ သမ္မတတစ်ယောက်ဖြစ်ဖို့ မအပ်စပ်ဘူးဆိုတာမျိုး ဝေဖန်ပြောဆိုလေ့ရှိပါတယ်။ မက်(ထ) လော်ရာက ဟီလာရီကလင်တန်ကို ဖိမေးသွားတဲ့ကိစ္စကတော့ နိုင်ငံခြားရေးဝန်ကြီးဘဝမှာ ဟီလာရီက နိုင်ငံခြားရေးဝန်ကြီးဌာနပိုင်စနစ်ကနေတစ်ဆင့် အီးမေးလ်မပို့ဘဲ မိသားစုပိုင်စနစ် (server)ကတစ်ဆင့် အီးမေးလ်ပို့ခဲ့တဲ့ကိစ္စပါ။ ဒီကိစ္စက ဟီလာရီကလင်တန်အပေါ် နိုင်ငံရေးအရ အဓိကထိုးနှက်နေတဲ့ တိုက်ကွက်လည်းဖြစ်ပါတယ်။ ဟီလာရီကလင်တန်က မိသားစုပိုင်စနစ်ကတစ်ဆင့် သူပို့ခဲ့တဲ့အီးလ်မေးထဲမှာ “ထိပ်တန်းလျှို့ဝှက်”၊ “လျှို့ဝှက်” နဲ့ “ကန့်သတ်”ဆိုတဲ့ လုံခြုံရေးအဆင့်သတ်မှတ်ချက်ပါတဲ့ အချက်အလက်တွေမပါတာကို ထောက်ပြခဲ့ပါတယ်။ ဟီလာရီက သူ့မိသားစုပိုင်စနစ်ထဲ ထိုးဖောက်ဝင်ရောက်တာမျိုးမရှိတာကိုထောက်ပြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနပိုင်စနစ်နဲ့ အိမ်ဖြူတော်စနစ်တွေအထိ ထိုးဖောက်ဝင်ရောက်တာမျိုးရှိခဲ့တာကိုလည်း ထောက်ပြပါတယ်။ ဒါပေမယ့် ဟီလာရီကလင်တန်က မူအရ နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်အနေနဲ့ မိသားစုပိုင်စနစ်ကတစ်ဆင့် အီးမေးလ်ပို့ခဲ့တာက အမှားအယွင်းတစ်ခုဆိုတာကိုဝန်ခံခဲ့ပြီး နောက်နောင် မပြုလုပ်ပါဘူးဆိုတဲ့ ကတိကိုလည်း ပေးသွားပါတယ်။

ပရိသတ်ထဲကတစ်ယောက်ဖြစ်တဲ့ ဗိုလ်ကြီး ဂျွန်လက်စတာ (Jon Lester) က “ကျွန်တော်တပ်ထဲရှိတုန်းက ကျွန်တော်တို့ရဲ့စစ်ရေးစွမ်းဆောင်ချက်တွေကို ထိခိုက်သွားစေနိုင်တဲ့ ဌာနတွင်းအရေးကြီးအချက်အလက်တွေကို ကိုင်တွယ်ရပါတယ်။ ဒီအရေးကြီးအချက်အလက်တွေကို ကိုင်တွယ်ရာမှာ ကျွန်တော်က ဌာနတွင်း စည်းကမ်းသတ်မှတ်ချက်အတိုင်း မသုံးခဲ့ရင် ထောင်ကျမှာပါ။ ကျွန်တော်တို့လိုပုဂ္ဂိုလ်တွေက ဟီလာရီကလင်တန်ကို သမ္မတတစ်ယောက်အနေနဲ့ ဘယ်လိုယုံကြည်ရမလဲ”ဆိုပြီး မေးခွန်းထုတ်ပါတယ်။ ဟီလာရီကလင်တန်က မိသားစုပိုင်စနစ်ကတစ်ဆင့် ပေးပို့လက်ခံခဲ့တဲ့အီးမေးလ်တွေထဲမှာ လုံခြုံရေးအဆင့်သတ်မှတ်ချက်ရှိတဲ့ အချက်အလက်တွေမပါဝင်တာကို ထပ်ထောက်ပြခဲ့သလို “ကျွန်မပြည်ပနိုင်ငံတွေကိုသွားတဲ့အခါ ရွက်ဖျင်တဲယူသွားလေ့ရှိတာကို ရှင်တွေ့မှာပါ။ ဘာလို့လဲဆိုတော့ ခိုးတပ်ထားတဲ့ကင်မရာနဲ့ ကျွန်မ ဘာကြည့်နေတာလဲဆိုတာ သိသွားနိုင်တာမျိုး ကျွန်မလုံးဝအဖြစ်မခံနိုင်လို့ပါ”ဆိုပြီး တိုင်းပြည်ရဲ့လုံခြုံရေးနဲ့ပတ်သက်ပြီး သူဘယ်လိုဂရုစိုက်သလဲဆိုတာကို ထင်ရှားအောင်ပြောဆိုတင်ပြသွားပါတယ်။ အစီအစဉ်မေးမြန်းသူ မက်(ထ) လော်ရာက အီရတ်စစ်ပွဲဆင်နွှဲဖို့ သူထောက်ခံမဲပေးခဲ့တာ မှားပါတယ်ဆိုတဲ့ ဟီလာရီရဲ့စကားကိုထောက်ပြီး “အီရတ်စစ်ပွဲမှာ အသက်ကိုရင်း တိုက်ပွဲဝင်ခဲ့ရတဲ့ တပ်မတော်သားတွေက သူတို့ရဲ့သမ္မတဖြစ်လာနိုင်တဲ့ ဒီလိုပုဂ္ဂိုလ်မျိုးအပေါ် ဘယ်လိုနားလည်ရမလဲ”လို့ မေးပါတယ်။ ဟီလာရီက နောက်တစ်ကြိမ် ဒီလိုအမှားမျိုး ထပ်မကျူးလွန်မိစေဖို့ မှားတာကိုဝန်ခံအသိအမှတ်ပြုဖို့လိုတယ်လို့ရှင်းသွားပါတယ်။ ဒီလိုရှင်းလင်းပြောရင်းနဲ့ ဟီလာရီကလင်တန်က စစ်မှုထမ်းဟောင်းတွေအတွက် သူဘယ်လိုလုပ်ဆောင်ပေးခဲ့တယ်ဆိုတာတွေကိုပါ ထည့်သွင်းရှင်းလင်းသွားပါတယ်။ သူ့အမှားသူ တာဝန်ယူတယ်ဆိုတာကို ဟီလာရီကလင်တန်က ထောက်ပြပြီး ဒေါ်နယ်ထရမ့်က အီရတ်စစ်ပွဲကို ထောက်ခံခဲ့ပေမယ့် အခုကျမှ မထောက်ခံခဲ့သလိုလိုလုပ်နေတာကိုပါ ဝေဖန်ထိုးနှက်သွားပါတယ်။

ပရိသတ်ထဲကတစ်ဦးဖြစ်တဲ့ လေတပ်ထောက်လှမ်းရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ၁၀ နှစ်လောက် တာဝန်ထမ်းဆောင်ခဲ့တဲ့ အမျိုးသမီးတစ်ဦးက “နိုင်ငံခြားရေးဝန်ကြီးကလင်တန်ရှင့် ရှင့်ရဲ့စစ်လိုလားတဲ့နိုင်ငံခြားရေးမူဝါဒ ဆက်ရှိနေဦးမလားဆိုတာကို သိပါရစေ။ တပ်မတော်သားတွေ အချည်းအနှီးအသက်ပေးဆပ်နေရမယ့်စစ်ပွဲတွေ ဘယ်လိုရပ်တန့်မလဲဆိုတဲ့ ရှင့်ရဲ့မူဝါဒကိုလည်း သိပါရစေ”လို့ မေးမြန်းခဲ့ပါတယ်။ ဟီလာရီကလင်တန်က “အင်အားသုံးဖြေရှင်းရတယ်ဆိုတာကို နောက်ဆုံးမဖြစ်မနေမှ ကျွန်မရွေးချယ်ပါတယ်။ အင်အားသုံးဖြေရှင်းမှုကို ကျွန်မအရင်ဆုံးဘယ်တော့မှမစဉ်းစားဘူးဆိုတာကို ရှင်းရှင်းလင်းလင်းပြောချင်ပါတယ်” လို့ အစချီပြီး ကဒါဖီက လစ်ဗျားပြည်သူတွေကို အစုအပြုံလိုက်သတ်ဖြတ်ဖို့ ခြိမ်းခြောက်လာတဲ့အခါ ကျွန်မက နေတိုး (NATO)ပါဝင်တဲ့၊ အာရပ်အဖွဲ့ချုပ်လည်းပါဝင်တဲ့မဟာမိတ်အဖွဲ့ကို စုစည်းပြီး စစ်ရေးအရ အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့က လစ်ဗျားပြည်သူတွေရဲ့ အသက်တွေကို ကယ်တင်နိုင်ခဲ့ပါတယ်။ ဒီစစ်ဆင်ရေးမှာ ကျွန်မတို့ဟာ အမေရိကန် စစ်သားတစ်ယောက်မှ မဆုံးရှုံးခဲ့ပါဘူး။ ဒီစစ်ဆင်ရေး ဆင်နွှဲခဲ့တာဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်လို့ ကျွန်မယူဆပါတယ်” လို့ရှင်းလင်းခဲ့ပါတယ်။ လစ်ဗျားနိုင်ငံပြည်တွင်းစစ်ဟာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှာ စတင်ခဲ့ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှာ အဆုံးသတ်ခဲ့ပါတယ်။ လစ်ဗျားပြည်တွင်းစစ်အရှိန်အဟုန်ပြင်းထန်နေချိန်မှာ ဟီလာရီကလင်တန်ပြောတဲ့ လစ်ဗျားစစ်ဆင်ရေး (Operation Odyssey Dawn)ကို ၂၀၁၁ ခုနှစ် မတ် ၁၉ ရက်မှာ ဆင်နွှဲခဲ့ပြီး အာဏာရှင်ကဒါဖီသေဆုံးခဲ့တဲ့ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၀ ရက်နောက်ပိုင်းမှာ ရပ်တန့်ခဲ့ပါတယ်။ ကာကွယ်ရေးဦးစီးချုပ်စကားဝိုင်းမှာ တင်ဆက်မေးမြန်းသူ မက်(ထ)လော်ရာဟာ ဟီလာရီကလင်တန်လက်ထက်မှာ စတင်ခဲ့ပြီး ဂျွန်ကယ်ရီလက်ထက်မှာ လက်မှတ်ထိုးခဲ့တဲ့ အီရန်သဘောတူညီချက်နဲ့ပတ်သက်ပြီး အဲဒီအချိန်က ဟီလာရီကလင်တန်ရဲ့ အီရန်နိုင်ငံက လှည့်ဖြားမလားဆိုတဲ့ စိုးရိမ်မှုကို ပြန်ကောက်ပြီး “အီရန်နိုင်ငံက လှည့်ဖြားခဲ့ရင်လှည့်ဖြားနေမှန်းသိသိနဲ့ ဆွေးနွေးပွဲစကားဝိုင်းမှာ ဆက်ထိုင်ဦးမှာလား”။ ဒါဆိုရင် အီရန်နိုင်ငံက နျူကလီးယားလက်နက်ပိုင်ဆိုင်ရမယ်ဆိုတဲ့ သူ့ရည်မှန်းချက်နဲ့ ပိုနီးမသွားဘူးလား”လို့ ဟီလာရီကလင်တန်ကို မေးမြန်းခဲ့ပါတယ်။ ဟီလာရီကလင်တန်က အဲဒီအချိန်က အီရန်နိုင်ငံအနေနဲ့ နျူကလီးယားလက်နက်ထုတ်လုပ်နိုင်ဖို့ အားသွန်ဆောင်ရွက်နေတာကို ပြန်ရှင်းပြပြီး “အဲဒီအချိန်က ကျွန်မတို့ရဲ့ဆုံးဖြတ်ချက်က ဘာလဲ။ ကျွန်မတို့ရဲ့ဆုံးဖြတ်ချက်က တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာပူးပေါင်းပါဝင်တဲ့ မဟာမိတ်အဖွဲ့ ဖွဲ့စည်းဖို့ပါ။ ဒီနိုင်ငံတကာမဟာမိတ်အဖွဲ့က ကျွန်မတို့တစ်နိုင်ငံတည်း မစွမ်းဆောင်နိုင်တဲ့ ဖိအားမျိုးဖန်တီးပေးနိုင်တဲ့ စီးပွားရေးပိတ်ဆို့မှုကို ချမှတ်နိုင်ခဲ့ပါတယ်။ ကျွန်မတို့ အီရန်နိုင်ငံကို ဆွေးနွေးပွဲစားပွဲပေါ် ရောက်အောင်ခေါ်နိုင်ခဲ့ပါတယ်။ ကျွန်မနုတ်ထွက်ပြီးနောက်ပိုင်းမှာ အီရန်နိုင်ငံနဲ့ သဘောတူညီချက်ရခဲ့ပါတယ်။ ဒီသဘောတူညီချက်က အီရန်နိုင်ငံအနေနဲ့ နျူကလီးယားလက်နက်စီမံကိန်းတွေ ဆက်မလုပ်နိုင်အောင် ဟန့်တားနိုင်ခဲ့ပါတယ်။ လိုအပ်သလို စုံစမ်းစစ်ဆေးနိုင်တဲ့ အစီအစဉ်တွေကိုလည်း ချမှတ်နိုင်ခဲ့ပါတယ်”လို့ တင်ပြခဲ့ပါတယ်။

အာနီရန်း (Ernie Young)ဆိုတဲ့ ဗိုလ်ကြီးဟောင်းက “ဝန်ကြီးကလင်တန်အနေနဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကို ဘယ်အချိန်၊ ဘယ်နေရာမှာ စစ်ဆင်ရေးတာဝန်ပေးအပ်မလဲဆိုတာကို ဘယ်လိုဆုံးဖြတ်မလဲ။ အထူးသဖြင့် အိုင်းဆက် (ISIS) အဖွဲ့နဲ့ ရင်ဆိုင်ရာမှာပေါ့”လို့ မေးမြန်းတဲ့အခါ ဟီလာရီကလင်တန်က “ကျွန်မတို့ အိုင်းဆက် (ISIS) ကို အပြတ်ရှင်းဖို့လိုပါတယ်။ ဒါဟာ အစွန်းရောက်အကြမ်းဖက်မှုဆန့်ကျင်ရေးမှာ ကျွန်မရဲ့အမြင့်မားဆုံး ရည်မှန်းချက်ပါ။ ဒါကို ကျွန်မတို့လေကြောင်းအင်အားပံ့ပိုးမှုနဲ့ ဆောင်ရွက်ဖို့လိုပါတယ်။ ကျွန်မတို့ အာရပ်တွေနဲ့ ကာ့ဒ်တွေကို ကူညီထောက်ပံ့မှုတွေ ပိုပေးဖို့လိုပါတယ်။ လက်တွေ့စစ်မြေပြင်မှာ အိုင်းဆက် (ISIS)တွေနဲ့ ရင်ဆိုင်တိုက်ပွဲဝင်နေတာ သူတို့ပါ။ အီရတ်တပ်မတော်ကို ပံ့ပိုးကူညီမှုတွေ အဆက်မပြတ်လုပ်ပြီး အိုင်းဆက်(ISIS)တွေကို တိုက်ထုတ်ရပါမယ်။ ဒီအင်အားစုတွေဟာ ရာမာဒီ (Ramadi)ကို ပြန်သိမ်းပိုက်ပြီးပါပြီ။ ဖာလူဂျာ (Fallujah)ကို ပြန်သိမ်းပြီးသွားပြီ။ သူတို့က ဒီမြို့တွေကို ဆက်ထိန်းထားနိုင်ဖို့လိုပါတယ်။ သူတို့ အခု မိုဆူးလ် (Mosul)ကို ပြန်သိမ်းနိုင်ဖို့ ထိုးစစ်ဆင်နွှဲနေပါပြီ။ သူတို့လိုအပ်နေတဲ့ ကူညီပံ့ပိုးမှုတွေ လက်တွေ့ရအောင် ကျွန်မတို့ဆောင်ရွက်ဖို့လိုပါတယ်”ဆိုပြီး ရှင်းပြခဲ့ပါတယ်။ တစ်ဆက်တည်းပဲ သူ့အနေနဲ့ စစ်ရေးအင်အားကို လိုအပ်မှသုံးတယ်ဆိုတဲ့သဘောထားရှိတာကို ပေါ်လွင်စေဖို့ “ရှင်တို့မှတ်မိမှာပါ။ ကျွန်မ နိုင်ငံခြားရေးဝန်ကြီးတာဝန်စယူစဉ်တုန်းက အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေမှာ အမေရိကန်တပ်ဖွဲ့တွေ နှစ်သိန်းနီးပါး ဖြန့်ချထားတာပါ။ အခု ဒီတပ်ဖွဲ့ဝင်အများစုကို အိမ်ပြန်ပို့ပေးပြီးပြီမို့လို့ ကျွန်မစိတ်ချမ်းမြေ့ရပါတယ်။ အခု အာဖဂန်နစ္စတန်နိုင်ငံမှာပဲ ကျွန်မတို့တပ်ဖွဲ့တွေ မဆိုစလောက် ကျန်တော့တာပါ။ ထောင်သောင်းချီတဲ့ အီရတ်တပ်မတော်ကို ကျွန်မတို့ ထူထောင်ပေးခဲ့ပြီးပါပြီ။ အိုင်းဆက်(ISIS)တွေကို ချေမှုန်းရာမှာ ဒီအီရတ်တပ်မတော်က ကျွန်မတို့ကို ကူညီပံ့ပိုးဆောင်ရွက်ပေးနေတာပါ”ဆိုပြီး သက်သေပြပြောဆိုခဲ့ပါတယ်။ ခြုံပြောရရင်တော့ ကာကွယ်ရေးဦးစီးချုပ်စကားဝိုင်းမှာ ဟီလာရီကလင်တန်ရဲ့ ရှင်းလင်းတင်ပြချက်တွေဟာ သမ္မတတစ်ယောက်ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေရှိတယ်ဆိုတာက ပေါ်လွင်နေတယ်လို့ဆိုချင်ပါတယ်။ ။



**ဟီလာရီကလင်တန်က “အင်အားသုံးဖြေရှင်းရတယ်ဆိုတာကို နောက်ဆုံးမဖြစ်မနေမှ ကျွန်မရွေးချယ်ပါတယ်။ အင်အားသုံးဖြေရှင်းမှုကို ကျွန်မအရင်ဆုံးဘယ်တော့မှမစဉ်းစားဘူးဆိုတာကို ရှင်းရှင်းလင်းလင်းပြောချင်ပါတယ်”လို့ အစချီပြီး...**

# မူးယစ်ဆေးဝါးအန္တရာယ် သတိပြုဖွယ်

**စိန်ကြည်**

ရေဘေး . . . မီးဘေး . . . လေဘေး . . . စသော သဘာဝဘေးဒဏ်များ ကျရောက်သောဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်သူ၊ အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရတို့သည် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် သဘာဝဘေးဒဏ်ကျသောဒေသများသည် အချိန်ကာလတစ်ခုအတွင်း မူလအနေအထားသို့ရောက်အောင် ပြန်လည်တည်ဆောက်နိုင်ပေသည်။ သဘာဝဘေးဒဏ်များထက် ကြောက်စရာကောင်းပြီး တစ်မျိုးသားလုံး လူညွန့်တုံးစေသော မူးယစ်ဆေးဝါး အန္တရာယ်သည်ကား ဒေသတစ်ခုတည်းမဟုတ်ဘဲ ဒေသအနှံ့ ပျံ့နှံ့ကူးစက်လျက်ရှိရာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

**သဘာဝဘေးထက် သာလွန်**

သဘာဝဘေးဒဏ်သည် နေရာဒေသ၊ အချိန်အပိုင်းအခြားရှိပြီး မျက်မြင်ပျက်စီးဆုံးရှုံးမှုများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးများကို



စိတ်ကြွရူးသွပ်ဆေးပြားများ။

အချိန်ကာလတစ်ခုအတွင်း ဆောင်ရွက်နိုင်ပါသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် နေရာဒေသအပိုင်းအခြားမရှိ၊ အချိန်ကာလသတ်မှတ်ချက် မရှိသောဘေးအန္တရာယ်ဖြစ်ပါသည်။ ဆေးသုံးစွဲသူတစ်ယောက်အတွက် မိသားစုတစ်ခုလုံး စိတ်ဆင်းရဲဒုက္ခ၊ စီးပွားပျက်မှု ဒုက္ခခံရခြင်း၊ ဆေးသုံးစွဲသူများလာသည်နှင့်အမျှ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးများပါ ထိခိုက်မှုရှိလာပြီး နိုင်ငံတော်အဆင့်အထိ ဘေးအန္တရာယ် ပေးနိုင်သောအဆင့်သို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ လူအချင်းချင်းကူးစက်လွယ်သော ကူးစက်မှုမြန်သော ဘေးအန္တရာယ်ဆိုးပင် ဖြစ်ပါသည်။ ကိုလံဘီယာ၊ မက္ကဆီကို ၊ ဖိလစ်ပိုင်စသည့် မူးယစ်ဆေးဝါးအန္တရာယ်တွင် ကျနေသောနိုင်ငံများတွင် တရားဥပဒေစိုးမိုးမှု မရှိတော့ဘဲ ပြည်သူလူထု ဘဝလုံခြုံမှုမရှိတော့သည့် အနေအထားသို့ ရောက်ရှိနေပေသည်။

**မြန်မာနိုင်ငံနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု**

၁၉၉၀ ခုနှစ် ကာလအထိ မူးယစ်ဆေးဝါးအနေဖြင့် ဘိန်းဖြူ ဘိန်းစိမ်းတို့သာရှိပြီး ဘိန်းစိုက်ပျိုးသော ဒေသများ၊ နယ်စပ်ဒေသမြို့များ၊ ဖားကန့်၊ မိုးကောင်းကဲ့သို့ ကျောက်တွင်းလုပ်ငန်းဒေသများ၊ ရွှေမှော်ဒေသများတွင်သာ အသုံးများခဲ့ကြပြီး ကျန်မြို့များတွင် သုံးစွဲသူနည်းပါးသည်။ ယနေ့အချိန်တွင် ဘိန်းဖြူ ဘိန်းစိမ်းအပြင် အမ်ဖက်တမင်၊ ရာဘ၊ WY စသည့် စိတ်ကြွရူးသွပ်ဆေးပြားများ ပေါ်ပေါက်လာပြီးနောက် တောရော မြို့ပါမကျန် ပျံ့နှံ့ရောက်ရှိကာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မူးယစ်ဆေးဝါး သုံးစွဲတတ်လာကြပြီဖြစ်ပါသည်။ သတင်းစာများတွင် မှုခင်းသတင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုသည် ပြည်တွင်းနေရာဒေသအနှံ့ ဖမ်းဆီးရရှိမှုများ၊ နည်းလမ်းပေါင်းစုံဖြင့် သယ်ယူနေမှုများကို ဖတ်ရှုရပါသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပမာဏများပြားလာခြင်းကိုထောက်ရှုပါက ဖြန့်ဖြူးရောင်းချမှုသည် ကျယ်ပြန့်နေကြောင်း သုံးသပ်နိုင်ပါသည်။ ဖမ်းမိသောအရေအတွက်သည် စျေးကွက်တွင် ရောင်းချနေသောအရေအတွက်၏ ရာနှုန်းအနည်းငယ်သာ ရှိနိုင်ပါသည်။ အချို့မြို့ငယ်များတွင် မူးယစ်ဆေးဝါးရောင်းချသူ၊ သုံးစွဲနေသူများသည် စျေးတန်းတစ်ခုသဖွယ်ဖြစ်နေကြောင်း မြို့ခံပြည်သူများ၏ ဖေ့စ်ဘွတ်ပေါ်တွင် ဖော်ပြမှုများလည်း ရှိနေပါသည်။ မူးယစ်ဆေးဝါးကြောင့် ကျောင်းပြီးအောင် မတက်နိုင်ဘဲ ဘဝဆုံးရှုံးသော ကျောင်းသားလူငယ်များလည်း တွေ့နေရသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် လူမျိုးရေးအညွန့်တုံးအောင် ဆောင်ရွက်ခြင်းဖြစ်ရာ ဗြိတိသျှ၏ တရုတ်ပြည် ဘိန်းစစ်ဆင်ရေးစစ်ပွဲကဲ့သို့ မဖြစ်ရန်လည်း သတိထားရမည် ဖြစ်ပါသည်။

**လူငယ်နှင့်မူးယစ်ဆေး**

ယနေ့ မူးယစ်ဆေးဝါးသုံးစွဲမှု အများဆုံးသည် လူငယ်အများစုဖြစ်ကြောင်း တွေ့ရသည်။ လူငယ်၏သဘာဝအရ အပေါင်းအသင်း၊ အစုအဖွဲ့ဖြင့် ဆောင်ရွက်တတ်ခြင်း၊ အတုမြင်အတတ်သင်ခြင်း၊ စူးစမ်းလိုစိတ်ရှိခြင်း၊ အသိပညာအတွေ့အကြုံရင့်ကျက်မှု မရှိသေးခြင်းတို့ကြောင့် မူးယစ်ဆေးဝါးရောင်းချသူများ၏ စျေးကွက်သားကောင်များ ဖြစ်ကြရသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် ငွေကြေးလိုအပ်မှု၊ စိတ်ခံစားရေးရာ ချို့ယွင်းမှုများဖြစ်ပေါ်ကာ ခိုးမှု၊ လုယက်မှုများသည် လူငယ်ပိုင်းများဖြစ်နေကြောင်း သတင်းစာများ၊ ဂျာနယ်များ၊ မီဒီယာများတွင် တွေ့မြင်နေရပါသည်။ ဆေးကြောင်ကြောင်ကာ မိဘ၊ မောင်နှမဆွေမျိုးသားချင်း စိတ်များပျောက်ကာ မလုပ်သင့်သော အမှုကိစ္စများလည်း ဖြစ်ပွားလျက်ရှိပေသည်။ အသိတရားပျောက်ဆုံးပြီး မိဘကို ပြန်လည်သတ်သည့် ခေတ်သစ်အဇာတသတ်များကိုလည်း ကြားသိနေရပါသည်။ "အစကတော့ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး သုံးစွဲခဲ့တာ၊ နောက်တော့ မပျော်နိုင်တော့ဘူး။ ဆေးထမှာကိုလန့်နေမိတယ်"ဟု ကုသမှုခံယူနေသော ကျောင်းသားလူငယ်တစ်ဦး၏နောင်တရသံ။ "လူငယ်လူရွယ်တွေ မူးယစ်သားကောင် ဖြစ်နေပြီ။ ငါတို့ ညီအစ်ကိုတွေ သေနေကြပြီ။ စိတ်အတိ ဒုက္ခရောက်နေကြပြီ။ လုပ်ပေးကြပါဦး"ဟု လူငယ်တစ်ဦး၏ ရင်ဖွင့်သံများသည် မူးယစ်ဆေးဝါးဆိုင်ရာ အရေးယူဆောင်ရွက်မှုများနှင့်အတူ လူငယ်တွေ၏ အကျင့်စာရိတ္တပိုင်း အနေဖြင့် ပြုစုပျိုးထောင်ရန် လိုအပ်နေကြောင်း တွေ့မြင်နေရပေသည်။

**အကျင့်စာရိတ္တ ပြုစုပျိုးထောင်ရန်**

မိမိမိသားစု ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်ရန် အကျင့်စာရိတ္တကောင်းမွန်ရေးသည် အခြေခံလိုအပ်ချက်ပင်ဖြစ်ပါသည်။ လွန်ခဲ့သော နှစ် ၅၀ ကျော်က အခြေခံပညာသင်ကျောင်းများတွင် "ပြည်သူ့နီတိ ဘာသာရပ်"သည် လူငယ်များကို အကျင့်စာရိတ္တကောင်းမွန်သောသူတစ်ယောက်ဖြစ်ရန်အတွက် သင်ကြားမှုတစ်ရပ်ပင်ဖြစ်ပါသည်။ ယခင်က ဘုန်းတော်ကြီးကျောင်းများတွင် ကလေးဘဝကတည်းက ဘာသာတရားအဆုံးအမနှင့် ယဉ်ကျေးလိမ္မာမှုရှိအောင် သင်ယူခဲ့ကြရသည်။ ငါးပါးသီလတွင် ပါဝင်သော "သုရာမေရယ" မူးယစ်ဆေးဝါး ၊ သေရည်သေရက် သုံးစွဲခြင်းသည် မကောင်းမှုအဖြစ်သိရှိစေခြင်းဖြင့် ရှောင်ကြဉ်မှု အကျင့်ကောင်းများ ရရှိစေပါသည်။ လွန်ခဲ့သော ငါးနှစ်ကျော်ခန့်မှစ၍ ကလေးသူငယ်များ လိမ္မာယဉ်ကျေးမှုရှိစေရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းများကို ရပ်ကွက်၊ ကျေးရွာများအတွင်း ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ရာ မိဘများအနေဖြင့် မိမိကလေးသူငယ်များကို တက်ရောက်သင်ကြားပေးသင့်ပါသည်။ ငယ်စဉ် အခါတွင် လိမ္မာယဉ်ကျေးမှု အသိတရားထည့်ပေးနိုင်မှသာ အတုမြင် အတတ်သင်သော လူငယ်များကို ပတ်ဝန်းကျင်က အထိန်းအကွပ်မဲ့သော မကောင်းသည့် အကျင့်စရိုက်များကို အတုယူခြင်းမှ ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။ အကျင့်စာရိတ္တကောင်းပြီး ပညာတတ်သော လူငယ်များဖြစ်မှသာ တိုးတက်ကောင်းမွန်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

**အရေးယူခြင်း၊ ကုသခြင်း၊ ပညာပေးခြင်း**

မူးယစ်ဆေးဝါး ရောင်းချသူများကို တည်ဆဲဥပဒေနှင့် အရေးယူလျက်ရှိသော်လည်း လျော့နည်းသွားခြင်းမရှိဘဲ တိုးပွားလျက်ရှိကြောင်း တွေ့ရှိနေရပေသည်။ ရေရှည်တွင် အချုပ်ခန်းများ၊ အကျဉ်းထောင်များတွင် ထားရှိရန်နေရာ ခက်ခဲမှု၊ ရဲစခန်းများ၊ တရားရုံးများတွင် မှုခင်းများနှင့် မနိုင်မနင်းဆောင်ရွက်နေရမှု၊ မူးယစ်ဆေးဝါး ကုသရေးစခန်းများ၊ ဆေးရုံများမလုံလောက်မှု အနေအထားသို့ ရောက်ရှိလာမည် ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် လက်ရှိသမ္မတသစ် ဒူတာတေးတက်လာပြီးနောက် မူးယစ်ဆေးပြဿနာကို အလေးထားကိုင်တွယ်လျက်ရှိရာ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချမှုနှင့် ပတ်သက်သောသူများ စာရင်းထုတ်ပြန်ခြင်း၊ ပြစ်မှုရှိသူများ မိမိဆန္ဒအလျောက် လာရောက်အဖမ်း ခံစေခြင်း၊ အဖမ်းမခံပါက သေနတ်ဖြင့် ပစ်သတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးနှင့် ဆက်စပ်နေသောသူများ အချိန်လု၍ သတင်းပေး အဖမ်းခံလျက်ရှိကြောင်း သိရှိရပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများကိုလည်း လာရောက်သတင်းပို့စေရာ သုံးစွဲသူများသဖြင့် အဆောင်များပြည့်ကျပ်ကာ လူ ၂၀၀ တွင် အိမ်သာတစ်လုံးသာ အသုံးပြုနေရပါသည်။ မူးယစ်ဆေးဝါးဆိုင်ရာပညာပေးမှုများကို ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့နေရသည်။ ဤကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက် တိုးတက်မြင့်မားမှု မရှိစေရန်အတွက် ဥပဒေအရ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်ရမည့်အပြင် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးမှုကို ပြည်သူလူထုအတွင်း ထိရောက်အောင် ဆောင်ရွက်ခြင်း၊ လူငယ်လူရွယ်များကို အကျင့်စာရိတ္တကောင်းများရရှိအောင် ပြုစုပျိုးထောင်ခြင်းများဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်သင့်ပြီ**

သဘာဝဘေးဒဏ်ထက်သာလွန် ကြောက်စရာကောင်းသော မူးယစ်ဆေးဝါးမုန်တိုင်းသည် နိုင်ငံတိုင်းတွင် တိုက်ခတ်လျက်ရှိရာ အဝါရောင်အဆင့်ထက်ကျော်လွန်ပြီး လိမ္မော်ရောင်၊ အနီရောင်အဆင့်သို့ မရောက်ရန် တားဆီးရန် လိုအပ်ပေသည်။ အဝါရောင်မုန်တိုင်းအဆင့်မှ အဖြူရောင် အဆင့်သို့ ရောက်ရှိအောင်နှင့် မူးယစ်ဆေးဝါးကင်းစင်သည်အထိ ရောက်ရှိအောင် ပြည်သူ့ရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် ဆောင်ရွက်ပေးနိုင်ရန် ခက်ခဲမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူများသည် ပြည်သူအတွင်း စိမ့်ဝင်ထိစပ် လှုပ်ရှားနေသည်ဖြစ်ရာ ပြည်သူအားလုံးက အသိစိတ်ဖြင့် ပူးပေါင်းပါဝင် ဖော်ထုတ်ပေးရန် လိုအပ်သလို လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တမဏ္ဍိုင် ကောင်းမွန်ရေးအတွက် မိဘ၊ ဆရာနှင့် ပြည်သူများက ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ မိမိ မိသားစု၊ မိမိလမ်း၊ မိမိကျေးရွာ၊ ရပ်ကွက် မူးယစ်ဆေးဝါးကင်းစင်နယ်မြေ ဖြစ်ရမည်ဟူသော အသိစိတ်ဖြင့် တာဝန်ရှိသူအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ ပါတီအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များသည် ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စီမံချက်ချ ဆောင်ရွက်သွားသင့်ပြီ ဖြစ်ပါသည်။ ။



မြို့နယ်တစ်ခုတွင် မူးယစ်ဆေးဝါးရောင်းချသုံးစွဲနေသော နေရာတစ်ခု။



## မူးယစ်ဆေးဝါး အသိပညာပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသ

**ဟိုပင် စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် ဟိုပင်မြို့ ကြာကြီးကွင်းကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ အမက၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်းကာ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ဟိုပင်မြို့ ပြန်/ဆက်ဦးစီးမှူး ဒေါ်တိုးတိုးမေက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ အကြောင်းတို့ကို ပြောကြားကာ တိုင်းရင်းဆေးခန်းမှူး ဒေါ်ခင်ဝမ်းရီက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများ ပြောကြားသည်။

ဆက်လက်၍ ပြန်/ဆက်ဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြပြီး တိုင်းရင်းဆေးကုဌာနမှ လူနာ ၃၀ ကို အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြကြောင်း သိရသည်။

**ဟိုပင်(ပြန်/ဆက်)**

# ကလေးစာပေ အနာဂတ်လှပရေး

## ဆုဆက်ရည်ပိုး

"စာမတတ်သူသည် တံခါးပေါက်မပါသော အိမ်နှင့်တူ၏။ အပြင်သို့ ဘာမှမမြင်ရ။ စာတတ်ပြီး စာမဖတ်သူသည် တံခါးပေါက်ရှိပါလျက် မဖွင့်သော အိမ်နှင့်တူ၏။ အသိပညာ တံခါးပိတ်လျက်ရှိ၏။ စာဖတ်ခြင်းသည် လူတို့အတွက် ကျယ်ပြန့်သော ဗဟုသုတ၊ အကြားအမြင် ရစေ၏။ စဉ်းစားဆင်ခြင်နိုင်သော ဉာဏ်ပညာကိုလည်း ဖြစ်စေ၏" ဟု စာရေးဆရာလယ်တွင်းသားစောချစ်က ရေးသားခဲ့ဖူးပါသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုတဲ့ စကားအတိုင်း လူသားတို့အတွက် ဗဟုသုတများ၊ ဆုံးမသွန်သင်မှုများ တစုတစည်းတည်း ပေးနိုင်သောအရာသည် စာပေပင် ဖြစ်သည်။

သို့သော် ကျွန်မတို့နိုင်ငံတွင် ပြည်သူများသည် စာအုပ်စာပေကဲ့သို့သော မိတ်ဆွေစစ်ကြီးများနှင့် တဖြည်းဖြည်း အလှမ်းဝေးကွာလျက်ရှိသည်ကို ယခင်က ရန်ကုန်မြို့၏ စာအုပ်စျေးတန်းဟု ခေါ်ဆိုခဲ့သော ပန်းဆိုးတန်းနှင့် အနီးတစ်ဝိုက်တွင် စာအုပ်ဆိုင်ကြီး လေးဆိုင်သာ ကျန်ရှိတော့ခြင်းက သက်သေပြနေသည်။ ပြည်သူများနှင့် စာအုပ်များဝေးကွာလျက်ရှိသကဲ့သို့ ကလေးများနှင့် စာအုပ်များက သာ၍ ဝေးကွာလျက်ရှိသည်။

ယခင်က ကလေးများသည် အားလပ်ချိန်များကို လူကြီးမိဘများ၏ ဆိုဆုံးမစကားများ၊ အတွေ့အကြုံ ဇာတ်ကြောင်းများ၊ ပုံပြင်များကို နားထောင်ရင်း၊ ရွှေသွေး၊ မိုးသောက်ပန်းစသည့် ကလေးစာပေများကို ဖတ်ရှုရင်း သုံးစွဲခဲ့ကြသော်လည်း ကလေးများ၏ လက်ထဲတွင် ဟန်းဖုန်းများ၊ တက်ဘလက်များ၊ ကွန်ပျူတာများ အစားထိုးရောက်ရှိလာကာ အားလပ်ချိန်ကို ဂိမ်းကစားခြင်းဖြင့်သာ ကုန်လွန်စေတော့သည်။ ပြည်သူများအနေဖြင့် စားဝတ်နေရေး၊ ဘဝရပ်တည်ရေးနှင့် စာပေဆက်နွယ်မှုအပေါ် ယုံကြည်မှုနည်းလာခြင်းသည်လည်း စာပေနှင့် ပြည်သူအလှမ်းဝေးလာခြင်း၏ အဓိကအကြောင်းအရင်း တစ်ခုဖြစ်သည်။ လက်ရှိတွင် ပြည်သူအများစုသည် သတင်းစာ၊ ဂျာနယ်များကို သတင်းအချက်အလက် အလို့ငှာ ဝယ်ယူဖတ်ရှုကြသော်လည်း ရသစာပေကို အချိန်ပေးဖတ်ရှုမှုသည် တစ်နေ့ထက်တစ်နေ့ နည်းပါးလာနေသည်။ ရသစာပေဖတ်ရှုမှု အားနည်းခြင်းသည် လူတို့၏ စိတ်ကို ကြမ်းတမ်းစေလာနိုင်သည့် အကြောင်းအရင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကလေးတွင် စာဖတ်လိုစိတ်ရှိသော်လည်း ကျောင်းစာမဟုတ်သည့် စာအုပ်ကို ကလေးတစ်ဦး ကိုင်တွယ်ဖတ်ရှုနေပါက မဟုတ်သည့်စာကို ဖတ်နေသည်ဟု ကလေးအပေါ် ကောက်ချက်ချတတ်သည့် မိဘများကြောင့် ကလေးများအနေဖြင့် ပြင်ပစာပေဖတ်ရှုချင်စိတ်ကို ဟန့်တားခံလိုက်ရသကဲ့သို့ ဖြစ်သွားတတ်ကာ စာပေဖတ်ရှုရန် ဝန်လေးလာတတ်ကြသည်။ မျိုးဆက်သစ် ကလေးငယ်များ ယခုကဲ့သို့ စာအုပ်စာပေနှင့် အလှမ်းဝေးလာခြင်းသည် နိုင်ငံ၏ အနာဂတ်မှေးမှိန်လာခြင်းပင် ဖြစ်သည်။

ကလေးများ စာပေနှင့် နီးစပ်လာစေရန်အတွက် မိဘများတွင် အဓိကတာဝန်ရှိသကဲ့သို့ ကလေးများ စာဖတ်ချင်စိတ်ဖြစ်ပေါ်လာစေရန် လမ်းကြောင်းပေးမည့် ဆရာ ဆရာမ၊ ကောင်းမွန်သော ရုပ်ပတ်ဝန်းကျင်၊ အခြေခံအဆောက်အအုံများကို အစိုးရအနေဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

ကလေးများ စာဖတ်ချင်စိတ်ရှိလာစေရန်အတွက် စာအုပ်များချပေးရုံဖြင့် မလုံလောက်ဘဲ စာဖတ်ချင်စိတ်ကို မွေးမြူပေးရန် လိုအပ်ပေသည်။ ကလေးတိုင်း ပုံပြင်ကို သဘောကျနှစ်ခြိုက်ကြသည့်အတွက် ပထမဦးစွာ ကလေးများကို ပုံပြင်ပြောပြခြင်း၊ စာအုပ်ဖတ်ပြခြင်းတို့ ပြုလုပ်ပေးပြီး ကလေးများ၏ စာဖတ်ချင်စိတ်ကို နှိုးဆွပေးနိုင်ပါသည်။ ကြာလာသည့်အခါ ပုံပြင်ပြောပြမည့်သူကို မစောင့်ဘဲ စာအုပ်များကို ကိုယ်တိုင်ရှာဖွေဖတ်ရှုလာမည်ဟု ကလေးလူငယ်နှင့် ကျန်းမာရေးထောက်ပံ့မှု ဆောင်ရွက်နေသော သပြေကလေးလူငယ် ပညာရေးနှင့် ကျန်းမာရေး ထောက်ပံ့မှုအဖွဲ့မှ ဒါရိုက်တာ မောင်ဇော်က အကြံပြုပြောကြားသည်။

မိဘဆရာများအနေဖြင့် ကလေးများကို အကြောက်တရားဖြင့် မဟုတ်ဘဲ ကိုယ်တိုင်လိုလားစွာ စူးစမ်းလေ့လာလိုစိတ်ဖြင့် လေ့လာသင်ယူတတ်သည့်အလေ့အထများ မွေးမြူပေးရန် လိုအပ်ပေသည်။ သင်ယူမှုတစ်ခုတည်းမှ မဟုတ်ဘဲ စာပေမှတစ်ဆင့် စူးစမ်းလေ့လာမှုမှလည်း ဗဟုသုတတိုးပွားစေရန် ငယ်စဉ်ကပင် တစ်ဆင့်ချင်း ပျိုးထောင်ပေးရမည်ဖြစ်သည်။ ကလေးများ စာဖတ်ရှိန်မြင့်တက်လာစေရန်နှင့် စာဖတ်ချင်စိတ် စဉ်ဆက်မပြတ်ရှိနေစေရန် အတွက် ကလေးများကို စာအုပ်စာပေနှင့် နီးစပ်အောင် ရုပ်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးထားရမည်ဖြစ်သည်။ ကလေးများ ဝင်ထွက်သွားလာပြီး အလွယ်တကူရယူနိုင်သည့်နေရာများတွင် ကလေးစာကြည့်တိုက်များ၊ စာအုပ်စင်ငယ်များ စီစဉ်ပေးပြီး ကလေးစာပေများကို စုစည်းထားရှိပေးရန် လိုအပ်ပေသည်။

"ကလေးတွေ စာဖတ်ဖို့ဆိုရင် ကလေးစာပေဖတ်ဖို့ အခွင့်အရေးရှိဖို့က အရေးအကြီးဆုံးပါပဲ။ ကလေးတွေ ကလေးစာပေကို လွယ်လွယ်ကူကူ အခမဲ့ဖတ်ရှုနိုင်ဖို့ အခွင့်အရေးရှိဖို့လိုပါတယ်။ တတ်နိုင်တဲ့ မိဘတွေကတော့ ကလေးစာအုပ်တွေ ဝယ်ပေးနိုင်ပေမယ့် မိဘအများစု အတွက် ကိုယ်တိုင် ဝယ်ပေးဖို့ အကန့်အသတ်ရှိပါတယ်။ ဒါကြောင့် ကလေးစာအုပ်မျိုးစုံ လွယ်လွယ်ကူကူ အခမဲ့ ဖတ်နိုင်တဲ့ ကလေးစာကြည့်တိုက်နဲ့ ကျောင်းစာကြည့်တိုက် တွေဟာ အဓိကအားထားရာပါပဲ။ နိုင်ငံတကာမှာတော့ ကလေးစာကြည့်တိုက်တွေကို ပြည်သူ့စာကြည့်တိုက်နဲ့ တွဲပြီးတွေ့ရပါတယ်။ ကျွန်တော်တို့ဆီမှာတော့ ကလေးစာကြည့်တိုက်စစ်စစ်ဆိုတာ မရှိသေးဘူးလို့ ဆိုနိုင်ပါတယ်"ဟု စာရေးဆရာ မောင်ဇေယျာက ဆိုသည်။

ကလေးများ စာပေဖတ်ရှုချင်စိတ် အစဉ်အမြဲ ကိန်းအောင်းနေစေရေးအတွက် ခေတ်မီကလေးစာပေများများ ပေါ်ပေါက်လာရန် လိုအပ်ပေသည်။ စာဖတ်တတ်ခါစ ကလေးတစ်ဦးအနေဖြင့် ရသစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်များကို ကိုင်တွယ်ဖတ်ရှုနိုင်မည် မဟုတ်ပေ။ ကလေးများစိတ်ဝင်စားမည့် အကြောင်းအရာများကို ခေတ်မီရောင်စုံ ရုပ်ပုံများဖြင့် ပုံဖော်ရေးသားမှုမျိုး ပြုလုပ်ရန်လိုအပ်ပေသည်။ နိုင်ငံတကာတွင် ကလေးစာပေ ထုတ်ဝေရေးကို ထုတ်ဝေသူများက လွန်စွာအလေးထားကြသည်ဟု သိရသည်။

"နိုင်ငံတကာမှာက ထုတ်ဝေသူတွေကလည်း ကလေးစာပေကို အလွန်အလေးထားတယ်။ မိဘတွေကလည်း ကိုယ့်သားသမီးနဲ့ သင့်လျော်တဲ့စာပေကို ဝယ်ယူဖတ်ရှုစေတယ်။ ကျောင်းတွေမှာလည်း စာကြည့်တိုက်တွေက ကိုယ့်ကျောင်းက ကျောင်းသားတွေနဲ့ သင့်တော်တဲ့ စာအုပ်တွေကို ဝယ်ယူစုဆောင်းကြတယ်။ တခြားနိုင်ငံတွေမှာ မွေးခါစ ခြောက်လသားလောက်အတွက် ဖတ်ရှုသင့်တဲ့ စာအုပ်ပါ စီစဉ်ထုတ်ဝေကြတယ်"ဟု လက်ရှိတွင် ပြည်တွင်း၌ ကလေးစာပေထုတ်ဝေနေသော ဆုပြည့်စုံထွန်း စာပေမှ ဦးမြင့်ထွန်းက ဆိုသည်။

နိုင်ငံတကာတွင် ကလေးစာပေထုတ်ဝေရာ၌ တစ်နှစ်သားအရွယ်ခန့်အထိ ကလေးများအတွက် စာအုပ်များသည် ကတ်ထူစက္ကူချောကို စာမျက်နှာနှစ်ဖက်လုံး၌ ပလတ်စတစ်လောင်း၍ ကလေးများ မျက်စိတွင် သဘောကျမည့် အရောင်များဖြင့် လိပ်ပြာ၊ ဖားစသည့် အကောင်များကို ရေးဆွဲထားလေ့ရှိသည်။ စာအုပ်အရွယ်အစား၊ အရောင်စုံ၊ ပုံသဏ္ဌာန်၊ အကြောင်းအရာဆန်းသစ်မှုတို့သည် ကလေးများအတွက် စွဲမက်ဖွယ်ရာဖြစ်စေအောင် စီစဉ်ထားလေ့ရှိကြကြောင်း သိရသည်။ အသက်အရွယ် တစ်နှစ်ခွဲမှ နှစ်နှစ်ခွဲအထိ ကလေးများအတွက်မူ အကြောင်းအရာတစ်ခုကို မိဘက ပြောပြရန် မလိုအပ်ဘဲ ကလေးများသိရှိနိုင်သည့် စာမျက်နှာ ခြောက်မျက်နှာမှ ၁၀ မျက်နှာခန့်ပါ ရုပ်ပုံကားချပ်စာအုပ်များဖြင့် စီစဉ်ထုတ်ဝေလေ့ရှိသည်ဟု သိရသည်။

ယင်းထက် အသက်အရွယ်ကြီးရင့်လာပါက ကလေးစိတ်ပညာပါဝင်သော ပုံပြင်များကို အရုပ်များဖြင့် ပုံဖော်ကာ ကျန်းမာရေး၊ ပညာရေး၊ လူမှုဆက်ဆံရေး၊ ဘာသာရေးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ ကလေးများစိတ်တွင် စွဲမြဲမှတ်သားနိုင်စေရန် ရေးသားထုတ်ဝေလေ့ရှိကြကြောင်း သိရသည်။

အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ကလေးများ ရွေးချယ်ဖတ်ရှုနိုင်စေရန်အတွက် စုံထောက်၊ သည်းထိတ်ရင်ဖို၊ လျှို့ဝှက်ဆန်းကြယ်၊ အပျော်ဖတ်၊ စိတ်ကူးယဉ် စသည်ဖြင့် အမျိုးမျိုးခွဲခြားကာ နိုင်ငံတကာတွင် ကလေးစာပေများထုတ်ဝေလေ့ရှိသည်။ ဒစ်နေးစာအုပ်တိုက်ကဲ့သို့ စာအုပ်တိုက်ကြီးများအနေဖြင့် ကာတွန်းဇာတ်ကောင်များကို အဓိကထား၍ ဇာတ်လမ်းတွဲများ ရေးသားထုတ်ဝေရာ အောင်မြင်သော ကလေးစာပေများအဖြစ် နေရာယူထားနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ ကလေးစာပေအဖြစ် ဂျာနယ်၊ မဂ္ဂဇင်း ၁၀ စောင်ခန့်သာ လစဉ်ထွက်ရှိနေပြီး ကလေးစာပေ အရေအတွက်မှာ မြန်မာနိုင်ငံ၏ ကျောင်းသားဦးရေ ၁၀ သန်းခန့်နှင့်ယှဉ်လျှင် လွန်စွာနည်းပါးနေသေးသည်ဟု ကလေးစာပေထုတ်ဝေသူများက ဆိုသည်။

"ကလေးစာပေ အခြေအနေကို လေ့လာရင် ထင်သာမြင်သာရှိတာတစ်ခုက ကလေးစာပေဖန်တီးသူ လူငယ်မျိုးဆက်ပြတ်သွားတာပဲ။ အဆင့်အတန်းရှိတဲ့ ကလေးစာပေ ပေါ်ထွန်းဖို့၊ အသစ်ပေါ်ပေါက်လာတဲ့ ခေတ်မီပညာရပ်နယ်ပယ်တွေနဲ့ မိတ်ဆက်ပေးနိုင်ဖို့ ကလေးစာပေသစ်တွေ ဖန်တီးဖို့ဆိုရင် လူငယ်မျိုးဆက်က အင်မတန်လိုအပ်နေပါတယ်"ဟု စာရေးဆရာ မောင်ဇေယျာက ၎င်း၏ အမြင်ကို ပြောသည်။

မြန်မာကလေးစာပေလောကတွင် ရင်ဆိုင်နေရသော အခက်အခဲမှာ ဇာတ်လမ်းဇာတ်ညွှန်းကောင်းကောင်း ရေးဖွဲ့နိုင်သူ ရှားပါးနေခြင်းဖြစ်သည်။ ကလေးစာပေရေးသားမှု တိုးတက်စေရေးအတွက် ကလေးစာပေရေးသားမှု သင်တန်းများ၊ ကလေးစာပေဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကလေးစာပေပွဲတော်များနှင့် ကလေးစာပေရေးသားဖန်တီးသူများနှင့် ကလေးများ တွေ့ဆုံနိုင်သည့် အခွင့်အရေးများကို အစိုးရတာဝန်ရှိသူများအနေဖြင့် ဖန်တီးပေးသင့်ပေသည်။

မြန်မာနိုင်ငံတွင် ကလေးစာပေဖွံ့ဖြိုးရေးအတွက် အခက်အခဲများစွာရှိနေသေးပေသည်။ ကလေးများ၏ လက်ထဲတွင် ကလေးစာပေစာအုပ်များ နေရာယူနိုင်ရေး အတွက် အစိုးရ၊ ထုတ်ဝေသူ၊ မိဘ၊ ဆရာများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်လည်း ကလေးများအကြား စာပေဖတ်ရှုမှု ခေလ့ ထွန်းကားလာစေရန် လှုံ့ဆော်မှုကမ်ပိန်းများ ပြုလုပ်ပေးရန် လိုအပ်ပေသည်။ အစိုးရ၊ မိဘ၊ ထုတ်ဝေသူ၊ ဖန်တီးသူ လေးဦးညီမှသာ ကလေးစာပေ အနာဂတ်လှနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

> **ကလေးများ စာပေနှင့် နီးစပ်လာစေရန်အတွက် မိဘများတွင် အဓိကတာဝန်ရှိသကဲ့သို့ ကလေးများ စာဖတ်ချင်စိတ်ဖြစ်ပေါ်လာစေရန် လမ်းကြောင်းပေးမည့် ဆရာ ဆရာမ၊ ကောင်းမွန်သော ရုပ်ပတ်ဝန်းကျင်၊ အခြေခံအဆောက်အအုံများကို အစိုးရအနေဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်...**

## သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ပုဂံ ဘုရား ပုထိုး စေတီများ ပြုပြင်ရန်နှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့် သာသနိကအဆောက်အအုံများ၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံဘုရားပုထိုးစေတီများ ပြုပြင်ရန်နှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဒေါ်ရွှေပု(ရွှေပြည်စိုးကိုယ်ပိုင်အထက်တန်းကျောင်း)က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရေဘေးသင့်သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ရန် ငွေကျပ်သိန်း ၁၀၀၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံဘုရားပုထိုးစေတီများ ပြုပြင်ရန် ငွေကျပ်သိန်း ၁၀၀၊ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် သိန်း ၈၀ နှင့် ချင်းပြည်နယ် မင်းတပ်မြို့ သာသနိကအဆောက်အအုံများ ပြုပြင်ရန် ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အောင်စကြာဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာစန္ဒသိရီက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပြည်ထောင်စုဝန်ကြီးများက တာဝန်ရှိသူများနှင့်အတူ အောင်စကြာပရမေတ္တာစက္ခုဒါန ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

## ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ရွှေကျင် စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထကကျောင်းတွင် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ကျောင်းအုပ်ဆရာကြီး ဦးကျော်မင်းက ကြီးကြပ်၍ အထက်တန်းအဆင့်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကုလသမဂ္ဂ၏အခန်းကဏ္ဍ၊ အလယ်တန်းအဆင့်အတွက် ကုလသမဂ္ဂနှင့်ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ မူလတန်းအဆင့်အတွက် ကျွန်ုပ်သာကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဖြစ်လျှင် စသည့်ခေါင်းစဉ်များဖြင့် ရွှေကျင်မြို့နယ်ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၁ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆန်းဒေးကာတွန်းကဏ္ဍသစ် ဖွင့်လှစ်လိုက်ပါပြီ

တွေ့ဆုံမေးမြန်း
ခင်မောင်ထွေး

ရန်ကုန် စက်တင်ဘာ ၁၁

**စူပါဆန်းဒေး၏ နံနက်တွင် ထုံးစံအတိုင်း ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့ကို ကောက်ကိုင်ရင်း စာမြည်းအဖြစ် သတင်းခေါင်းစဉ်များကို ဦးစွာဖတ်မိသည်။ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် လှပသေသပ်သော ဆေးရောင်စုံလက်ရာတို့ဖြင့် "ဆန်းဒေးကာတွန်း"ကဏ္ဍသစ်တစ်ခုကို ထူးခြားစွာတွေ့လိုက်ရသည်။ မှင်တက်ခြင်း၊ အံ့သြခြင်းတို့နှင့်အတူ ဝမ်းမြောက်ခြင်း၊ ဂုဏ်ယူခြင်းတို့ကို ဆင့်ပွားခံစားလိုက်ရသည်။**





ကာတွန်း မောင်မောင်အောင်



ကာတွန်း မောင်ရွှေဝင်း



ကာတွန်း ကိုရွှေထူး



ဦးရဲနိုင်(အထွေထွေမန်နေဂျာ)

တစ်ဆက်တည်းမှာပင် ပါလီမန်ဒီမိုကရေစီခေတ်က ဗမာ့ခေတ်သတင်းစာတွင် ကာတွန်းပညာရှင်ဆရာကြီး ဦးဖေသိန်း၏ နီတိရုပ်ပြောင်ကဏ္ဍ၊ ကြေးမုံသတင်းစာ၏ လခစား ကာတွန်းပညာရှင်ကြီးများဖြစ်ကြသည့် ဆရာကြီး ဦးဟိန်စွန်း၊ ဆရာကြီး ဦးဘထွေးတို့၏ လက်ရာများကိုလည်း ပြန်ပြောင်းလွမ်းမောမိ၏။

အထူးသဖြင့် လန်ဒန်ကြေးမုံမှ "ဂျိမ်း"အမည်ရှိ အပျိုပေါက်မကလေး၏ ရုပ်ပြောင် ဇာတ်လမ်းနည်းတူ တစ်ခေတ်တစ်ခါက ကြေးမုံသတင်းစာပါ ဆရာကြီး ဦးအောင်ရှိန်၏ နာမည်ကျော်လက်ရာ"ကြေးမုံခင်"ကာတွန်းကဏ္ဍကိုလည်း သတိတရဖြစ်ရသည်။ ထိုခေတ်ထိုအခါက ကြေးမုံသတင်းစာတွင် ခင်အမည်ရှိ အပျိုချောကလေးသည် ဆရာကြီး ဦးအောင်ရှိန်၏ အနုပညာစွမ်းပကားကြောင့် လူထုနှင့်နီးစပ်ကာ အမှန်တကယ်သက်ရှိကဲ့သို့ပင် အသက်ဝင်ခဲ့သည်။

ပစ္စုပ္ပန်တွင် နိုင်ငံပိုင်သတင်းစာများ၏ ပြုပြင်ပြောင်းလဲမှုနှင့်အတူ နိုင်ငံတကာသတင်းစာကြီးများတွင် ဖော်ပြလေ့ရှိသည့် "SUNDAY COMICS" နည်းတူ နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတွင် "ဆန်းဒေးကာတွန်း" ကဏ္ဍသစ်ကို ပြန်လည်ဖတ်ရှုခွင့်ရခဲ့ချေပြီ။

သို့နှင့် ဆန်းဒေးကာတွန်းကဏ္ဍ ဖြစ်မြောက်ရေးအတွက် ပံ့ပိုးစီစဉ်ဆောင်ရွက်ခဲ့ကြသည့် ကာတွန်းပညာရှင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ကာတွန်း မောင်မောင်အောင်**

**မေး။ ။ နိုင်ငံပိုင်သတင်းစာတွေမှာ "ဆန်းဒေးကာတွန်း"ကဏ္ဍသစ် တစ်ရပ်ကို ဖော်ပြထားတာတွေ့ရပါတယ်။ ဒီအပေါ် ဆရာရဲ့ သဘောထားအမြင်ကို ပြောပေးပါဦး။**

ဖြေ။ ။ ဆန်းဒေးကာတွန်းဆိုတာ နိုင်ငံတကာမှာလည်း SUNDAY COMICS ဆိုပြီးတော့ နိုင်ငံတိုင်းရဲ့ သတင်းစာတွေမှာ ပါပါတယ်။ကျွန်တော်တို့ဆီမှာ ဒီအလေ့အထတွေ မရှိသေးတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်သတင်းစာမှာ ကလေးတွေစာဖတ်ရှိန်မြှင့်ဖို့အတွက် ပြောတော့ ကျွန်တော်တို့အားတက်သရောပဲ ဒါမျိုးတွေ လုပ်ရင်ကောင်းမယ်ဆိုပြီး အကြံပြုပါတယ်။ သက်ဆိုင်ရာကလည်း အားတက်သရော ဆောင်ရွက်ကြတယ်။ ကလေးတွေ စာဖတ်ရှိန်မြှင့်ဖို့က အထိရောက်ဆုံးဖြစ်တဲ့အတွက် စိတ်ထဲမှာ ပီတိဖြစ်ပါတယ်။

**မေး။ ။ ဆန်းဒေးကာတွန်းကဏ္ဍဖြစ်ဖို့ ဘယ်လိုညှိနှိုင်းဆောင်ရွက်ခဲ့ပါသလဲ၊ အပတ်စဉ်လုပ်သွားဖို့ အစီအစဉ်ရှိပါသလား၊ ကာတွန်းပညာရှင်တွေဘက်ကရော ဘယ်လိုသဘောထားရှိပါသလဲ။**

ဖြေ။ ။ ဝန်ကြီးနဲ့ကျွန်တော်တို့ တွေ့ဆုံတဲ့အခါ စောစောကတည်းက ကျွန်တော့်စိတ်ကူးထဲမှာရှိနေတဲ့ SUNDAY COMICS လုပ်ချင်တဲ့အခါ အားလုံးပဲအတည်ပြုပြီးတော့ လုပ်ခွင့်ရပါတယ်။ အခုပြီးခဲ့တဲ့တနင်္ဂနွေကစပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။ ဌာနဆိုင်ရာဘက်ကလည်း အားလုံးကြည်ကြည်ဖြူဖြူရှိပါတယ်။ ဝိုင်းဝန်းပြီး ကူညီပေးကြပါတယ်။ ကာတွန်းလောကအတွက်လည်း ရေးစရာနေရာလေးတစ်ခု တိုးလာတာပေါ့။ ဉာဏ်ပူဇော်ခအနေနဲ့ကလည်း နှစ်ဖက်စလုံးအလုပ်လုပ်နိုင်တဲ့နှုန်းထားဖြစ်လို့ အဆင်ပြေပါတယ်။

**မေး။ ။ ဒီကဏ္ဍအတွက် ကာတွန်းတွေ ရေးဆွဲရာမှာ သီးခြားမူဝါဒတွေရော သတ်မှတ်ပေးထားပါသလား။**

ဖြေ။ ။ ဒီလိုပြောဆိုတာတော့ မရှိပါဘူး။ ကလေးတွေအတွက် အဓိကရည်ရွယ်ပြီးလုပ်တာပါ။ ကလေးဆိုတာ နုနယ်တော့ ကလေးအတွေးလေးတွေနဲ့ ကလေးအယူအဆနဲ့ ကလေးတွေကို ပညာပေးတာပါ။ အဓိကကတော့ ကလေးတွေအတွက် အဆိပ်အတောက် မဖြစ်မယ့်ဟာက အဓိကပေါ့။ ဒါတွေကလည်း ကျွန်တော်တို့နှစ်ပေါင်းများစွာရေးခဲ့တော့ ထွေထွေထူးထူးမရှိပါဘူး။ အဓိကကတော့ ကလေးတွေနဲ့လိုက်ဖက်မယ့် စိတ်ကူးစိတ်သန်းဖြစ်ဖို့လိုတာပါ။ ကလေးတွေနဲ့ မလိုက်ဖက်တဲ့တွေးခေါ်မှုတွေလည်း လုပ်လို့မရပါဘူး။ အခြားတစ်ကွက် ကာတွန်းတွေကတော့ စီးပွားရေး၊လူမှုရေး အကုန်ရေးခွင့်ရှိတာပေါ့။

**မေး။ ။ ယခင်ကလည်း ကြေးမုံမှာ ဆရာကြီးဦးအောင်ရှိန်ရဲ့ နာမည်ကျော် ကြေးမုံခင် ကဏ္ဍကလည်းရှိခဲ့တော့ လက်ရှိဆန်းဒေးကာတွန်းကဏ္ဍနဲ့ နှိုင်းယှဉ်သုံးသပ်ပေးပါဦးခင်ဗျာ။**

ဖြေ။ ။ တစ်ချိန်တုန်းက ဆရာဦးအောင်ရှိန်တို့က လူမှုရေးနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို ရေးတာပါ။ လူမှုရေးနယ်ပယ်မှာ ဖြစ်နေပျက်နေတာကို ရေးတာပါ။ လက်ရှိ ဆန်းဒေးကာတွန်းရဲ့ ရည်ရွယ်ချက်ကတော့ ကလေးတွေစာဖတ်ဖို့ အလေ့အကျင့်ပြန်လုပ်တဲ့ အခြေခံအကြောင်းလို့ ကျွန်တော်တို့ဒီလိုပဲခံယူပါတယ်။ ကလေးလေးတွေ စာဖတ်ရှိန်မြှင့်ဖို့အတွက် သတင်းစာကနေတစ်ဆင့် ကလေးတွေအတွက် ဖတ်စရာ၊ မှတ်စရာလေးတွေပါသွားရင် ပိုပြီးအကျိုးသက်ရောက်မှုရှိပါတယ်။

**မေး။ ။ နိုင်ငံပိုင်သတင်းစာတွေမှာ ဆန်းဒေးကာတွန်းကဏ္ဍ ပါဝင်လာတာတွေ့ရတော့ ဆရာ့အနေနဲ့ ဘယ်လိုခံစားမိပါသလဲ။**

ဖြေ။ ။ စိတ်ချမ်းသာတာပေါ့ဗျာ။ ကျွန်တော်က SUNDAY COMICS ဆိုတဲ့ နိုင်ငံတကာသတင်းစာတွေနဲ့ နှစ်အကြာကြီးနေခဲ့တာဆိုတော့ ဒါလေးကို စိတ်ကူးယဉ်နေတာ ကြာပါပြီ။ အခုလို ကျွန်တော်တို့ လုပ်ပိုင်ခွင့်လည်းရတယ်။ ပြည်ထောင်စုဝန်ကြီး ဘက်ကရော၊ ဌာနဆိုင်ရာဘက်ကရော၊ အဘက်ဘက်ကနေ လိုက်လိုက်လျောလျောလုပ်တဲ့အတွက် ကျွန်တော် ကျေနပ်ပီတိဖြစ်မိပါတယ်။

**မေး။ ။ လက်ရှိ နိုင်ငံပိုင်သတင်းစာတွေရဲ့ ပြုပြင်ပြောင်းလဲမှုအပေါ် မှာရော ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ။ လက်ရှိအနေအထားကတော့ ကောင်းပါတယ်။ သတင်းမီဒီယာဆိုတာ ပြည်သူနဲ့ထင်ဟပ်ရမယ့်ကိစ္စဖြစ်တော့ ပြည်သူကို ဗဟိုပြုတယ်ဆိုရင်တော့ အကောင်းဆုံး အခြေအနေတစ်ခုပါ။ အခုအနေအထားကတော့ ပြည်သူနဲ့ အတော်လေး ပတ်သက်မှုရှိတဲ့အတွက် ကောင်းပါတယ်။

**မေး။ ။ ဆရာ့အနေနဲ့ရော ဆန်းဒေးကာတွန်းအစီအစဉ်မှာ ဝင်ရောက်အားဖြည့်ရေးဆွဲဖို့ ရှိပါသလား။**

ဖြေ။ ။ ရှိပါတယ်။ အခုဟာက ပွဲဦးထွက်ဆိုတော့ အရင်ဆုံးအချိန်မီဖို့၊ လက်ရာကောင်းရဖို့ လုံးပန်းနေရလို့ပါ။ ကျွန်တော်က သတင်းစာနှစ်စောင်လုံးရဲ့ အဆင်အပြင်နဲ့ အရောင်ခြယ်တာတို့၊ ဒီဇိုင်းလုပ်တာတို့ကို လုပ်ရတာကိုး။ နောက်တစ်ပတ်မှာတော့ ကျွန်တော်တို့ လက်ရာတွေပါမှာပါ။

**မေး။ ။ သတင်းစာဖတ် ပရိသတ်တွေကို ဘာများပြောကြားလိုပါသလဲ။**

ဖြေ။ ။ ကလေးတွေစာဖတ်ဖို့ အဓိကက သတင်းစာအိမ်ထဲရောက်ဖို့လိုပါတယ်။ အဲဒီအတွက် မိဘပြည်သူတွေကို ပြောပြချင်တာကတော့ သတင်းစာဝယ်ဖတ်ခြင်းအားဖြင့် ကလေးတွေအတွက်ရော အကျိုးရှိတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။ နောက်တစ်ခု ကျွန်တော်စဉ်းစားထားတာက ကလေးကဏ္ဍလေးတစ်ခု အပတ်စဉ် တနင်္ဂနွေနေ့တိုင်းပါတဲ့အကြောင်းကို ကျွန်တော့်ဖေ့စ်ဘွတ်စာမျက်နှာမှာ တင်ဖို့ရည်ရွယ်ထားပါတယ်။ သတင်းစာကို ကလေးရော၊ လူကြီးရော မက်မက်မောမောရှိလာဖို့ ရည်ရွယ်ပါတယ်။

**မေး။ ။ ဟုတ်ကဲ့။ အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်း ပိုမိုတိုးတက်ကောင်းမွန်လာဖို့ ကာတွန်းပညာရှင်တစ်ဦးဖြစ်တဲ့ ဆရာ့ရဲ့လေးနက်တဲ့ အတွေးအမြင်ကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ အမှန်ကတော့ ကလေးတွေ အခြေခံကောင်းဖို့ လိုတာပေါ့။ ကလေးတွေ အရင်ဆုံး စာဖတ်ချင်စိတ်ဖြစ်ဖို့က အဓိကပါ။ ပြီးတော့မှ ဘာစာမျိုးဖတ်မလဲဆိုတာ နောက်တစ်ဆင့်ပေါ့။ ဒီနေ့ ကလေးတွေမှာက ကျွန်တော်တို့ခေတ်နဲ့မတူဘူး။ ကျွန်တော်တို့ခေတ်က ကလေးက ပထမဦးဆုံး ကာတွန်းဖတ်တယ်။ ကာတွန်းဖတ်ပြီးရင် ရုပ်ရှင်ကြည့်မယ်။ ဒါပါပဲ။ အခုဒီခေတ်မှာက နည်းပညာတိုးတက်တဲ့အခါကျတော့ အင်တာနက်တို့ ဂိမ်းတို့က ရှိနေတယ်။ ဒါတွေရှိနေတော့ ကလေးတွေက စာဖတ်ခြင်းကိုကျော်ပြီးတော့ နည်းပညာတွေရဲ့ ဖွံ့ဖြိုးမှုနောက်ကို ပါသွားတယ်။ အဲဒါကို ကျွန်တော်တို့က အချိန်မီပြန်ဆယ်ယူရမှာပါ။ နောက်တစ်ခုက လူ့ဘဝတစ်ခုမှာ စာဖတ်ခြင်းက အရေးကြီးတယ်ဆိုတာကိုလည်း လူငယ်တွေကနေစပြီး သိစေချင်တာပါ။ ဒီစာထဲကနေ ကိုယ့်ဘဝတည့်မတ်အောင် ဘယ်လိုဆုံးမသွန်သင်တယ်ဆိုတဲ့ ဒီအတွေးအမြင်တွေကလည်း အဓိကကျပါတယ်။ အဲဒီအတွက် အရေးကြီးဆုံးက ကလေးတွေအရင်ဆုံး စာဖတ်ဖို့၊ စာဖတ်ချင်စိတ်ဖြစ်ဖို့က ကျွန်တော်တို့ အဝန်းအဝိုင်းထဲက ပံ့ပိုးကြရမှာပါ။ အဓိကကတော့ မိဘတွေ၊ နောက်တစ်ခုက နိုင်ငံတော်အစိုးရ ဒီလိုမျိုး ဆင့်ကဲဆင့်ကဲနဲ့ဆောင်ရွက်ရင် နောက်မျိုးဆက်အတွက်ပိုပြီး အဆင်သင့်ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**ကာတွန်း မောင်ရွှေဝင်း**

**မေး။ ။ နိုင်ငံပိုင်သတင်းစာမှာ ဆန်းဒေးကာတွန်းကဏ္ဍသစ်တွေကို တွေ့ရတော့ ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့တွေ ဝိုင်းကြိုးစားထားတာလေး တွေ့ရတဲ့အတွက် ကျေနပ်ပါတယ်။ ဒီကဏ္ဍကိုဖတ်ရတဲ့ မိဘတွေရော၊ ကလေးတွေပါ အားလုံးကျေနပ်မယ်လို့ ထင်ပါတယ်။

**မေး။ ။ နိုင်ငံပိုင်သတင်းစာတွေမှာ ဒီလိုကာတွန်းကဏ္ဍကို ထည့်သွင်းဖော်ပြလာတော့ နိုင်ငံပိုင်သတင်းစာတွေရဲ့ အသွင်အပြင် ပြောင်းလဲမှုတွေအပေါ် ဆရာ့အနေနဲ့ ဘယ်လိုသုံးသပ်ရှုမြင်ပါသလဲ။**

ဖြေ။ ။ ကောင်းပါတယ်။ ဒီလိုထည့်သွင်းဖော်ပြတဲ့အတွက် ကလေးတွေ ကာတွန်းကို ဖတ်ဖြစ်လာပါတယ်။ ဒီကာတွန်းဖတ်တဲ့အတွက် ကလေးတွေလည်း သတင်းစာကို ဖတ်ဖြစ်လာပါတယ်။ ကျွန်တော်တို့ အဲဒါမျိုးကို လိုချင်တာပါ။ လူငယ်တွေ၊ ကလေးတွေကို ဒီလိုမျိုးဆွဲဆောင်လိုက်တော့ ကလေးတွေလည်း သတင်းစာကို စိတ်ဝင်စားလာမယ်။ နောက်တစ်ခုက တယ်လီဖုန်းမှာပဲ အချိန်ကုန်နေတာထက်စာရင် သတင်းစာတွေအပေါ် အာရုံရောက်လာလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော်တို့တစ်တွေတိုင်ပင်ပြီး ကြိုးစားကြည့်တာပါ။

**မေး။ ။ လာမယ့် အပတ်တွေမှာရော ဒီထက် ပိုကောင်းအောင် ဘာများ အစီအစဉ်လုပ်ထားပါသလဲ။**

ဖြေ။ ။ စစချင်းဆိုတော့ ကျွန်တော်တို့ဘက်မှာ အားနည်းချက်ရှိချင်ရှိမှာပါ။ လာမယ့်အပတ်မှာ ဒီထက်လက်ရာစုံအောင် အကြောင်းအရာကောင်းကောင်းလေးတွေကို တဖြည်းဖြည်းတင်ဆက်သွားမှာပါ။ အဓိကကတော့ ကလေးတွေကို ဒီကာတွန်းလေးတွေနဲ့ ဆွဲဆောင်ပြီး စာဖတ်ဖို့ပါ။ ကလေးတွေရဲ့ခေါင်းထဲကို တအားရိုက်သွင်းလို့ မရပါဘူး။ ဒီကာတွန်းနဲ့ ကျွန်တော့်ဆီက နည်းနည်းပြောမယ်။ တခြားလူဆီက နည်းနည်းပြောမယ်။ အဲဒါလေးတွေအားလုံးကို သူတို့ဖတ်မိသွားတဲ့အခါကျတော့ တစ်ချိန်ချိန်စာဖတ်တဲ့ အခါကျရင် သူတို့ အတွေးအခေါ်၊ အယူအဆတွေပြောင်းလဲလာလိမ့်မယ်။ သတင်းစာအပေါ် စိတ်ဝင်စားလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီရည်ရွယ်ချက်နဲ့ပဲ ကျွန်တော်တို့ လုပ်ပေးတာပါ။ အဓိကကတော့ လူငယ်တွေစာဖတ်ဖို့ပါပဲ။ အခုသတင်းစာမှာ မျိုးဆက်သစ်ကဏ္ဍတွေလည်း ကောင်းပါတယ်။ သတင်းစာက အများကြီးပြောင်းလဲသွားပြီ။ တဖြည်းဖြည်းစိတ်ဝင်စားလာလို့ရှိရင် စာဖတ်ရှိန်ကို လူတွေလိုက်လာလိမ့်မယ်လို့ထင်ပါတယ်။ နောက်တစ်ခုက အခု ဆန်းဒေးကာတွန်းကဏ္ဍကို နိုင်ငံပိုင်သတင်းစာတွေကနေ ဖော်ပြပေးလိုက်တော့ ကျွန်တော်တို့ ကာတွန်းလောကမှာ ဒီထက်မက ကြိုးစားပြီးရေးမယ့်သူတွေ ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ ဖတ်ရှုရတဲ့ကလေးတွေထဲကလည်း ကာတွန်းဆရာတွေအများကြီး ပေါ်လာနိုင်ပါတယ်။ လာမယ့်အပတ်တွေမှာလည်း ကာတွန်းဆရာတွေစုံအောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။

**မေး။ ။ လက်ရှိ နိုင်ငံပိုင်သတင်းစာတွေရဲ့ စာမျက်နှာထက်မှာ ကာတွန်းခေတ်တစ်ခေတ် ပြန်လည်ဆန်းသစ်လာမှုအပေါ် ဆရာ့အနေနဲ့ ဘယ်လိုရှုမြင်သုံးသပ်ပါသလဲ။**

ဖြေ။ ။ မှန်ပါတယ်။ ကလေးတွေ ဒီလိုမျိုးလေးတွေကို မဖတ်ရတာကြာနေပါပြီ။ ကျွန်တော်တို့ပဲ ငယ်ငယ်တုန်းက ဖတ်ခဲ့ရတာကိုး။ ကျွန်တော်မျှော်လင့်တာကတော့ ကလေးတွေ ကာတွန်းကို ပိုဖတ်လာမယ်။ စာဖတ်တဲ့ကလေးတွေ ပိုများလာမယ်ပေါ့။ ကာတွန်းဆရာတစ်ဦးအနေနဲ့ကတော့ ပျော်တယ်လို့ပဲ ပြောရမှာပေါ့။ ကျွန်တော်တို့ပြောချင်တာလေးတွေ ဒါမျိုးတွေက ရေးလို့ရတဲ့နေရာ သိပ်မရှိတော့ဘူး။ နောက်တစ်ခုက အခုလို စုစုစည်းစည်းနဲ့ ဖော်ပြတဲ့နေရာလည်း မရှိတော့ဘူး။ အခုလိုလုပ်ပေးတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနကို ကျွန်တော်တို့ ကျေးဇူးတင်ရပါတယ်။ ကျွန်တော်တို့ရေးရလို့ ကျေးဇူးတင်တာ မဟုတ်ပါဘူး။ ကလေးတွေစာဖတ်ဖို့အတွက် ကျွန်တော်တို့တစ်တွေ ရေးခွင့်ရတာတွေ၊ ကလေးတွေဖတ်ခွင့်ရတာတွေအပေါ် ပိုပြီးကျေးဇူးတင်ပါတယ်။

**ကာတွန်း ကိုရွှေထူး**

**မေး။ ။ ကြေးမုံသတင်းစာရဲ့ ဆန်းဒေးကာတွန်းကဏ္ဍမှာ ဆရာ့ရဲ့ "ဂြိုဟ်မွှေတဲ့မိချို"ကာတွန်းလက်ရာကို ဖတ်ရပါတယ်။ အဲဒီအတွက် ဆရာ့အနေနဲ့ စာဖတ်ပရိသတ်အပေါ် ဘယ်လိုပြောချင်ပါသလဲ။ ခံစားမှုတစ်ခုခုရော ရှိပါသလား။**

ဖြေ။ ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ကလေးစာပေနဲ့ ပတ်သက်ပြီးတော့ ဖတ်စရာ၊ လေ့လာစရာတွေ အများကြီးရှိတယ်။ ခုခေတ်ကလေးတွေကျတော့ ကလေးစာပေက အတော်ကြီးကို ရှားပါးလာတယ်။ အဲဒီအတွက် ကျွန်တော်တို့အနေနဲ့ ကလေးတွေအတွက် ဘာလုပ်ပေးရမလဲလို့ စဉ်းစားမိတယ်။ အဲဒီလိုပဲ သတင်းနှင့်စာနယ်ဇင်းက တာဝန်ရှိတဲ့ပုဂ္ဂိုလ်ကြီးတွေကလည်း ကျွန်တော်တို့လိုပဲ သူတို့စဉ်းစားတယ်။ အဲဒီတော့ သူတို့နဲ့ ကျွန်တော်တို့နဲ့ ခံစားချက်ချင်းတူရာကနေ အခုလို အမြန်ဆုံးအကောင်အထည်ဖော်ဖြစ်သွားတာပါ။ ကလေးရော၊ လူကြီးအတွက်ပါ ကျွန်တော်ရည်ညွှန်းပါတယ်။ မိဘတွေကလည်း သတင်းစာမှာ ကလေးတွေအတွက် ကာတွန်းလေးတွေပါတယ်။ စိတ်ဝင်စားမှုရှိတယ်ဆိုတဲ့အကြောင်း ညွှန်ပြပေးနိုင်ရင်

**စာမျက်နှာ ၉ သို့ ❖**

❖ စာမျက်နှာ ၈ မှ

ကလေးတွေအတွက် အင်မတန်မှကောင်းတဲ့ လမ်းကြောင်းလေးတစ်ခုဖြစ်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ကောင်းလည်း ကောင်းတယ်လေ။ အခြေအနေရယ်၊ အချိန်အခါရယ်ပေးရင် ကလေးစာပေကို ဒီထက်ပိုပြီး စွမ်းစွမ်းတမံလုပ်နိုင်အောင် ကျွန်တော်ရည်မှန်းထားပါတယ်။

**မေး။ ။ဆန်းဒေးကာတွန်းကဏ္ဍ တစ်ပတ်ထက် တစ်ပတ်ပိုပြီး ပြည့်စုံကောင်းမွန်လာအောင် ဆရာတို့အနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။လက်ရှိမှာလည်း ကလေးတွေစိတ်ဝင်စားတဲ့ လက်ရာရှင်တွေကို ကျွန်တော်တို့ လက်လှမ်းမီသမျှ ခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီထက်ကျယ်ကျယ်ပြန့်ပြန့်ခေါ်ယူရေးဆွဲပြီး ဒီထက်ကောင်းအောင်လုပ်ဖို့ ကျွန်တော်တို့ ရည်မှန်းထားပါတယ်။ ကျွန်တော်က လက်ရှိမှာ ကလေးတွေစိတ်ဝင်စားနိုင်မယ့် ကာတွန်းပုံရေးပေးတဲ့အပိုင်းမှာ တာဝန်ယူထားပါတယ်။ အခုဆို ကာတွန်းဆရာအတော်များများက ဆန်းဒေးကာတွန်းမှာ ဝင်ရေးဖို့ တာစူနေကြပါတယ်။ သူတို့လည်း အားလုံးစိတ်ဝင်စားကြတယ်။ အားလုံးကလည်း ဒါလုပ်သင့်တယ်၊ ဒါဖြစ်သင့်တယ်ဆိုပြီး အကြံဉာဏ်ပေးကြပါတယ်။ ကာတွန်းဆရာတွေရဲ့ လောကအမြင်တော့ ဒီ COMICS ဆိုတဲ့ကာတွန်းကို ကာတွန်းရေးနိုင်တဲ့ဆရာက နည်းနည်းရှားတယ်ပေါ့လေ။ ရေးနိုင်တဲ့သူတွေကို ကျွန်တော်တို့က ဖိတ်မန္တကပြုပြီး လက်တွဲခေါ်သွားမှာပါ။

**မေး။ ။ဟုတ်ကဲ့၊ ဒီ COMICS ကာတွန်းက ကလေးတွေအတွက် ဘယ်လောက်အကျိုးသက်ရောက်မှုရှိမလဲဆိုတာ ဆရာ့အနေနဲ့သုံးသပ်ပေးပါဦး။**

ဖြေ။ ။အခုကလေးတွေက စာဖတ်တတ်ပြီဆို ဖုန်းပွတ်ကြတယ်။ စာဖတ်ဖို့ကို သူတို့အတွက် စာပေမရှိသလောက်ရှားပါတယ်။ ဒါကြောင့် ကလေးအတော်များများက ဖုန်းတွေပဲ ပွတ်ကြတယ်။ ဂိမ်းတွေပဲ ဆော့ကြတယ်။ အခုလို နေ့စဉ်သတင်းစာက အပတ်စဉ်ဆန်းဒေးမှာ ဒီကာတွန်းလေးတွေနဲ့ သူတို့ကိုဆွဲဆောင်ပြီး သူတို့ကို ဖတ်စရာ၊ မှတ်စရာလေးတွေပါလာတော့ ဖုန်းပွတ်တဲ့အလုပ်ကလေးတွေ လျော့သွားမယ်လို့ ထင်ပါတယ်။

**မေး။ ။သတင်းစာဖတ်ပရိသတ်အပေါ် ဘာများဖြည့်စွက်ပြောချင်ပါသလဲ။**

ဖြေ။ ။ဆန်းဒေးကာတွန်းကဏ္ဍက ကလေးတွေ ဖတ်ချင်လာအောင် ပထမဆုံးဆွဲဆောင်တာပေါ့လေ။ ရှေ့လျှောက် ဒီထက်ကောင်းသထက်ကောင်းအောင် ဇာတ်လမ်းလေးတွေနဲ့ ဇာတ်ကောင်လေးတွေနဲ့ ဆွဲဆောင်မှုရှိအောင် ဆက်လက်လုပ်သွားဖို့အစီအစဉ်ရှိတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။

**ဦးရဲနိုင်**

**အထွေထွေမန်နေဂျာ**

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန**

**မေး။ ။နိုင်ငံပိုင်သတင်းစာတွေမှာ စာဖတ်ပရိသတ်အကြိုက်ကဏ္ဍတွေ စုံစုံလင်လင် ထည့်သွင်းဖော်ပြလာတာကို တွေ့ရပါတယ်။ နိုင်ငံပိုင်သတင်းစာတွေရဲ့ ရပ်တည်ချက်နဲ့ မျှော်မှန်းချက်က ဘာများပါလဲခင်ဗျာ။**

ဖြေ။ ။နိုင်ငံပိုင်သတင်းစာတွေ တစ်နည်းအားဖြင့် အများပြည်သူပိုင်သတင်းစာတွေဟာ ပြည်သူ့အကျိုးစီးပွားကိုဖော်ဆောင်ရာမှာ ပြည်သူတွေ သိသင့်သိထိုက်တဲ့ သတင်းတွေကို ထုတ်ပြန်ပေးဖို့၊ ပြည်သူတွေ အသိပညာဗဟုသုတရရှိစေဖို့၊ ပြည်သူတွေကို ဖျော်ဖြေပေးဖို့ မျှော်မှန်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်းမှာ သတင်းစာတွေကို တစ်ဖက်သတ်သတင်းပေးခြင်းမျိုးမဖြစ်စေဘဲ ပြည်သူ့အသံတွေကိုလည်း ဖော်ပြပေးဖို့၊ တစ်နည်းအားဖြင့် အစိုးရနဲ့ ပြည်သူအတွက် ပေါင်းကူးတံတားသဖွယ် ဖော်ဆောင်ပေးဖို့ မူဝါဒနဲ့အညီ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။တနင်္ဂနွေထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ "ဆန်းဒေးကာတွန်း" ဖော်ပြတာ ဖတ်ရှုရပါတယ်။ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်တာလဲ။**

ဖြေ။ ။နိုင်ငံပိုင်သတင်းစာတွေမှာ ပြည်သူ့အသံ သတင်းတွေအပြင် "ပြည်သူ့သဘောထားစင်မြင့်"ကဏ္ဍသစ်ဖွင့်လှစ်ဖော်ပြတာ၊ ပြင်ပကလောင်ရှင်အသစ်တွေရဲ့လက်ရာတွေကို ဖော်ပြပေးတာတွေအပြင် ယခုအခါမှာ ကာတွန်းပညာရှင်တွေရဲ့လက်ရာတွေကိုလည်း အပတ်စဉ်တနင်္ဂနွေနေ့တိုင်းမှာ ဖော်ပြပေးနိုင်ဖို့ စီမံဆောင်ရွက်တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကာတွန်းကဏ္ဍကို မြှင့်တင်ပေးတာ၊ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခန်းကဏ္ဍတစ်ခုအနေနဲ့ ဆောင်ရွက်ပေးတာလည်းဖြစ်ပါတယ်။

# မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့အား ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့မှ အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၁**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပခဲ့သော (၁၂)ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးကင်းထောက် အာရှပစိဖိတ်ဒေသညီလာခံကို မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့မှ ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် သင်တန်းတာဝန်ခံ ဒေါ်မြတ်သဉ္ဇာထွန်းတို့ တက်ရောက်ခဲ့ပြီး ယင်းညီလာခံတွင် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့၏ ၁၉၁၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်(၁၀၀)အတွင်း တိုးတက်ပြောင်းလဲမှုများကို "Connect Grow Impact" ဟူသည့် ညီလာခံဆောင်ပုဒ်အရ တင်ပြခဲ့ကြသည်။

ထို့အပြင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း မြန်မာအမျိုးသမီးကင်းထောက် ဦးရေ ၇၀၉ ဒသမ ၇၂ ရာခိုင်နှုန်း အများဆုံးစည်းရုံး ဖွဲ့စည်းတိုးတက်နိုင်မှုကို ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့မှ အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ရာ မြန်မာအမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် သင်တန်းတာဝန်ခံ ဒေါ်မြတ်သဉ္ဇာထွန်းတို့က လက်ခံခဲ့ကြသည်။**(အပေါ်ယာပုံ)**

အလားတူ မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့၏ တိုးတက်မှုကို အစပြု



ဆောင်ရွက်ပေးခဲ့သူ မြန်မာအမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုကို ကမ္ဘာ့အမျိုးသမီးကင်းထောက် အာရှပစိဖိတ်ဒေသအဖွဲ့မှ ဂုဏ်ပြုလက်မှတ်ပေးအပ်ရာ မြန်မာအမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်က ကိုယ်စားလက်ခံခဲ့သည်။

**ကိုလတ်(သတင်းစဉ်)**

# သက်ကြီးတိုင်းရင်းဆေးသမားတော်ကြီးများအား ဆေးပစ္စည်းနှင့် အလှူငွေများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းမှ ကြီးမှူးကျင်းပသော အဌမအကြိမ် သက်ကြီးတိုင်းရင်းဆေးသမားတော်ကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးအသင်းဥက္ကဋ္ဌ ကန်တော့ခံသမားတော်ကြီးဦးသောင်းနိုင်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးကြည်မောင်က ပူဇော်ကန်တော့ပွဲပြုလုပ်ရခြင်းအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဘဏ္ဍာရေးမှူး ရန်ကုန်တိုင်းတာဝန်ခံဦးမောင်မောင်ဦးက အသည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက သက်ကြီးတိုင်းရင်းဆေးသမားတော်ကြီး အသက်(၇၀)ကျော်နှင့်အထက် ဆရာကြီး ဆရာမကြီး ၁၃၅ ဦးတို့အား ဆေးပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**



**❋ တိုင်းဒေသကြီးမှ**

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးအာမိုးဆီက တတိယဆုရ ရခိုင်ပြည်နယ်အမျိုးသမီးဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဒေါက်တာကျော်သန်းထွန်းက ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါ်နော်လှလှစိုးက ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

**❖ ဆီးဂိမ်းပြိုင်ပွဲမှ**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းအားကစားနည်းများအနက် ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် ငါးမျိုးကို ဖယ်ကာ ပထမအဆင့်အနေဖြင့် ရွေးချယ်ထားသည်။ အားကစားအဖွဲ့ချုပ်များ၏ ဝင်ရောက်ယှဉ်ပြိုင်လိုခြင်း ဆန္ဒရှိ မရှိ၊ ဆုတံဆိပ်ရရှိနိုင်မည့် အခြေအနေပေါ်မူတည်၍ (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အားကစားနည်းများ ရွေးချယ်မည်ဖြစ်သည်။

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရေကူး၊ ဒိုင်ဗင်၊ ဟန်ချက်ညီဒိုင်ဗင်၊ ဝါတာပိုလို၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်၊ စနူကာ၊ ဘိုးလင်း၊ လက်ဝှေ့၊ ခရစ်ကက်၊ စက်ဘီး၊ မြင်းစီး၊ ဓားရေး၊ ဟော်ကီ၊ ဘောလုံး/ဖူဆယ်၊ ဂေါက်သီး၊ ကျွမ်းဘား၊ ရေခဲပြင်ဟော်ကီ၊ ရေခဲပြင်စကိတ်၊ ဂျူဒို၊ ကရာတေးဒို၊ မွေလက်ဝှေ့၊ Lawn bowls၊ Net-ball၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ ရပ်ဘီ၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ သေနတ်ပစ်၊ Squash စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ Triathlon(သုံးမျိုးစုံ)၊ ဘော်လီဘော၊ waterstiing၊ ဝူရှူးနှင့် အလေးမအားကစားနည်းတို့ထည့်သွင်းကျင်းပမည် ဖြစ်သည်။ ယင်းအားကစားနည်းများအနက် မြန်မာနိုင်ငံနှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် Waterskiing၊ ရပ်ဘီ၊ ရေခဲပြင်ဟော်ကီ၊ ရေခဲပြင်စကိတ်နှင့် Lawn bowls တို့မှလွဲ၍ ကျန်အားကစားနည်း ၃၃ မျိုး၏ ဆန္ဒသဘောထားကို မေးမြန်းလျက်ရှိသည်။ ပထမအကြိမ်တွေ့ဆုံခဲ့သည့် အားကစားနည်း ၁၄ မျိုးအနက် Net-ball နှင့် Squash ကစားနည်းများမှာ ယှဉ်ပြိုင်မည်မဟုတ်သောကြောင့် ကျန် ၃၂ မျိုးကိုသာ ရွေးချယ်ရမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်ကကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေ ၁၂ ခု၊ ငွေ ၂၆ ခု၊ ကြေး ၃၁ ခုရရှိခဲ့ပြီး ယခုပြိုင်ပွဲတွင် ဆုတံဆိပ်မျှော်မှန်းနိုင်သည့် အားကစားနည်းအချို့ ပါဝင်လာခြင်းမရှိရာ စနစ်တကျပြင်ဆင်ပြီး အောင်မြင်မှုရယူနိုင်ရန် ပိုမိုအားထုတ်လုပ်ဆောင်သင့်ပေသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ချစ်ကိုကို**

**○ ကျောဖုံးမှ**

အာနန္ဒာအုတ်ကျောင်း၊ န္တားပြဂူ၊ သကျမုနိ၊ မြင်းပြဂူ၊ ရွှေကျောင်း၊ ရွှေသာလျောင်း၊ နတ်လှောင်ကျောင်း၊ သဗ္ဗညုပုထိုးတော်ကြီး စသည်တို့ပါဝင်နေပြီး ကန့်သတ် ၁၉ ဆူမှလွဲ၍ ကျန်ဘုရားပုထိုးစေတီများသို့ ခရီးသွားဧည့်သည်များ သွားရောက်ဖူးမြော်နိုင်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၏ နေထွက်ချိန်နှင့် နေဝင်ချိန်ကြည့်ရှုရန်အတွက် ပြဿဒ်ကြီး၊ ရွှေဆံတော်၊ တောင်ဂူနီ စသည့်ဘုရားပုထိုးများကို ခွင့်ပြုပေးထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနမှ ထုတ်ပြန်ထားသည်။

ငလျင်ဒဏ်ကြောင့် ပုဂံဘုရားပုထိုးများစွာ ပျက်စီးမှုရှိခဲ့သော်လည်း ခရီးသွားကဏ္ဍကို ထိခိုက်ခဲ့ခြင်းမရှိကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့က ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ကာ တရားဝင်ထုတ်ဖော်ပြောကြားထားပြီးဖြစ်သည်။

ငလျင်ဘေးဒဏ်ခံရမှုကြောင့် ပျက်စီးမှုများကို ရှင်းလင်းဆောင်ရွက်နေသော်လည်း ယခုနှစ်တွင် ပုဂံဒေသသို့ လာရောက်ခဲ့သော ပြည်တွင်း ပြည်ပခရီးသည်အရေအတွက်သည် ယခင်နှစ်ကထက် ပိုမိုများပြားခဲ့သည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။ **(၀၀၁)**

**❋ ကမ္ဘာ့ဝါးမှ**

အဆိုပါ ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ (World Bamboo Day) အခမ်းအနားကို မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာနမှထောက်ပံ့ထားသော Business Innovation Facility ( BIF )စီမံကိန်းတို့မှ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်း ပြည်ပမှ ဝါးပညာရှင်များ၊ ဝါးလုပ်ငန်းရှင်များ၊ ဝါးအကြောင်းရေးသားအသိပညာပေးသူများ၊ ဝါးနှင့်ပတ်သက်သော ကွန်ရက်များ၊ ဝါးစိုက်ပျိုးထုတ်လုပ်သူများ၊ ဝါးထုတ်လုပ်တင်ပို့သူများနှင့် ဝါးလက်မှုပညာရှင်များစွာ ပါဝင်တက်ရောက်ကြမည်ဖြစ်ကာ ဥရောပနိုင်ငံမှ Ms.Carmelita၊ အိန္ဒိယနိုင်ငံမှ Ms. Rebecca Reubens၊ အမေရိကန်နိုင်ငံမှ Jon Patric Kinzer၊ အင်ဒိုနီးရှားနိုင်ငံမှ Mr. Arief Rabik တို့အပြင် ဗီယက်နမ်နိုင်ငံမှ Ms. Diep My Hanh တို့တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ နိုင်ငံခြားကုမ္ပဏီများမှ ဝါးနှင့်သက်ဆိုင်သော စက်ပစ္စည်းများ၊ ဝါးပရိဘောဂများ၊ ဝါးပညာပေးစာအုပ်စာတမ်းများအား ပြသသွားမည်ဖြစ်ပြီး ဝါးစိုက်ပျိုးရေးနှင့်သက်ဆိုင်သော ဟောပြောဆွေးနွေးမှုများ၊ ဝါးစက်မှုလက်မှု၊ ဝါးကုန်ထုတ်လုပ်ငန်းများ၊ နိုင်ငံတကာဈေးကွက်သတင်းများနှင့် သတင်းအချက်အလက်များကို ဖလှယ်ကြမည်ဖြစ်ကာ နံနက်ပိုင်းတွင် ပြည်ပစာတမ်းနှစ်စောင်နှင့် ပြည်တွင်းစာတမ်း နှစ်စောင်ကို ဖတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် မွန်းလွဲပိုင်းတွင် စုပေါင်းဆွေးနွေးဖလှယ်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့(World Bamboo Day)အခမ်းအနားကို မြန်မာနိုင်ငံ၌ နှစ်စဉ်ကျင်းပရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**စိုးဝင်း**(MLA)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအစည်းအဝေး ကျင်းပ

**ဟားခါး စက်တင်ဘာ ၁၁**

ချင်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက ဟားခါးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အစည်းအဝေးတွင် ချင်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီးဦးမန်ဟင်းဒါလ်းက ချင်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဖွဲ့စည်းမှုအခြေအနေနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းတိုးနှင့် ဦးရှိန်းဝေငိုင်း (Conservation on Hill Ecosystem Association) တို့က ချင်းပြည်နယ်၏ ဂေဟစနစ်ထိန်းသိမ်းရေး လိုအပ်မှုအခြေအနေနှင့် ရေရှည်တည်တံ့သော အစိမ်းရောင်စီးပွားရေးစနစ်ဖြင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်မှုအလားအလာများကို အသီးသီး ရှင်းလင်းဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက် )**






# အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ကျင်းပ

**ဖရူဆို စက်တင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲအခမ်းအနားကို ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဆွေက အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးမော်မော်ကိုက အိုဇုန်းလွှာနှင့် ခရမ်းလွန်ရောင်ခြည် အခြေအနေများ၊ အိုဇုန်းလွှာပျက်စီးရခြင်း အကြောင်းရင်းများ၊ ပျက်စီးစေသည့် လူ့အသုံးအဆောင်ပစ္စည်းများ၊ ခရမ်းလွန်ရောင်ခြည်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန် နည်းလမ်းများနှင့် အပြည်ပြည်ဆိုင်ရာကြိုးပမ်းဆောင်ရွက်မှုများအကြောင်းကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြ၍ အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးအချက်အလက်များအား မှတ်တမ်းဗီဒီယိုခွေဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "အိုဇုန်းလွှာနှင့်ရာသီဥတုကောင်းမွန်ဖို့ ကမ္ဘာတစ်ဝန်း လက်တွဲညီညီ ဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ကိုးဦး၊ အလယ်တန်းအဆင့်တွင် ၁၅ ဦး၊ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ခြောက်ဦးနှင့် အလယ်တန်းအဆင့်တွင် ကိုးဦး စုစုပေါင်း ၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါစာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား စက်တင်ဘာ ၁၆ ရက်တွင် လွိုင်ကော်မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# စားသုံးသူရှုထောင့်အရ ကိုက်ညီမှုရှိ၊ မရှိ ချောင်းဦးမြို့ မြို့မဈေးအတွင်း စစ်ဆေး

**မုံရွာ စက်တင်ဘာ ၁၁**

မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် စားသုံးသူဆိုင်ရာ အခွင့်အလမ်းများ အပြည့်အဝ ရရှိခံစားနိုင်ရန်နှင့် စံချိန်စံညွှန်းပြည့်မီသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုစွမ်းအားမြင့်မားပြီး လုပ်ငန်းရှင်များ အနေဖြင့် ဈေးကွက်ဝေစု ပိုမိုတိုးမြင့်ရရှိနိုင်စေရန် ရည်ရွယ်ပြီး စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မြို့မဈေးအတွင်း စားသုံးသူရေးရာ ဦးစီးဌာနမှ ပူးပေါင်းအဖွဲ့များဖြင့် စားသုံးသူ ရှုထောင့်အရ ကွင်းဆင်းစစ်ဆေးခဲ့သည်။

"ဈေးထဲမှာ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)က စားသုံးရန်မသင့်ဟု ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ အဲဒီလို စစ်ဆေးရာမှာ အစားအသောက်တွေမှာ သုံးစွဲခွင့်မပြုတဲ့ တားမြစ်ဆိုးဆေးတွေနဲ့ ယင်မနားဆေးတွေပါဝင်တဲ့ ကုန်ပစ္စည်းတွေကို မရောင်းချဖို့ ဈေးရောင်းချသူတွေကို ပညာပေးဆွေးနွေးပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စားသုံးရန်မသင့်သော အစားအသောက်စာရင်းကို ဈေးဆိုင်ပိုင်ရှင်တွေနဲ့ ဈေးရောင်းချသူတွေကို ဝေငှပေးခဲ့ပါတယ်။ စားသုံးသူရေးရာ အကာအကွယ်ပေးရေးဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်တွေကို ဈေးဝယ်ပြည်သူတွေကို ဖြန့်ဝေပေးခဲ့ပါတယ်"ဟု စားသုံးသူ ရေးရာဦးစီးဌာနဦးစီးမှူးဒေါ်ခိုင်မို့မို့က ပြောသည်။

ထိုသို့ ဈေးအတွင်း ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်၊ စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်ကျော်တင့်၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးဒေါ်ခိုင်မို့မို့နှင့် ကျန်းမာရေးဌာနမှ ဦးစန်းလွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်မျိုးမျိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့မဈေးတာဝန်ရှိသူများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# လဟယ်မြို့နယ်၌ ကျွဲလွှချောင်းရေတိုက်စားမှုကြောင့် ကားလမ်းမကြီး ပျက်စီး

**လဟယ် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့ပြီးနောက် လဟယ်မြို့နှင့် အဓိကဆက်သွယ်ထားသောကားလမ်း မိုင်တိုင် (၅၃/၃) နေရာ၌ ကျွဲလွှချောင်း ရေတိုက်စားမှုကြောင့် အရှည်ပေ ၁၅၀၊ အကျယ် ၂၅ပေခန့် ပျက်စီးသွားခဲ့ကြောင်း လဟယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က ပြောသည်။

"အခုရက်ပိုင်း မိုးက တအားရွာတယ်။ ကျွဲလွှချောင်းရေက ရေစီးအလွန်သန်တော့ ကားလမ်းကိုတိုက်စားသွားတာ၊ သွားလာရေး အမြန်ဆုံးအဆင်ပြေအောင် လမ်းဦးစီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**ကိုလွင်(ဆွာ)**

# ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်နှင့် မူးမြစ်များတစ်လျှောက် မြို့နယ်မီးသတ်စခန်းများသို့ ရှာဖွေကယ်ဆယ်ရေး စက်တပ်လှေများ ဖြည့်တင်းပေးမည်

**မုံရွာ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ဧရာဝတီ၊ ချင်းတွင်း၊ မြစ်သာနှင့် မူးမြစ်များတစ်လျှောက်ရှိ မြို့နယ်မီးသတ်စခန်းများသို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘတ်ဂျက်ဖြင့် ရှာဖွေကယ်ဆယ်ရေး စက်တပ်လှေများ ထပ်မံဝယ်ယူဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးသတ်ဦးစီးဌာနတွင် ယခုလက်ရှိရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှာဖွေကယ်ဆယ်ရေးစက်တပ်လှေ တစ်စင်း၊ ရှာဖွေကယ်ဆယ်ရေးစက်တပ်လှေ (ဖိုက်ဘာ) ၁၁ စင်း၊ မီးငြိမ်းသတ်ယာဉ် တစ်စင်းဖြင့် နှစ်စဉ်မိုးရာသီတွင် ရေကြီးရေလျှံမှုများဖြစ်ပွားသော မြို့နယ်များတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ပေးလျက်ရှိရာ လုံလောက်မှုမရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် မြို့နယ်တစ်မြို့နယ်လျှင် သုံးစင်းနှုန်းဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် ထပ်မံဖြည့်တင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

"ရာသီဥတု ပြောင်းလဲလာမှုနဲ့အတူ နှစ်စဉ်မိုးရာသီမှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်တဲ့အခါ သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်စဉ်တွေမှာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ဆောင်ဖို့ လိုအပ်တဲ့အခါမှာ အချိန်မီလုပ်ဆောင်နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်တင်းပေးတာပါ။ ပထမအသုတ် အစင်း ၂၀ ရောက်တဲ့အတွက် ချင်းတွင်းအထက်ပိုင်းဒေသတွေကို ဖြန့်ဝေပေးပြီးသွားပါပြီ။ နောက်ထပ်ရောက်လာရင်လည်း ဆက်ပြီး ဖြန့်ဝေပေးသွားမှာပါ" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စစ်ကိုင်းတိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ တစ်စင်းလျှင် ငွေကျပ် ၁၆ ဒသမ ၅ သိန်းနှုန်းဖြင့် ငွေကျပ် ၈၂၅ သိန်းဖြင့် အစင်းရေ ၅၀ အား ထပ်မံဝယ်ယူဖြည့်တင်းပေးခြင်းဖြစ်ရာ စက်တင်ဘာလ ပထမပတ်အတွင်းက ပထမအသုတ်အဖြစ် ရောက်ရှိလာသော အစင်းရေ ၂၀ မှ ချင်းတွင်း အထက်ပိုင်းဒေသများဖြစ်သော မင်းကင်း၊ ကလေးဝ၊ ဖောင်းပြင်၊ မော်လိုက်၊ ဟုမ္မလင်းနှင့် ခန္တီးမြို့တို့သို့ တစ်မြို့နယ်လျှင် သုံးစင်းနှုန်း ဖြန့်ဝေပေးပြီးဖြစ်ကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သိရသည်။ **မင်းဝေ(မုံရွာ)**



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၂- ၉ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညနေပိုင်း**
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၆း၁၅ -ငွေဆောင်ကမ်းခြေ
၆း၄၀ -MRTV Entertainment Music
၆း၅၅ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၈၂)
၇း၃၅ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၄၂)
၈း၁၅ -MRTV Entertainment Music
၈း၂၀ -နိုင်ငံခြားရုပ်ရှင် "Ishqiya"
၁၀း၁၀-MRTV Entertainment Music
၁၀း၂၀ -မြန်မာဗီဒီယိုဇာတ်လမ်း "သူငယ်ချင်းလေး"

**၁၂-၉-၂၀၁၆(တနင်္လာနေ့)**
နံနက်(၀၀း၀၀)နာရီမှ (၀၆း၀၀) ထိကို အထက်ပါအစီအစဉ်အတိုင်း ပြသပါသည်။
နံနက်(၀၆း၀၀)နာရီမှ (၀၈း၂၀)ထိကို အမှတ်စဉ် (၁)မှ (၆)ထိ ပြသပါသည်။
၈း၂၀ -မြန်မာဗီဒီယိုဇာတ်လမ်း "သူငယ်ချင်းလေး"
၁၀း၀၀ -MRTV Entertainment Music
၁၀း၁၅ -နိုင်ငံခြားရုပ်ရှင် "Ishqiya"
နေ့လယ်(၁၂း၀၀)မှ (၀၄း၁၅) ထိကို အမှတ်စဉ် (၁)မှ(၆)ထိနှင့် (၁၀)နှင့် (၁၁) ထိ ပြသပါသည်။

**ညနေပိုင်း**
၄း၁၅ -ပြည်သူ့နီတိ "ဝန်"
၄း၃၅ -ပန်းချီဆရာ ခင်မောင်ဇော်
၄း၄၅ -ကာတွန်းအစီအစဉ် "Space Chimps 2-Zartog Strikes Back"
၆း၀၀ အစီအစဉ်ပြီး၏။

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈း၃၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲပြိုင်ဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) (အခြေခံပညာအဆင့်(၁၀-၁၅)နှစ်) (အမျိုးသမီး)
၈း၅၅ ရည်ရွယ်ညွှန်းသီ(၂၂)ကြိမ်မြောက် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆီသို့
၉း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၀း၃၅ The Farmer
၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၂း၃၅ ဒီမိုကရေစီစိတ်ထား(အပိုင်း-၁)
၁း၀၀ ဆယ့်နှစ်လရာသီအငြိမ့်သဘင် "တော်သလင်းလအငြိမ့်" မင်းသမီး-ဆောင်းဝတီ၊ (လူရွှင်တော်-ဟားငါးကောင်အဖွဲ့) (တိုင်းကျော်၊ တိုးကျော်၊ ပိုးလေး၊ ပြည်ကျော်၊ ဝိုင်းကျော်) (ဒါရိုက်တာ-ဇာဂနာ)
၂း၂၀ "KARAOKE World Championships (KWC) Myanmar 2016" (LEVEL-1) (Group-3)
၃း၃၅ Tasty Trip
၄း၁၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄း၃၅ လူမှုစီးပွားမြင်ကွင်းများ
၅း၂၀ This Week's Special Interest
၅း၃၅ Yes or NoTalk Show(Choice on Degree) "Follow your Heart or Follow The Trend" (Part-3)
၆း၃၅ ဥပဒေရေးရာအဖြာဖြာ "မင်းစဉ်းစား" (ဦးစံပေါ်၊ ရဲဦး၊ ဝေဖြိုးဟိန်း)(ဒါရိုက်တာ-ဝေဠု(ဝသန်))
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၉၈)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-"လူ-လူ-လူ လူသည် ရောင်းကုန်မဟုတ်ပါ"
-နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၇၇)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၆ မေတ္တာပို့
၇း၂၀ ခမ္မပူဇာတေး
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ ရွှေဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၉း၂၀ ကျန်းမာသုတ
၉း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၁၀း၀၀ Casual Talk
၁၀း၁၅ အစွန်းလွတ်ရာဆီသို့
၁၀း၂၅ မေးမြန်းစူးစမ်း
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြန်မာ့ရှုခင်း
၁၁း၂၅ ပျိုပျိုမေ
၁၁း၃၅ Cooking Art
၁၂း၀၀ အောင်မြင်ကျော်ကြားခတ်ပြားရတေးများ
၁၂း၁၅ မြန်မာသံစဉ်ချိုနားဝင်
၁၂း၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၄၅ Guide For You
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် (အပိုင်း-၅၃)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရုဏ်ဦးရဲ့ ပန်းသခင် (အပိုင်း-၅၄)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်

### MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော် +ရတနသုတ်
၅း၄၀ "အာရုံခြောက်ပါး သတိထား" တရားတော် ဆရာတော် အရှင်ဇဋိလ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်-စစ်ကိုင်း)
၈း၀၀ "မင်္ဂလာပါ"The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ် စားမယ် (HOTEL PARAMI -PIANO BAR)
၁၁း၄၀ "သီလဝတောင်ပြုံးသွားတယ်" (ရန်ပိုင်စိုး၊ နေဆန်း၊ ကင်းကောင်၊ ကြယ်သီး၊ ကြူကြူသင်း (ဒါရိုက်တာ-ဇာဂနာ)
၁၂း၄၀ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၄၆)
၃း၄၀ PASSION FOR FASHION SHOWPRESSCONFERENCE
၄း၀၀ Cartoon Series(Englisg Play Ground)
၆း၀၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၆၂)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၄၇)
၈း၁၀ Drive It

# စမတ်ဖုန်းတစ်လုံးဝယ်ယူရာတွင် Selfie ကင်မရာနှင့် Fingerprint နည်းပညာများကို ပိုမိုစိတ်ဝင်စားလာကြ




16MP Selfie ကင်မရာနှင့် အမြန်ဆုံး Fingerprint စနစ်ပါဝင်သည့် OPPO ၏ နောက်ဆုံးထုတ်စမတ်ဖုန်း F1s

ယနေ့ခေတ်စမတ်ဖုန်းအသုံးပြုသူများသည် စမတ်ဖုန်းရွေးချယ်ရာတွင် နည်းပညာသစ်များဖြင့် ပေါင်းစပ်ထားသည့် Selfie ကင်မရာ၊ Fingerprint အစရှိသည့် လုပ်ဆောင်ချက်များကို ပိုမိုစိတ်ဝင်စားလာကြောင်း တွေ့ရှိနေရသည်။ ပြီးခဲ့သည့် ၂၀၁၅ နှင့်နှိုင်းယှဉ်ပါက ၂၀၁၆ တွင် အဆိုပါ နည်းပညာသစ်များ၏ မိုဘိုင်းလောကသို့ ထိုးဖောက်ဝင်ရောက်လာမှုနှုန်းမှာ ပိုမိုများပြားလာခဲ့ပြီး သက်ဆိုင်ရာ စမတ် ဖုန်းထုတ်လုပ်သူများကလည်း ပိုမိုကောင်းမွန်သည့် Selfie ကင်မရာ၊ ပိုမိုမြန်ဆန်သည့် Fingerprint များကိုပါ အပြိုင်အဆိုင် ထုတ်လုပ်လာကြသည်။ စမတ်ဖုန်းတစ်လုံးကို အသုံးပြုရာတွင် ယခင်ကကဲ့သို့ ဖုန်းပြောဆိုမှုအပိုင်းကိုသာ အဓိကအလေးပေးခြင်းမှ ယခုကဲ့သို့ ခေတ်ရေစီးကြောင်း၏ တောင်းဆိုမှုများကြောင့် Selfie ကင်မရာသုံးစွဲသူများမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ပိုမိုများပြားလာခဲ့သည်။ လက်ရှိတွင် ဈေးကွက်အတွင်း Selfie ကင်မရာကောင်းများကို Huawei, Samsung, Xiaomi,OPPO တို့က အလေးပေးထုတ်လုပ်နေကြပြီး သုံးစွဲသူများအနေဖြင့် မိမိတို့နှစ်သက်ရာကို စိတ်ကြိုက်ရွေးချယ်နိုင်ခွင့် ပိုမိုရရှိနေကြပြီဖြစ်သည်။ ယခင်က ရှေ့ကင်မရာပိုင်းကို 5MP အမျိုးအစားကိုသာ အဓိကထား ထုတ်လုပ်နေကြသော်လည်း ယခုနောက်ပိုင်းထွက်ပေါ်လာသည့် စမတ်ဖုန်းအများစုမှာ 8MP အမျိုးအစား Selfie ကင်မရာကို အလေးပေးအသုံးပြုလာကြသလို ရုပ်ထွက်အားနှင့် အလင်းဝင်ရောက်မှုအား ပိုမိုကောင်းမွန်စေမည့်ကြီးမားသည့် aperture အလင်းတံခါးတို့ကိုပါ အသုံးပြုလာကြသည်။ ယခုကဲ့သို့ စမတ်ဖုန်းကုမ္ပဏီများထဲမှ ထူးခြားသည့် Selfie ကင်မရာတစ်မျိုးကို OPPO က နောက်ဆုံးထုတ်အဖြစ် မိတ်ဆက်ပေးလာခဲ့ခြင်းကြောင့် Selfie ရိုက်ကူးမှုနည်းပညာကို အထူးစိတ်ဝင်စားနေကြသည့် လူထုအတွက် နောက်ထပ်ရွေးချယ်စရာတစ်ခု ဖြစ်လာခဲ့သည်။ အဆိုပါ OPPO ၏ Selfie ကင်မရာသစ်ကို ၎င်းတို့၏ F1s ထုတ်ကုန်တွင် ထည့်သွင်းပေးထားခြင်း ဖြစ်ပြီး 16MP အရွယ်အစားရှိ Selfie ကင်မရာနည်းပညာသစ်ကို အသုံးပြုထားခြင်းဖြစ်သည်။

စမတ်ဖုန်းရွေးချယ်ဝယ်ယူရာတွင် နောက်ထပ်လူကြိုက်များနေသည့် နည်းပညာတစ်ရပ်မှာ Fingerprint စနစ်ပင်ဖြစ်ပြီး ယခု ၂၀၁၆ တွင် ဈေးကွက်အတွင်းသို့ တင်ပို့ထားကြသည့် စမတ်ဖုန်းအများစုတွင် အဆိုပါ Fingerprint စနစ် ပါဝင်ထားကြသည်။ ထို့အပြင် ဈေးကွက်တွင် ဝယ်လိုအားပိုမိုများပြားသည့် ဖုန်းများမှာ ဈေးနှုန်း သုံးသိန်းအောက်ဖုန်းများဖြစ်ပြီး အဆိုပါ ဖုန်းများထဲမှာ Selfie ကင်မရာမြင့်မားသည့် နည်းပညာသုံးစမတ်ဖုန်းများနှင့် Fingerprint စနစ် ပါဝင်သောစမတ်ဖုန်းများက ပို၍ရောင်းအားကောင်းလျက်ရှိနေသည်။ မြန်မာပြည် မိုဘိုင်းသုံးစွဲသူများသည် နိုင်ငံတကာတွင် စမတ်ဖုန်းဆိုင်ရာ နည်းပညာများပိုမိုတိုးတက်ဆန်းသစ်လာသည့်နည်းတူ အဆိုပါ နည်းပညာများပါဝင်သည့် စမတ်ဖုန်းများကို ခေတ်ရေစီးကြောင်းအတိုင်း အဦးဆုံးရွေးချယ်အသုံးပြုလိုမှုများလျက်ရှိသည်။ Samsung ၏ 2016 J Series ထုတ်ကုန်များမှာ သုံးသိန်းဝန်းကျင်ဈေးနှုန်း အပိုင်းအခြားတွင်ရှိသည့်အတွက် လူကြိုက်များမှု ရှိသော်လည်း Huawei GR5,Huawei GR5 Mini, Xiaomi Redmi 3 Pro,Xiaomi Redmi Note 4, OPPO F1s တို့နှင့် ယှဉ်ပါက Fingerprint နည်းပညာပါဝင်ထားခြင်းမရှိပေ။ ထို့အပြင် Fingerprint နည်းပညာတွင်လည်း Huawei, Xiaomi နှင့် OPPO တို့မှာ ပိုမိုအပြိုင်အဆိုင် ဖြစ်လာကြသလို ဖုန်းဖွင့်ရုံအတွက်သာ Fingerprint စနစ်ကို အသုံးပြုခြင်းမျိုးမဟုတ်ဘဲ တခြားသောကင်မရာရိုက်ခြင်း၊ Application များ ဖွင့်ခြင်း၊ ဖုန်းတိုက်ရိုက်ခေါ်ဆိုခြင်း အစရှိသည့် အဆင့်မြင့် feature များကိုပါ ထည့်သွင်းလာကြသည့်အတွက် လူထုစိတ်ဝင်စားမှုကို ပိုမိုရရှိနေကြပြီဖြစ်သည်။ အဆိုပါ မိုဘိုင်းထုတ်လုပ်သည့် ကုမ္ပဏီများထဲတွင် လက်ရှိတွင် အမြန်ဆုံး Fingerprint စနစ်ပါဝင်ထားသည့် စမတ်ဖုန်းမှာ OPPO က နောက်ဆုံးမိတ်ဆက်ထားသော F1s ပင်ဖြစ်ပြီး တစ်စက္ကန့်၏ ငါးပုံတစ်ပုံကျော်ဖြစ်သော သုည ဒသမ ၂၂ စက္ကန့်အတွင်းမှာပင် ဖုန်းကို unlock လုပ်ပွင့်စေမည်ဖြစ်သည်။ ယနေ့စမတ်ဖုန်းသုံးစွဲသူများ၏ လိုအပ်ချက်ကို အပြိုင်အဆိုင် တီထွင်ဆန်းသစ်ဖြည့်ဆည်းပေးလျက်ရှိသည့် ဖုန်းထုတ်လုပ်သည့်ကုမ္ပဏီများ ပေါ်များလာခြင်းကြောင့် သုံးစွဲသူများအတွက် ပိုမိုလွတ်လပ်ပြီး စိတ်တိုင်းကျရွေးချယ်ဝယ်ယူခွင့်မျိုး ရရှိနေကြပြီဖြစ်သလို Selfie ကင်မရာနှင့် Fingerprint နည်းပညာများက လူကြိုက်အများဆုံးနည်းပညာများအဖြစ် အဓိက ရပ်တည်လျက်ရှိနေကြသည်။

**ခေတ်သစ်(IT)**

# မိုးရေချိန်စံချိန်သစ်

**နေပြည်တော် စက်တင်ဘာ ၁၁**

စက်တင်ဘာ ၁၁ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ စက်တင်ဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သောမိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

**မိုးရေချိန်စံချိန်သစ်**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | တံတားဦး | ၁၄၈ | ၅. ၈၃ | ၁၂၇ | ၅. ၀၀ | ၁၆-၉-၂၀၀၇ | ၂၃ |

# ယူအက်စ်အိုးပင်း ချန်ပီယံအဖြစ် ကာဘာအောင်ပွဲခံ





ပူပူနွေးနွေး ကမ္ဘာ့အဆင့် (၁) ဂျာမန်တင်းနစ်မယ် အန်ဂျလိခ်ကာဘာသည် ယူအက်စ်အိုးပင်းဗိုလ်လုပွဲတွင် ချက်တင်းနစ်မယ် ပလက်စ်စကိုဗာအား အနိုင်ကစားကာ ရာသီသိမ်း ဂရင်းစလင်းချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။ နယူးယောက်မြို့တွင် ယှဉ်ပြိုင်ခဲ့သည့် အဆိုပါပွဲစဉ်တွင် ကာဘာမှာ ၆-၃၊ ၄-၆၊ ၆-၄ နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိကာ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဩစတြေးလျအိုးပင်း ချန်ပီယံဆုကို ရယူပြီးနောက် သူ့အတွက် ဒုတိယမြောက် ဂရင်းစလင်းချန်ပီယံဆုအဖြစ် ထပ်မံသိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ကာဘာမှာ စင်စင်နတီအိုးပင်းဗိုလ်လုပွဲတွင် ပလက်စ်စကိုဗာအားအရေးနိမ့်ကာ ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသော်လည်း ယခုယူအက်စ်အိုးပင်းတွင်မူ အကောင်းဆုံးပြန်လည် တုံ့ပြန်နိုင်ခဲ့သည်ကို တွေ့ရသည်။

ပလက်စ်စကိုဗာမှာ ယခင်ဂရင်းစလင်းပြိုင်ပွဲကြီးများတွင် တတိယပတ်လည် အဆင့်ထက်ကျော်လွန်ခဲ့ဖူးခြင်း မရှိသော်လည်း ယခုပွဲစဉ်တွင် သူ၏ လျင်မြန်အားပါသည့် တန်ပြန်ရိုက်ချက်များ၊ အမှားအယွင်းနည်းသည့် စပေး ရိုက်ချက်များကြောင့် ဒုတိယပွဲငယ်၌ ကာဘာအား အသာစီးမှုပင် ကစားနိုင်ခဲ့သည်။ သို့သော် ကာဘာ၏ စိတ်ဓာတ်တည်ငြိမ်မှုက ပွဲရလဒ်ပိုင်းအတွက် အဆုံး အဖြတ်ဖြစ်ခဲ့ပြီး တတိယပွဲငယ်ဖြင့်ပင် ပွဲပြတ်အောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ဆရီနာဝီလျံမှာ အကြိုဗိုလ်လုပွဲတွင် ပလက်စ်စကိုဗာအား အရေးနိမ့်ခဲ့ခြင်းကြောင့် ကာဘာမှာ ဗိုလ်လုပွဲတွင် ရှုံးနိမ့်သည့်တိုင် ကမ္ဘာ့အဆင့်(၁)နေရာကို ဆုပ်ကိုင်နိုင်ရန် သေချာနေခဲ့ခြင်းဖြစ်သည်။ ကာဘာမှာ ၂၀၁၆ ခုနှစ်အတွင်း ဂရင်းစလင်းပြိုင်ပွဲလေးရပ်တွင် သုံးကြိမ် (ဩစတြေးလျအိုးပင်း၊ ဝင်ဘယ်လ်ဒန်အိုးပင်း၊ ယူအက်စ်အိုးပင်း)တိုင် ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ချန်ပီယံနှစ်ကြိမ်ဖြစ်ခဲ့သည်။ မြေစေးကွင်းအမျိုးအစား ဖြစ်သည့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင်မူ ကွာတားဖိုင်နယ် အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယခုနှစ်အတွင်း ကာဘာရှုံးနိမ့်ခဲ့သည့် ထင်ရှားသော ဗိုလ်လုပွဲစဉ်အချို့မှာ ဝင်ဘယ်လ်ဒန်အိုးပင်းတွင် ဆရီနာဝီလျံအား ရှုံးနိမ့်မှုနှင့် အိုလံပစ်ဗိုလ်လုပွဲ မော်နီကာပွေ့အား အရေးနိမ့်ခဲ့ခြင်းတို့ ဖြစ်သည်။

အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ် အဖြစ် လက်ရှိချန်ပီယံလည်းဖြစ်၊ ကမ္ဘာ့အဆင့်(၁) ကစားသမားလည်းဖြစ်သူ နိုဗက်ဂျိုကိုဗစ်ချ်နှင့် ကမ္ဘာ့အဆင့်(၃) စတန်းဝေါရင်ကာတို့ တွေ့ဆုံယှဉ်ပြိုင်ကြမည်ဖြစ်သည်။

| စက်တင်ဘာ ၁၀/၁၁ ရက်နေ့ အနိုင်/အရှုံးရလဒ်များ | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၄** | | | | |
| လီဗာပူး | ၄ | - | ၁ | လက်စတာ |
| ဆွမ်းဆီး | ၂ | - | ၂ | ချယ်လ်ဆီး |
| **လာလီဂါ ပွဲစဉ် - ၃** | | | | |
| မာလာဂါ | ၀ | - | ၂ | ဗီလာရီးယဲလ် |
| ဆီဗီလာ | ၂ | - | ၁ | လက်စ်ပါးမက်စ် |
| ဘာစီလိုနာ | ၁ | - | ၂ | အလာဗက်စ် |
| စပို့တင်းဂီဂျွန် | ၂ | - | ၁ | လီဂါနက်စ် |
| ဗလင်စီယာ | ၂ | - | ၃ | ဘက်တစ် |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂** | | | | |
| လိုက်ပ်ဇစ် | ၁ | - | ၀ | ဒေါ့မွန် |
| ဝါဒါဘရီမင် | ၁ | - | ၂ | အော့စ်ဘတ် |

မောင်မောင်ဇော်



# ကျွန်တော်က ဘလွန်းဒီအောဆု သုံးကြိမ်ရထားသူပါ

မက်ဆီသာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်ပြီး ဘယ်ကစားသမားကမျှ မက်ဆီနှင့် ခိုင်းနှိုင်းလောက် အောင် မကောင်းဟူသော ဘာစီလိုနာကွင်းလယ် လူဟောင်း ဇာဗီရဲ့ မှတ်ချက်အတွက် ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ချက်ချင်းဆိုသလို တုံ့ပြန် စကားဆိုခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက အခုလို မှတ်ချက်ပြု တဲ့ ဇာဗီဟာ ဘလွန်းဒီအောဆုကို တစ်ကြိမ်တစ်ခါမျှ တောင် ရယူခဲ့ဖူးသူမဟုတ်ဘဲ သူကတော့ ဘလွန်းဒီအော ဆု သုံးကြိမ်ရထားတဲ့ ကစားသမားပါလို့ ကလေးဆန်ဆန် ပြန်လည်ချေပတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းကပဲ ဇာဗီက "စီရိုနယ်လ်ဒိုဟာ အလွန်ထူးခြားတဲ့ ကစားသမားပါ။ ဒါပေမယ့် သူ့ကိုလည်း မက်ဆီနဲ့သွားပြီး ခိုင်းနှိုင်းလို့တော့ မရပါဘူး။ မက်ဆီဟာ ပိုပြီးမြင့်တဲ့ အဆင့်တစ်ရပ်မှာ ရှိနေတဲ့သူမျိုးပါ" လို့ မှတ်ချက်ချခဲ့တာဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုကတော့ ဇာဗီအနေနဲ့ သူ့အကြောင်း ဘာပြောပြော သတင်းခေါင်းစဉ်အဖြစ် ဖော်ပြခံရမှာကို သိလို့ အခုလိုပြောကြားခဲ့တယ်လို့ ဆိုပါတယ်။စီရိုနယ်လ်ဒို ဟာ ယူရို-၂၀၁၆ ဗိုလ်လုပွဲမှာ ရရှိခဲ့တဲ့ ဒဏ်ရာပြဿနာ ကြောင့် နှစ်လကြာအနားယူနေခဲ့ရာက လာလီဂါပွဲစဉ်(၃) အိုဆာစူနာနဲ့ပွဲမှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ပြန်လည်ဝင်ရောက်ကစားပေးခဲ့သလို ချက်ချင်းဆိုသလို သွင်းဂိုးလည်း သွင်းယူနိုင်ခဲ့ပါတယ်။

စီရိုနယ်လ်ဒိုက "ကျွန်တော်သာ ရီးယဲလ်ဥက္ကဋ္ဌ ဖြစ်ရင် ကျွန်တော့်လို ကစားသမားရဲ့ စာချုပ်ကို နောက် ၁၀ နှစ်ကျော်လောက်အထိ သက်တမ်းတိုးဖြစ်မှာပါ" လို့ ဆိုပါတယ်။ စီရိုနယ်လ်ဒိုနဲ့ ရီးယဲလ်မက်ဒရစ်အသင်း ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်က ၂၀၁၈ ခုနှစ်အရောက်မှာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ် အသင်းက အဓိက ကစားသမားတွေဖြစ်တဲ့ စီရိုနယ်လ်ဒို၊ လူကာမိုဒရစ်၊ ကက်စီမီရို၊ ဂါရတ်ဘေးလ်တို့လေးဦးကို စာချုပ်သက်တမ်းတိုးဖို့ ဆွေးနွေးနေကာ လာမယ့် ဇန်နဝါရီလလောက်မှာ အပြီးသတ်ဆောင်ရွက်သွားဖို့ရှိ နေတယ်လို့ ဂိုးလ်ဒေါ့ကွန်းက စက်တင်ဘာ ၉ ရက်မှာ ဖော်ပြခဲ့ပါတယ်။

ဒီနေ့ခေတ် ဘောလုံးလောကမှာ မက်ဆီနဲ့ စီရိုနယ်လ်ဒို ဘယ်သူပိုကောင်းလဲဆိုတာ ထင်မြင်ချက် အမျိုးမျိုးပေးနေကြပြီး အများစုကတော့ မက်ဆီကသာ ပိုသာတဲ့ ကစားသမားအဖြစ် လက်ခံထားကြပါတယ်။ စီရိုနယ်လ်ဒို မန်ယူအသင်းမှာ ကစားစဉ်ကတည်းက သူတို့နှစ်ဦးကို နှိုင်းယှဉ်ပြီး အဖြေထုတ်နေခဲ့ကြကာ စီရိုနယ်လ်ဒို ရီးယဲလ်ကို ပြောင်းရွှေ့ခဲ့တဲ့နောက်ပိုင်း ယှဉ်တွဲခိုင်းနှိုင်းမှုတွေ ပိုမိုကျယ်ပြန့်လာပြီး ဂလက်စီကို ပွဲစဉ်ကိုတောင် မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦး ဘလွန်းဒီ အောဆု ပြိုင်ပွဲလို့ မြင်လာကြပါတယ်။ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ ရှစ်နှစ်တာကာလအတွင်း ဘလွန်းဒီ အောဆုကို မက်ဆီက ငါးကြိမ် (၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၅)၊ စီရိုနယ်လ်ဒိုက သုံးကြိမ်( ၂၀၀၉၊ ၂၀၁၃၊၂၀၁၄) စီရယူနိုင်ခဲ့ပြီး နိုင်ငံအသင်းအတွက် ကမ္ဘာ့ဖလားနဲ့ ယူရိုချန်ပီယံဆုတွေ ခြေစွမ်းပြပြီး ရယူပေး ခဲ့တဲ့ အင်နီယေစတာ၊ ဇာဗီနဲ့ ရှုအာတို့လို ကစားသမား တွေတောင် သူတို့နှစ်ဦးကို ကျော်လွန်ပြီး တစ်ကြိမ် တစ်ခါမျှ ဆွတ်ခူးခဲ့ခြင်းမရှိပါဘူး။

# ဒီယေဂိုကော်စတာ ဒေါသကို ထိန်းချုပ်ရမည်ဟု ကွန်တီအကြံပြု

တိုက်စစ်မှူးကော်စတာအနေဖြင့် ပြိုင်ဘက်ကစားသမား တိုင်း၏ ပစ်မှတ်ဖြစ်နေခြင်းကို ရှောင်ရှားနိုင်ရန်အတွက် ကွင်းအတွင်းဝင်ရောက်ကစားသည်နှင့် လွန်ကြူးသည့် ခံစားချက်ကို ထိန်းသိမ်းထားရမည်ဟု ချယ်လ်ဆီးနည်းပြ ကွန်တီက အကြံပြုခဲ့သည်။ တိုက်စစ်မှူး ကော်စတာမှာ ခြေစွမ်းကောင်းမွန်သော်လည်း သူ၏ ဒေါသလွန်ကဲသည့် အပြုအမူများကြောင့် ဘောလုံးလူဆိုးအဖြစ် နာမည်ဆိုး ဖြင့် ကျော်ကြားနေသူဖြစ်သည်။

ကော်စတာမှာ ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲအတွင်း အဝါကတ်နှစ်ကြိမ်ပြသခံခဲ့ရပြီးဖြစ်ရာ နောက်ပိုင်း ပွဲစဉ် များတွင်လည်း ပြိုင်ဘက်တိုင်းကို ရန်လို စိန်ခေါ်တတ် သည့် အမူအကျင့်ကြောင့် ပွဲပယ် ပြစ်ဒဏ် ချမှတ်ရမည် ကို ကွန်တီက စိုးရိမ်နေခြင်းဖြစ်သည်။

"ကော်စတာဟာ စိတ်ခံစားချက် ပြင်းထန်တတ်သူ ဖြစ်တော့ အဝါကတ်တွေ မလိုအပ်ဘဲ ပြသခံနေရပါ တယ်။ ကျွန်တော်ကတော့ သူ့ကို ပွဲတိုင်း ဝင်ရောက် ကစားစေချင်တော့ ဒီလိုမျိုးတွေ လုပ်ဆောင်နေတာကို တတ်နိုင်သမျှ ရှောင်ကြဉ်ဖို့ ပြောထားပြီးပါပြီ။ ဒီ အခြေ အနေကိုလည်း သူကောင်းကောင်းသဘောပေါက်ပါ တယ်" ဟု ကွန်တီက ပြောကြားခဲ့သည်။

ချယ်လ်ဆီး၏ ရာသီအစပွဲစဉ်နှစ်ပွဲလုံးတွင် ကော်စတာ၏ နောက်ကျဂိုးများကြောင့် အနိုင်ရလဒ်များ ရရှိခဲ့သလို စပိန်လက်ရွေးစင်အသင်းအတွက် ပြန်လည် ကစားခဲ့ရာတွင်လည်း သွင်းဂိုးများ သွင်းယူနိုင်ခဲ့သည်။

**မေ လဲ့ သင်း ရေး သား သည်**

# မန်ချက်စတာဒါဘီမှ ဘရာဗို၏ စွမ်းဆောင်ရည်အပေါ် ဂွါဒီယိုလာကာကွယ်

မန်ချက်စတာဒါဘီတွင် မန်စီးတီးအသင်း ပထမပိုင်းတစ်လျှောက်လုံး အကောင်းဆုံး ကစားနိုင်ခြင်းမှာ ဘရာဗိုကြောင့်ဖြစ်သည်ဟု ယင်းပွဲစဉ်တွင် အမှားအယွင်းများခဲ့သည့် ဂိုးသမား ဘရာဗို၏ စွမ်းဆောင်ရည်နှင့် ပတ်သက်ပြီး နည်းပြဂွါဒီယိုလာက ကာကွယ်စကားဆိုလိုက်သည်။

ဂွါဒီယိုလာသည် သူ၏အသင်းဟောင်း ဘာစီလိုနာမှ ဂိုးသမားဘရာဗိုအား ခေါ်ယူခဲ့ပြီးနောက် မန်စီးတီးအဓိကဂိုးသမား ဂျိုးဟတ်ကို စီးရီးအေကလပ် တိုရီနိုအသင်းသို့ အငှားချခဲ့သည်။ ဂွါဒီယိုလာမှာ ဘရာဗိုအား အရေးကြီးသည့် မန်ချက်စတာဒါဘီပွဲစဉ်တွင် ပွဲဦးထွက်အဖြစ် ဝင်ရောက်ကစားစေကာ ယုံကြည်မှုပေးခဲ့သော်လည်း ဘရာဗို၏ အမှားကြောင့် မန်ယူအသင်းအား ချေပဂိုးတစ်ဂိုး ခွင့်ပြုခဲ့ရသလို ပွဲစဉ်တစ်လျှောက် အမှားမှားအယွင်းယွင်းပုံစံ များကြောင့် တိုက်စစ်မှူးနာချိုနှင့် နိုလီတိုတို့ကိုပင်ထုတ်ကာ ကွင်းလယ်နှင့် နောက်တန်းခံစစ်အင်အားကို ထပ်မံဖြည့်စွမ်း၍ အနိုင်ရလဒ်ကို ထိန်းခဲ့ရသည်။

ဂွါဒီယိုလာက ဘရာဗိုကဲ့သို့ တိုက်စစ်ပိုင်းထိရောက်အောင် ပံ့ပိုးပေးသည့် ဂိုးသမားမျိုးကို ၎င်းအနေဖြင့် အလွန်ကြိုက်နှစ်သက်သလို ဒုတိယပိုင်း တွင်လည်း ပုံစံကောင်းတစ်ရပ်ကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်ဟု ဆိုခဲ့ သည်။ မန်စီးတီးအသင်းသည် ဒီဘရိုင်းနှင့် နာချိုတို့သွင်းယူခဲ့သော ဂိုးများ ကြောင့် ပထမပိုင်း ပွဲချိန်ပြည့်နီးပါး သက်သောင့်သက်သာ အနေအထားဖြင့် ဦးဆောင်ခဲ့သော်လည်း ပထမပိုင်း ပြီးဆုံးခါနီး ဝိန်းရွန်းနီ၏ အလွတ်တည်ကန် ဘောမှတစ်ဆင့် တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ် မြေမကျ ကန်သွင်းခဲ့သည့် ချေပဂိုးမှာ ဘရာဗို၏ အမှားကြောင့် ဖြစ်သည်။

ဂွါဒီယိုလာ၏ နည်းဗျူဟာ အခင်းအကျင်းအရ ဘောလုံးကို ဂိုးသမားမှ စတင်ပေးပို့ပြီး နောက်-အလယ်-ရှေ့ အဆင့်ဆင့် ချိတ်ဆက်သည့်စနစ်ကျင့် သုံးခြင်းဖြစ်ရာ ဂျိုးဟတ်ကို အငှားချ၍ ဘရာဗိုဖြင့် အစားထိုးခဲ့ခြင်းဖြစ်သည်။ ဘရာဗိုမှာ ရွန်းနီအား ခြေစုံပစ်ဝင်ကာ ဘောလုံးလမ်းကြောင်း တားဆီးခဲ့သော် လည်း ကံကောင်း၍သာ ပင်နယ်တီမပေးခဲ့ရခြင်းဖြစ်သလို အဝါကတ်၊အနီကတ် ပြသခြင်း မခံခဲ့ရပေ။ သို့သော် အမ်ခီတာယန်နှင့် အီဗရာဟီမိုဗစ်ချ်တို့ အပေး အယူလုပ်ကာ ကန်သွင်းခဲ့သည့် သေချာပေါက်ဂိုးပေးရနိုင်သည့် အနီးကပ် ပိတ်သွင်းချက်ကိုမူ လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။



# အလာဗက်စ်အား ရှုံးနိမ့်ခဲ့သည့် ရလဒ်အတွက် တာဝန်ယူသည်ဟု ဘာစီလိုနာနည်းပြ အင်းနရစ်ဆို

လာလီဂါပွဲစဉ်(၃)တွင် ဘာစီလိုနာအသင်းသည် အလာဗက်စ်အသင်းအား အိမ်ကွင်း၌ပင် နှစ်ဂိုး-တစ်ဂိုးဖြင့် အံ့အားသင့်ဖွယ် အရေးနိမ့်ခဲ့ပြီးနောက် အဆိုပါရလဒ်အတွက် ကစားသမားများကို အပြစ်တင်ရန်မရှိဘဲ မိမိတစ်ဦး တည်း၏ တာဝန်ပင်ဖြစ်ကြောင်း ဘာစီလိုနာနည်းပြ အင်းနရစ်က ဆိုလိုက် သည်။ ဘာစီလိုနာအသင်းမှာ ချန်ပီယံလိဂ်ပွဲရှိနေခြင်းကြောင့် အဓိက တိုက်စစ်မှူး မက်ဆီနှင့် ဆွာရက်ဇ်တို့နှစ်ဦးကို အရန်ကစားသမားအဖြစ်သာ ထားရှိခဲ့ပြီး အိုလံပစ်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့ရသည့် နေမာတစ်ဦးတည်းကိုသာ ပွဲထွက်ကစားသမားအဖြစ် အင်းနရစ် အသုံးပြုခဲ့သည်။

အင်းနရစ်က အလာဗက်စ်နည်းပြ ပယ်လီဂရီနီ အသုံးပြုခဲ့သည့် ၅-၄-၁ ကစားကွက်မှာ ၎င်းကို အမှန်တကယ် အံ့အားသင့်စေခဲ့ပြီး မည်သည့်အသင်းကိုမျှ အနိုင်ရရှိရန် မလွယ်ကူဟူသော အချက်ကိုပါ သင်ခန်းစာရရှိခဲ့ကြောင်း ဆိုခဲ့သည်။အဆိုပါ ပွဲစဉ်တွင် အင်းနရစ်မှာ ပွဲထွက် လူစာရင်းကို များစွာအပြောင်းအလဲ ပြုခဲ့ခြင်းကြောင့် ရလဒ်ပိုင်း ဆိုးရွားသွား ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ရှုံးနိမ့်မှုကြောင့် ဘာစီလိုနာအသင်းသည် အမှတ်ပေးဇယားအဆင့်(၄)နေရာအထိရောက်ရှိသွားခဲ့ပြီး စက်တင်ဘာ ၁၃ ရက်တွင် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဆဲလ်တစ်အသင်းအား အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်သည်။

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း**
**(၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်။ )**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်။
(ခ) **နိုင်ငံတော်သမ္မတ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတကိုဆိုသည်။
(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။
(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။
(င) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုဆိုသည်။
(စ) **အဖွဲ့ဝင်**ဆိုသည်မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အပါအဝင် အဖွဲ့ဝင်တစ်ဦးဦးကိုဆိုသည်။
(ဆ) **ကော်မရှင်ရုံး**ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။
(ဇ) **အတွင်းရေးမှူး** ဆိုသည်မှာ ကော်မရှင်ရုံး၏ ရုံးလုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတွင်းရေးမှူးကို ဆိုသည်။
(ဈ) **အဆိုပြုချက်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ပုဒ်မ ၃၅ တွင် ဖော်ပြထားသည့် လုပ်ငန်းများ၌ လုပ်ကိုင်လိုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် လိုအပ်သည့် စာချုပ်၊ စာရွက်စာတမ်း အထောက်အထားများ ပူးတွဲကာတင်ပြသော လျှောက်လွှာကိုဆိုသည်။
(ည) **ခွင့်ပြုမိန့်**ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံရန် တင်ပြလာသော အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ သဘောတူခွင့်ပြုချက်ကိုဖော်ပြသည့် အမိန့်ကို ဆိုသည်။
(ဋ) **အတည်ပြုလျှောက်ထားလွှာ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက အခန်း(၁၂) မြေ အသုံးပြုခွင့်နှင့် အခန်း(၁၈) ပုဒ်မ ၇၈၊ ၈၀နှင့် ၈၁ ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားနိုင်ရန်အလို့ငှာ ကော်မရှင်၏ အတည်ပြုမိန့်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့်လိုအပ်သည့် အထောက်အထားများ ပူးတွဲကာတင်ပြသောလျှောက်လွှာကိုဆိုသည်။
(ဌ) **အတည်ပြုမိန့်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူမှ တင်ပြလာသော အတည်ပြုလျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အတည်ပြုချက်ကိုဖော်ပြသည့် အမိန့်ကိုဆိုသည်။
(ဍ) **နိုင်ငံသား** ဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတို့လည်း ပါဝင်သည်။ ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့်သာ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်းပါဝင်သည်။
(ဎ) **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံသားကိုဆိုသည်။ ယင်း စကားရပ်တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့် ယင်းကိုဆက်ခံသည့်ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီ၊ ရုံးခွဲများနှင့် အခြားစီးပွားရေးအဖွဲ့အစည်းများလည်းပါဝင်သည်။
(ဏ) **နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံသားမဟုတ်သူကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့် ယင်းကို ဆက်ခံသည့် ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသည့် နိုင်ငံခြားကုမ္ပဏီ၊ ရုံးခွဲ၊ အခြားစီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံတစ်နိုင်ငံမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းများလည်း ပါဝင်သည်။
(တ) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ရင်းနှီးမြှုပ်နှံမှုကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ သို့မဟုတ် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ ကိုဆိုသည်။
(ထ) **ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ဤဥပဒေနှင့်အညီ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် ပိုင်ဆိုင်ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ပုဒ်မ ၄၂ ပါ ရင်းနှီးမြှုပ်နှံမှုများလည်း အပါအဝင်ဖြစ်သည်။
(ဒ) **တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံသူက ဥပဒေနှင့်အညီ လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားသည့် ပိုင်ဆိုင်ပစ္စည်းအပေါ် ထိန်းချုပ်ခွင့် သို့မဟုတ် လွှမ်းမိုးခွင့်နှင့် လုပ်ငန်းစီမံခန့်ခွဲခွင့်တို့ရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ဆိုသည်။
(ဓ) **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက နိုင်ငံတော်အတွင်းပြုလုပ်သည့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆိုသည်။
(န) **စီးပွားရေးအဖွဲ့အစည်း**ဆိုသည်မှာ-
(၁) တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ ရန်ပုံငွေအဖွဲ့၊ အစုစပ်၊ တစ်ဦးတည်းပိုင်၊ ဖက်စပ်၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် အလားတူအဖွဲ့အစည်းများ အပါအဝင် တရားဝင်စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။
(၂) တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် အဆိုပါ တရားဝင်စီးပွားရေးအဖွဲ့အစည်း၏ ရုံးခွဲတစ်ခုကိုဆိုသည်။
(ပ) **လွတ်လပ်စွာ အသုံးပြုနိုင်သည့်ငွေကြေး** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) ၏ သဘောတူညီချက်စာချုပ်အပိုဒ်၃၀(စ)နှင့် ၎င်းကိုပြင်ဆင်သောပြင်ဆင်ချက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုများအတွက် လွှဲပြောင်းပေးခြင်းများနှင့် ငွေကြေးဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ခြင်းပြုလုပ်နိုင်ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ သုံးစွဲလျက်ရှိသော ငွေကြေးကို ဆိုသည်။
(ဖ) **ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ရင်းနှီးမြှုပ်နှံသူ၏ လျှောက်ထားမှုအပေါ် ကော်မရှင်က စိစစ်ခွင့်ပြုနိုင်သည့် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုဆိုသည်။
(ဗ) **ဆောင်ရွက်ချက်များ** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကဖြစ်စေ၊ ယင်းတို့က အခွင့်အာဏာအပ်နှင်းထားသည့်အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကဖြစ်စေ ချမှတ်ထားသော သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ သို့မဟုတ် အလေ့အထများစသည်တို့ကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့်တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊
(ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကာအကွယ်ပေးရန်၊
(ဂ) ပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊
(ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊
(င) စွမ်းဆောင်ရည်မြင့်မားသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊
(စ) နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊
(ဆ) အခြေခံအဆောက်အအုံများအပါအဝင် ပညာရပ်နယ်ပယ်အသီးသီးနှင့် နိုင်ငံတော်တစ်ဝန်းလုံး၌ ဖွံ့ဖြိုးတိုးတက်စေရန်၊
(ဇ) နိုင်ငံသားများအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ယှဉ်တွဲလုပ်ကိုင် ဆောင်ရွက်နိုင်စေရန်၊
(ဈ) နိုင်ငံတကာစံနှုန်းနှင့်ညီသော စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်။

**အခန်း(၃)**
**ဥပဒေ၏အကျုံးဝင်မှုနယ်ပယ်**

၄။ ဤဥပဒေသည် နိုင်ငံတော်၏နယ်နိမိတ်အတွင်း ဤဥပဒေစတင်အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် လုပ်ငန်းလည်ပတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် သို့မဟုတ် ဤဥပဒေပြဋ္ဌာန်းပြီးနောက် အသစ်ဖွဲ့စည်းတည်ထောင်လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံမှုအားလုံးနှင့် အကျုံးဝင်သက်ဆိုင်စေရမည်။ သို့ရာတွင် ဤဥပဒေအာဏာမသက်ဝင်ခင်က ဖြစ်ပွားလျက်ရှိသည့် တည်ဆဲရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများ သို့မဟုတ် ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက ခွင့်ပြုမိန့်ရရှိပြီး လုပ်ငန်းလုပ်ဆောင်မှု ရပ်ဆိုင်းထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် ဤဥပဒေနှင့်အကျုံးဝင်သက်ဆိုင်မှုမရှိစေရ။

၅။ ဤဥပဒေ၏ အခန်း(၂၁)နှင့် အခန်း(၂၂) ပါ ပြဋ္ဌာန်းချက်များအတွက် ပြုလုပ်သော ဆောင်ရွက်ချက်များမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ချမှတ်ထားသော သို့မဟုတ် ထိန်းသိမ်းထားသော မည်သည့်ဆောင်ရွက်ချက်များမဆို ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

**အခန်း(၄)**
**ကော်မရှင်ဖွဲ့စည်းခြင်း**

၆။ ကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-
(က) နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ဝင်များထဲမှ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦး ရွေးချယ်အဆိုပြု၍ အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် ဥက္ကဋ္ဌတစ်ဦး၊
(ခ) အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် ဒုတိယဥက္ကဋ္ဌတစ်ဦး၊
(ဂ) အဖွဲ့ဝင်များအဖြစ် အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍမှကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ဂုဏ်သိက္ခာသမာဓိနှင့် ပြည့်စုံသည့် သင့်လျော်သော ပုဂ္ဂိုလ်များ၊
(ဃ) ရာထူးအလျောက် ကော်မရှင်ရုံးအကြီးအမှူးဖြစ်သည့် အတွင်းရေးမှူးတစ်ဦး၊

၇။ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်အနည်းဆုံး ၉ ဦးနှင့် အထက် “မ”ဂဏန်း အရေအတွက်ဖြင့် ဖွဲ့စည်းတည်ထောင်ရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနမှ ခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိစေရမည်။

၉။ အတွင်းရေးမှူးမှတစ်ပါး ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ရွေးကောက်ခံအစိုးရ၏ သက်တမ်းနှင့်အညီဖြစ်သည်။ အတွင်းရေးမှူးသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်းနှစ်ကြိမ်ထက် ပိုမိုတာဝန်ထမ်းဆောင်ခြင်း မရှိစေရ။

၁၁။ ရွေးကောက်ခံအစိုးရသည် အစိုးရတာဝန်ယူသည့်နေ့မှစ၍ (၂) လအတွင်း ကော်မရှင်အား အသစ်ပြန်လည်ဖွဲ့စည်းရမည်။

၁၂။ ကော်မရှင်ရုံးအကြီးအမှူးသည် ကော်မရှင်၏အတွင်းရေးမှူးအဖြစ်တာဝန်ထမ်းဆောင်ရမည့်အပြင် ကော်မရှင်က သတ်မှတ်ပေးထားသော အခြားလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

၁၃။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏လုပ်ငန်းတာဝန်များအနက် သီးခြားသတ်မှတ်ပေးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို စာဖြင့်ရေးသား၍ ကော်မရှင်ရုံးအရာထမ်း တစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ရာတွင် တာဝန်ပေးအပ်ခြင်းခံရသူသည် တာဝန်ပေးအပ်သည့် စာတွင် ဖော်ပြထားသော လုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရမည်။ အဆိုပါ လွှဲအပ်သည့်စာအား မည်သည့်အချိန်တွင်မဆို စာဖြင့်ပြန်လည်ရုပ်သိမ်းနိုင်သည်။

**အခန်း(၅)**
**ကော်မရှင်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် လစ်လပ်နေရာ ဖြည့်စွက်ခန့်ထားခြင်း**

၁၄။ ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံစာဖြင့် တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၅။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကျန်ကော်မရှင်အဖွဲ့ဝင်များနုတ်ထွက်လိုပါက ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရာထူးမှနုတ်ထွက်နိုင်သည်။

၁၆။ အစိုးရအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက တာဝန်မှရပ်စဲနိုင်သည်-
(က) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏စစ်ဆေးတွေ့ရှိချက်အရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့သည်အထိ ကျန်းမာရေး ချို့ယွင်းခြင်း၊
(ခ) ကွယ်လွန်ခြင်း၊
(ဂ) တရားရုံးတစ်ခုခုကပြစ်မှုကြောင်းအရ ထောင်ဒဏ်ချမှတ်ခံရခြင်း၊
(ဃ) တရားရုံးတစ်ခုခုက လူမွဲအဖြစ်ကြေညာခံရခြင်း၊
(င) မိမိအားပေးအပ်ထားသော တာဝန်များကို ကောင်းမွန်ကျေပွန်စွာ အကောင်အထည်မဖော်နိုင်ခြင်း။

၁၇။ အစိုးရအဖွဲ့သည်-
(က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာ လစ်လပ်လျှင် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ အဖွဲ့ဝင်အသစ် ဖြည့်စွက်ခန့်ထားရမည်။
(ခ) လစ်လပ်သောရာထူးသည် ကော်မရှင်ဥက္ကဋ္ဌရာထူးနေရာဖြစ်ပါက အသစ်ဖြည့်စွက်ခန့်ထားခြင်း မပြုနိုင်မီအတွင်း ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ခြင်းရှိပြီး ဥက္ကဋ္ဌရာထူးနှင့် ထိုက်တန်သည်ဟု ထင်မြင်ယူဆသူ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် ယာယီတာဝန်ပေး ခန့်အပ်နိုင်သည်။

၁၈။ ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန်ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်အဖွဲ့ဝင် အသစ်ခန့်အပ်ပြီးသည့် အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

၁၉။ ပုဒ်မ ၉ ပါ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ လစ်လပ်ရာထူးတွင် ပုဒ်မ ၁၇ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့် ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်ရမည်။

**စာမျက်နှာ ၁၆ သို့**

## ဥပဒေကြမ်း

စာမျက်နှာ ၁၅ မှ

၂၀။ အတွင်းရေးမှူးသည် ကော်မရှင်၏ နေ့စဉ်လုပ်ငန်းတာဝန်များနှင့် ကော်မရှင်၏ ကိစ္စအဝဝနှင့်သက်ဆိုင်သည့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိသည်။

၂၁။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်သို့ တင်ပြလာသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍အကျိုးစီးပွားပါဝင်ပတ်သက်မှုရှိနေသည်ဆိုပါက အဆိုပါအကျိုးစီးပွား ပါဝင်ပတ်သက်မှုရှိသည်ဆိုသည့်အကြောင်းကို ကော်မရှင်သို့ အတိအလင်းထုတ်ဖော်ပြောဆိုရမည်။ အဆိုပါထုတ်ဖော်ပြောဆိုချက်ကို ကော်မရှင်၏အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းပြုရမည်ဖြစ်ပြီး အဆိုပါအဖွဲ့ဝင်သည် ၎င်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ဆုံးဖြတ်ခွင့်၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ဆွေးနွေးမှုတို့တွင်ပါဝင် ဆောင်ရွက်ခြင်း မရှိစေရ။

၂၂။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်သို့တင်ပြလာသည့် အတည်ပြုလျှောက်ထားလွှာနှင့်စပ်လျဉ်း၍ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးစီးပွား ပါဝင်ပတ်သက်မှုရှိနေသည်ဆိုပါက အဆိုပါအကျိုးစီးပွားပါဝင်ပတ်သက်မှုရှိသည်ဆိုသည့်အကြောင်းကို ကော်မရှင်ရုံးသို့ အတိအလင်းထုတ်ဖော်ပြောဆိုရမည်။ အဆိုပါ ထုတ်ဖော်ပြောဆိုချက်ကို ကော်မရှင်ရုံးတွင် မှတ်တမ်းပြုထားရမည်။အဆိုပါအဖွဲ့ဝင်သည် ၎င်းအတည်ပြုလျှောက်ထားလွှာနှင့် စပ်လျဉ်း၍ ကော်မရှင်ရုံး၏ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း မရှိစေရ။

### အခန်း(၆)
### ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၃။ ကော်မရှင်သည် မိမိ၏လုပ်ပိုင်ခွင့်များကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ ကော်မရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံသူများနှင့် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအတွက် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးရန် အဓိကတာဝန်ရှိသည့် ရုံးဌာနအဖြစ် ဆောင်ရွက်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူများနှင့်ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့စေရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဃ) ပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမျှော်မှန်းချက်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများကို အကြံပြုခြင်း၊

(င) ကော်မရှင်ရုံး ဝန်ထမ်းများအတွက် မူဝါဒလမ်းညွှန်ချက်များ သို့မဟုတ် အကြံပြုတိုက်တွန်းချက်များကို ထုတ်ပြန်ခြင်း၊

(စ) ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(ဆ) ကော်မရှင်က ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်ပြအစီရင်ခံခြင်း၊

(ဇ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရလည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်ပေးခြင်း၊

(ဈ) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူစေရန်လည်းကောင်း၊ အားပေးအထောက်အကူပြုရန်လည်းကောင်း အစိုးရအဖွဲ့သို့ အကြံပြုတင်ပြဆောင်ရွက်ခြင်း၊

(ည) သဘာဝသယံဇာတပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ တွေ့ရှိလျှင် အကြောင်းကြားခြင်းမပြုဘဲ လက်ဝယ်သိမ်းဆည်းထားခြင်း၊ ပုံသဏ္ဌာန် ပြောင်းလဲခြင်း၊ ဖျောက်ဖျက်ခြင်းအစရှိသည်တို့ပြုလုပ်ကြောင်း သိရှိရပါက သက်ဆိုင်ရာ တရားဥပဒေ လုပ်ထုံးလုပ်နည်း စည်းကမ်းများနှင့်အညီ အရေးယူခြင်း၊

(ဋ) ရင်းနှီးမြှုပ်နှံသူနှင့် ၎င်း၏ရင်းနှီးမြှုပ်နှံမှုအား ဤဥပဒေ၊ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့် ကြော်ငြာစာနှင့် ညွှန်ကြားချက်များ၊ စာချုပ်ပါ အချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ လိုက်နာဆောင်ရွက်မှု မရှိပါက လိုက်နာဆောင်ရွက်စေခြင်းနှင့် လိုက်နာဆောင်ရွက်မှုမရှိသော ရင်းနှီးမြှုပ်နှံသူနှင့် ၎င်း၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီအရေးယူခြင်း၊

(ဌ) ကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများအား ပြန်လည်သုံးသပ်ခြင်းနှင့် သုံးသပ်တွေ့ရှိချက်များအား အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဍ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၂၅။ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ ကော်မရှင်၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည့်ကဏ္ဍ၊ ရင်းနှီးမြှုပ်မှုလုပ်ငန်း ဆောင်ရွက်ရန် ကန့်သတ်သည့်၊ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများကို သတ်မှတ်၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခြင်း၊

(ခ) နိုင်ငံတော်အတွက်မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း အမျိုးအစားများ၊ မတည်ငွေရင်း ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် သက်ရောက်မှုဖြစ်ပေါ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို သတ်မှတ်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူမှ ကော်မရှင်သို့ အဆိုပြုချက်တင်ပြလာသည့်အခါ ယင်းအဆိုပြုချက်သည် နိုင်ငံတော်၏ အကျိုးစီးပွားကိုဖြစ်ထွန်းစေနိုင်သည်ဟု ယူဆပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် မဆန့်ကျင်ကြောင်း စိစစ်တွေ့ရှိပါက ခွင့်ပြုမိန့်ကို ရင်းနှီးမြှုပ်နှံသူအား ထုတ်ပေးခြင်း၊ ယင်းအခြေအနေများနှင့် မကိုက်ညီပါက ငြင်းပယ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူက ကော်မရှင်သို့ အတည်ပြုလျှောက်ထားလွှာကို ပြည့်စုံစွာ တင်ပြလာလျှင် လိုအပ်သည့် စိစစ်မှုများပြုလုပ်၍ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်မှုမရှိပါက အတည်ပြုမိန့်ကို ရင်းနှီး မြှုပ်နှံသူအားထုတ်ပေးခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့်သက်တမ်း သို့မဟုတ် အတည်ပြုမိန့် သက်တမ်းကို တိုးမြှင့်ပေးရန်ဖြစ်စေ၊ ပြင်ဆင်ပေးရန်ဖြစ်စေ တင်ပြလာလျှင် စိစစ်၍ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) လိုအပ်ပါက ရင်းနှီးမြှုပ်နှံသူထံမှ ၎င်း၏ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် အထောက်အထားများကိုဖြစ်စေ၊ အချက်အလက်များကိုဖြစ်စေ တင်ပြရန် တောင်းခံရယူခြင်း၊

(ဆ) ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့် (သို့မဟုတ်) အတည်ပြုမိန့်ရရှိရန် ကော်မရှင်သို့ ပူးတွဲတင်ပြခဲ့သော စာချုပ်စာတမ်းအထောက်အထားများသည် မှန်ကန်မှုမရှိကြောင်း သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း ခိုင်လုံသောသက်သေခံအထောက်အထားများ ပေါ်ပေါက်လျှင် တည်ဆဲဥပဒေနှင့်အညီ အရေးယူနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) ရင်းနှီးမြှုပ်နှံသူက ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာလျှင် လိုအပ်သလို စိစစ်ခွင့်ပြုပေးခြင်း၊

(ဈ) အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် (သို့မဟုတ်) နှစ်ရပ်စလုံးအား ခံစားခွင့်မပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ည) ဤဥပဒေအရ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အခြားလိုအပ်သော အဖွဲ့အစည်းများထံမှ ကော်မရှင်၏လုပ်ငန်း တာဝန်နှင့် သက်ဆိုင်သည့်အကူအညီများနှင့် သတင်းအချက်အလက်များကို တောင်းခံရယူခြင်း၊

(ဋ) ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပေါ်မူတည်၍ သင့်လျော်သည့် တည်ဆောက်ရေးကာလ သို့မဟုတ် ပြင်ဆင်ချိန်ကာလကို စိစစ်ခွင့်ပြုခြင်း၊

(ဍ) အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသော ယာယီတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြည်ပမှတင်သွင်းသော စက်နှင့်စက်ပစ္စည်းကိရိယာများ ယာယီတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ စိစစ်ခွင့်ပြုခြင်း၊

(ဎ) ဤဥပဒေအား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အငြင်းပွားမှုဖြေရှင်းသည့်အဆင့်သို့ မရောက်ရှိမီ အငြင်းပွားမှုများအား စနစ်တကျစိစစ်ခြင်း၊ အကြောင်းအရင်းအမြစ်ဖော်ထုတ်ခြင်း၊ တုံ့ပြန်ခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ နစ်နာဆုံးရှုံးမှုများကိုဖြေရှင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်သော စနစ်တစ်ခု တည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

၂၆။ ကော်မရှင်ရုံးသည် မှတ်ပုံတင်ခြင်းအပါအဝင် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၇။ ကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပြည်တွင်း၊ ပြည်ပ သင်တန်းများသို့ စေလွှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၈။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကော်မတီများနှင့်အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၂၉။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်ရုံးခွဲများကို ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် လိုအပ်သလိုဖွင့်လှစ်နိုင်သည်။

### အခန်း(၇)
### အစည်းအဝေးကျင်းပခြင်း

၃၀။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည်-

(က) ကော်မရှင်၏ပုံမှန်အစည်းအဝေးများကို အဆိုပြုချက်များ လက်ခံရရှိမှုအပေါ် မူတည်၍ တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပခြင်း၊

(ခ) လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

၃၁။ ကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်နိုင်သည့်အခါ ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ရမည်။

၃၂။ အစည်းအဝေး ကျင်းပရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအပါအဝင် ကော်မရှင်အဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၃၃။ ကော်မရှင်သည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်များ၏ ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အစည်းအဝေး တက်ရောက်နိုင်ခြင်းမရှိသည့် အဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိစေရ။

၃၄။ ကော်မရှင်သည် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်သည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာဌာနများနှင့် ပြင်ပအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများကို အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးပေးရန်ဖိတ်ကြားနိုင်သည်။

၃၅။ ကော်မရှင်သည်အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်းကို အထောက်အကူပြုမည့်သူများအား တက်ရောက်ရှင်းလင်းတင်ပြခွင့်၊ ဆွေးနွေးခွင့်ပြုနိုင်သည်။

၃၆။ ကော်မရှင်အဖွဲ့ဝင်များသည် ၎င်းတို့၏ ထူးခြားသည့် ဆောင်ရွက်ချက်များကို ကော်မရှင်၏ အနီးကပ်ဆုံးပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

### အခန်း(၈)
### အဆိုပြုချက် တင်သွင်းခြင်း

၃၇။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေတွင်ဖော်ပြထားသော နိုင်ငံတော်အတွက် မဟာဗျူဟာအရအရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ၊ မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် သက်ရောက်မှုဖြစ်ပေါ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ နိုင်ငံတော်ပိုင်မြေ၊ အဆောက်အအုံများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေရန် အစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေပြီး ခွင့်ပြုမိန့်ရရှိမှသာ ရင်းနှီးမြှုပ်နှံရမည်။

၃၈။ ရင်းနှီးမြှုပ်နှံသူသည် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်နှင့်အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုချက်တင်သွင်းရမည်။

### အခန်း(၉)
### အတည်ပြုလျှောက်ထားလွှာတင်သွင်းခြင်း

၃၉။ ရင်းနှီးမြှုပ်နှံသူသည် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်နှင့်အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှတစ်ပါး အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ပတ်သက်၍ ကော်မရှင်သို့အဆိုပြုချက် တင်ပြရန်မလို။ သို့ရာတွင် ဤဥပဒေ၏အခန်း(၁၂) မြေအသုံးပြုခွင့်နှင့် ပုဒ်မ ၇၈၊ ၈၀ နှင့် ၈၁ ပါ ကင်းလွတ်ခွင့်၊ သက်သာခွင့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားနိုင်ရန်အလို့ငှာ သတ်မှတ်ပုံစံဖြင့် အတည်ပြု လျှောက်ထားလွှာကို ကော်မရှင်ရုံးသို့ တင်ပြရမည်။

၄၀။ အတည်ပြုလျှောက်ထားလွှာတင်သွင်းရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာအဖွဲ့အစည်း၏ ခွင့်ပြုချက် သို့မဟုတ် လိုင်စင် သို့မဟုတ် ပါမစ် သို့မဟုတ် အလားတူ စာရွက်စာတမ်းများ ပူးတွဲ တင်ပြရမည်။

၄၁။ ကော်မရှင်ရုံးသည် ပုဒ်မ ၃၉ အရ တင်ပြလာသော အတည်ပြုလျှောက်ထားလွှာကို လိုအပ်သည့် စိစစ်မှုများပြုလုပ်ပြီး ပြည့်စုံပါကလက်ခံခြင်း၊ ပြည့်စုံမှုမရှိပါက ပြင်ဆင်ဖြည့်စွက်၍ ပြန်လည်တင်ပြစေခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့နှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်ခြင်းပြုနိုင်သည်။

### အခန်း(၁၀)
### ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း

၄၂။ ရင်းနှီးမြှုပ်နှံမှုတွင် အောက်ပါတို့လည်း အပါအဝင်ဖြစ်သည်-

(က) စီးပွားရေးအဖွဲ့အစည်း

(ခ) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အခြားပစ္စည်းဆိုင်ရာ အခွင့်အရေးများ၊ ငွေသား၊ အပေါင်ပစ္စည်းများ၊ အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များ၊ စက်ပစ္စည်း၊ စက်ကိရိယာများ၊ စက်အပိုပစ္စည်းများနှင့် ဆက်စပ်အသုံးအဆောင်များ၊

(ဂ) ကုမ္ပဏီတစ်ခု၏အစုရှယ်ယာများ၊ စတော့(ခ်)များနှင့် ဒီဘင်ချာခေါ် ငွေချေးသက်သေခံလက်မှတ်များ၊

(ဃ) နည်းပညာကျွမ်းကျင်မှု၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်အပါအဝင် ဥပဒေများနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ၊

(င) ငွေရေးကြေးရေးဆိုင်ရာ တန်ဖိုးတစ်ရပ်အဖြစ်ထားရှိသည့် ပဋိညာဉ်စာချုပ်အရ ငွေကြေးအခွင့်အရေးများ (သို့မဟုတ်) ဆောင်ရွက်မှုများ၊

(စ) အကျိုးအမြတ်ခွဲဝေသည့် သဘောတူစာချုပ်များ သို့မဟုတ် ထုတ်လုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ဆောက်လုပ်ခြင်း၊ အလုံးစုံတာဝန်ယူဆောင်ရွက်သည့်စနစ်အပါအဝင် သဘောတူစာချုပ်ပါအခွင့်အရေးများ၊

(ဆ) သဘာဝသယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများအပါအဝင် သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာအခွင့်အရေးများ၊

၄၃။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ကျင့်သုံးခြင်းနှင့် အမျိုးသားရေးမူဝါဒ ရည်မှန်းချက်များကိုအခြေခံ၍ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများနှင့် ကဏ္ဍများကို သတ်မှတ်ရမည်။

ဆက်လက်ဖော်ပြပါမည်။

## တိုင်းရင်းသားလူငယ်များ မူဝါဒရေးဆွဲရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားပြုလုပ်

**လှိုင်ကော် စက်တင်ဘာ ၁၁**

တိုင်းရင်းသားလူငယ်များ မူဝါဒရေးဆွဲရေးဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ကယန်းအမျိုးသား ပါတီဥက္ကဋ္ဌ ခွန်းဘီထူးမှ လူငယ်များကို အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ နော်ဂေးနေဖောက ပြည်နယ် တိုင်းရင်းသားလူငယ်များ မူဝါဒရေးဆွဲရေးဖိုရမ်အခမ်း အနားသို့ တက်ရောက်လာသည့် လူငယ်များအား ကြိုဆို နှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာသော လူငယ်များက မျိုးနွယ်စုအလိုက် အသီးသီးမိတ်ဆက် ကြသည်။

ယင်းနောက် ကယားပြည်နယ်အစိုးရအဖွဲ့မှပေးအပ်သည့် ငွေကျပ် ၂၀၀၀၀၀၀ အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက ပေးအပ်ပြီး UNFPA မှ ငွေကျပ် ၃၅၀၀၀၀၀၊ KSCSN မှ ငွေကျပ် ၂၀၀၅၀၀၀ တို့အား အသီးသီးပေးအပ်ခဲ့သည်။

ယင်းအခမ်းအနားသို့ တိုင်းရင်းသားလူမျိုးစု ရှစ်စုနှင့် လူငယ်အဖွဲ့ ၁၀ ဖွဲ့၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသန်းဌေးတို့တက်ရောက်ကြပြီး စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၁ ရက်ထိ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးနှင့် ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးဟောပြော

**ဝက်လက် စက်တင်ဘာ ၁၁**

ကျေးရွာနေပြည်သူများ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ကွမ်းစားခြင်းတို့ဖြင့် ရရှိနိုင်သောဆိုးကျိုးများကို သိရှိရှောင်ရှားနိုင်ရန်နှင့် အသိပညာဗဟုသုတရှိစေရေး စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးရွာစာကြည့်တိုက်ရှင်သန်ရေး ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၈ ရက် ညနေ ၃ နာရီက မင်းရွာကျေးရွာ၌ ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်ရှင်သန်ရေး၊ စာပေလေ့လာဖတ်ရှုကြရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကွမ်းစားခြင်းအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းခဲ့သည်။

ယင်းနောက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှု မှတ်တမ်းပုံများ၊ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ နံရံကပ်ဓာတ်ပုံများကိုပြသရာ ကျေးရွာပြည်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြပြီး သုတ၊ ရသစာအုပ်များကို ငှားရမ်းဖတ်ရှုခဲ့ကြကြောင်း သိရသည် **နန်းမြင့်(ဝက်လက်)**

## သားငါးကဏ္ဍဖွံ့ဖြိုးစေရန် ရည်ရွယ်၍စပါးစိုက်ခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**တောင်တွင်းကြီး စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးစားသုံးသည့် အလေ့အထ ပြန်ပွားစေရေး၊ သား ငါးကဏ္ဍဖွံ့ဖြိုး တိုးတက်စေရေး ရည်ရွယ်၍ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက တရုတ်ကောအုပ်စု ကွမ်းခြံစုကျေးရွာ ကွင်းအမှတ် (၂၀၁၁) တောင်သူ ၂၆ ဦးတို့၏ မိုးစပါးစံပြစိုက်ခင်း ဧက ၅၀ အတွင်း စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြသည်။

ယင်းသို့ ငါးမျိုးစိုက်ထည့်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကိုနှင့် ဒေသခံတောင်သူများက မိုးစပါးစံပြစိုက်ခင်းများအတွင်း ငါးခုံးမကြီးကောင်ရေ ၂၅၀၀၀ အား စုပေါင်းစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**(၅၈၀)**

## သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် သီးနှံများအတွက် သီးနှံမျိုးစေ့များ အခမဲ့ထောက်ပံ့



**တာချီလိတ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ မိုင်းပါလှျိုးကျေးရွာအုပ်စုတွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများအတွက် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် မျိုးစေ့များ အခမဲ့ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက နမ့်ဝမ်းကျေးရွာဘုရားကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ဒေသခံတောင်သူများအား သီးနှံမျိုးစေ့များ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး တောင်သူများကိုယ်စား တောင်သူဦးအာဗေလှက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မိုင်းပါလှျိုးကျေးရွာအုပ်စုရှိ နမ့်ဆီး(လားဟူ)ကျေးရွာ၊ နမ့်ဝမ်း(၁) ကျေးရွာ၊ နမ့်ဝမ်း(၂) ကျေးရွာနှင့် နမ့်ဝမ်း(၃)ကျေးရွာတို့မှ တောင်သူ ၁၇၄ ဦးအတွက် မုန့်ညှင်း၊ ဖူးစားပြောင်း၊ ပဲတောင့်ရှည်၊ ငရုတ်၊ နံနံ၊ ခရမ်းသီးနှင့် ပဲပုပ်မျိုးစေ့များအား ထောက်ပံ့ပေးအပ်ပြီး စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါကျေးရွာအုပ်စုရှိ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်သီးနှံများအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား မျိုးစပါးများ၊ ဟင်းသီးဟင်းရွက်မျိုးစုံမျိုးစေ့များ၊ ကြွက်ကာကွယ်နှိမ်နင်းနည်းများ၊ ကြွက်သတ်ဆေးများ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အစေ့ထုတ်ပြောင်းမျိုးစေ့ ကီလို ၉၀၀ တို့ကို ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) Mobile Team ကွင်းဆင်းဆောင်ရွက်ကာ ကျေးရွာမြေငှားဂရန်များ ပေးအပ်



**တပ်ကုန်း စက်တင်ဘာ ၁၁**

နေပြည်တော်တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ကြံဘိုကျေးရွာဒေသခံပြည်သူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မြို့နယ်ပြည်သူ့ဝန်ဆောင်မှု ရုံး(OSS)ဝန်ထမ်းများ Mobile Team ကွင်း ဆင်းဆောင်ရွက်မှုများကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာသို့သွားရောက်၍ ယာယီမဏ္ဍပ်တွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဖွား/သေ၊ အိမ်ထောင်စုစာရင်းနှင့် ၁၀ နှစ်ပြည့်၊ ၁၈ နှစ်ပြည့်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခြင်းလုပ်ငန်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံး ထောက်ခံချက်လုပ်ငန်းဆောင်ရွက်ခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးပေါင်ချိန်ခြင်း၊ ရောဂါစစ်ဆေးခြင်းဖြင့် သွေးတိုးရောဂါ၊ သာမန်အအေးမိရောဂါ၊ အားနည်းမူးမော်ရောဂါများအား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မွန်းလွဲ ၂ နာရီတွင် ခိုင်မာသောမြေယာပိုင်ဆိုင်မှု အထောက်အထားဖြစ်သည့် ကျေးရွာမြေငှားဂရန်များ ပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ပြုလုပ်ရာ နေပြည်တော်ကောင်စီ အတွင်းရေးမှူး နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး အတွင်းရေးမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နှင့်အဖွဲ့ဝင်တို့က မြေယာဥပဒေ၊ နည်းဥပဒေနှင့်ညီညွတ်သည့် မြေငှားဂရန် ၅၈ ခုကို ကျေးရွာနေပြည်သူများထံသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

"ကျွန်တော်တို့ကျေးရွာတွေမှာ ယခုလို မြို့နဲ့မခြား မြေငှားဂရန်တွေရရှိမယ်လို့ မထင်ထားခဲ့ပါဘူး။ အခုလို ပိုင်ဆိုင်မှုအထောက်အထားလေးတွေရရှိထားတော့ ကျေးလက်နေပြည်သူတွေမှာ ဝမ်းသာလို့မဆုံးပါဘူး။ နိုင်ငံတော်နှင့် ကူညီဆောင်ရွက်ပေးသူများကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျေးရွာလူ့ပ်စစ်မီးလင်းရေးလုပ်ငန်းများလည်း ကူညီဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဝင်းမြင့်က ပြောသည်။

**တင်စိုးလွင်**

## ပြည်သူ့ဝန်ဆောင်မှုရုံး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ရှင်းလင်း

**ပူတာအို စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ဖွင့်လှစ်ထားရှိသော(OSS) ပြည်သူ့ဝန်ဆောင်မှုရုံး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြည်သူများ ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာပြီး ပြည်သူများ ယုံကြည်အားကိုးသော ပြည်သူ့ဝန်ဆောင်မှုရုံး ဖြစ်လာစေရန်အတွက် (OSS) ပြည်သူ့ဝန်ဆောင်မှုရုံး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းခြင်းကို စက်တင်ဘာ ၈ ရက် နံနက် ၁၁ နာရီခွဲက ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာနတို့က (OSS) ပြည်သူ့ဝန်ဆောင်မှုရုံးတွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ထောက်ခံစာထုတ်ပေးနိုင်မှု အခြေအနေများကို သက်ဆိုင်ရာဌာနအလိုက် အသီးသီးရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စာဖတ်ရှုနိုင်မြှင့်တင်ရေးအသိပညာပေး၍ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်

**ဒလ စက်တင်ဘာ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့စေရေး အသိပညာပေးဟောပြောခြင်းနှင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ရွှေလှေချောင်ကျေးရွာရှိ ရွှေပြည့်စုံစာကြည့်တိုက်၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှနွယ်က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်ခိုင်မာစေရေးနှင့် စာကြည့်တိုက်ကော်မတီဝင်များပါဝင်သော အဖွဲ့ဖွဲ့စည်း၍ အောင်မြင်စွာပြုလုပ်ပေးစေလိုကြောင်း ပြောကြားခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာန ဆေးမှူးဒေါ်ကြူကြူဝင်းက ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများအကြောင်း ဟောပြောခဲ့သည်။ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးဆိုင်ရာရောဂါများအား မေးမြန်း၍ တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကွင်းဆင်းကုသ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ခဲ့ပြီး ကျောင်းသူ၊ ကျောင်းသားများအား မူးယစ်ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအကြောင်းနှင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး ကလေးငယ်များ ကျောင်းနေပျော်၍ စာတော်စေရန် ရည်ရွယ်ပြီး ပုံပြင်များဝိုင်းဖွဲ့၍ပြောခဲ့ကြသည်။

ယင်းနောက် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်များ ပြသဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၀၂ ဦးက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ဖျာပုံခရိုင်အမျိုးသမီးရေးရာအဖွဲ့ မွေးကင်းစမှ အသက်သုံးနှစ်အထိ အမြွှာကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်

**ဖျာပုံ စက်တင်ဘာ ၁၁**

ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ဖျာပုံမြို့ပေါ်ရှိ ရပ်ကွက် ၁၉ ခု၊ ချောင်းတွင်း၊ အပြောင်၊ ကံ့ကူကျေးရွာတို့ရှိ မွေးကင်းစမှ အသက်သုံးနှစ်အထိ အမြွှာကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်စိုးစိုးရီက အမြွှာကလေးများထောက်ပံ့ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အမြွှာကလေးငယ်များအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အမွှာကလေးငယ်များအား ထောက်ပံ့ရေးအစီအစဉ်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်နှင့် ဖျာပုံမြို့ရှိ မြို့မိမြို့ဖအလှူရှင်များ၏ မတည်လှူဒါန်းငွေဖြင့် ၂၀၁၁ ခုနှစ်မှ စတင်ထောက်ပံ့လာခြင်းဖြစ်ပြီး ယခု အမြွှာကလေးငယ် ၂၄ တွဲအား တစ်လလျှင် ကျပ်၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိရာ စတင်ထောက်ပံ့ချိန်မှ ယခုအထိ အလှူငွေကျပ်သိန်း ၇၀ ကျော် ကုန်ကျခံထောက်ပံ့ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရပြီး မြို့ပေါ်တွင် မွေးကင်းစမှ သုံးနှစ်အရွယ်အထိ အမြွှာကလေးများရှိပါကလည်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့သို့ ဆက်သွယ်နိုင်ပါကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# အမှတ်(၁)စက်မှုဇုန်အုပ်စုမှ တတိယအကြိမ် ရေဘေးလှူဒါန်းခြင်းကို မအူပင်မြို့နယ်သို့ သွားရောက်လှူဒါန်း

**မအူပင် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်ရှိ ရေလွှမ်းမိုးခံထားရသည့် ဝါးတောကျေးရွာ၊ အလန်းကျေးရွာနှင့် မီးသွေးချောင်းကျေးရွာများမှ ရေဘေးဒုက္ခသည်များထံ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁)စက်မှုဇုန် ရွှေပြည်သာ၊ ဝါးတရာနှင့် သာစုကနစ်စက်မှုဇုန်တို့မှ ဇုန်ဥက္ကဋ္ဌ ဦးမျိုးသိန်းနှင့် အဖွဲ့သည် တတိယအကြိမ် ရေဘေးလှူဒါန်းခြင်း အနေဖြင့် ဆန်၊ ရေသန့်ဘူး၊ အဝတ်အထည်နှင့် ငါးသေတ္တာဘူးများကို စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲက ဇောတိကာရာမကျောင်းတိုက်၌ လှူဒါန်းခဲ့ကြောင်း သိရသည်။



လှူဒါန်းပွဲအခမ်းအနား၌ မအူပင်မြို့နယ် အလန်းကျေးရွာအုပ်စု ဇောတိကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုတို့အား ရေစက်သွန်းချ သာစုအနုမောဒနာပြုခဲ့သည်။

ယင်းနောက် လာရောက်နိုင်သော ရေဘေးဒုက္ခသည်များအား လက်ဝယ်အရောက် လှူဒါန်းပေးခဲ့ပြီး မလာရောက်နိုင်သော ရေဘေးဒုက္ခသည်များကိုယ်စား မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများဖြစ်သည့် ဦးဝင်းနိုင်၊ ဦးခင်ဇော်၊ ဦးစိုးစံတို့ထံ အမှတ်(၁)စက်မှုဇုန်ဥက္ကဋ္ဌ ဦးမျိုးသိန်းနှင့်အဖွဲ့က လှူဒါန်းပေးခဲ့ကြသည်။

ယင်းနေ့လှူဒါန်းမှုတွင် ကျေးရွာသုံးရွာမှ ရေဘေးသင့်အိမ်ထောင်စုပေါင်း ၃၄၅ စုအတွက် လှူဒါန်းပစ္စည်းတန်ဖိုး စုစုပေါင်း ကျပ် ၆၂ သိန်းကျော်ဖိုး လှူဒါန်းနိုင်ခဲ့ကြောင်းသိရသည်။

**ရွှေတိုင်လွင်**

# မတ္တရာမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲကျင်းပ

**မတ္တရာ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက အ. ထ. က (မတ္တရာ) ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မတ္တရာမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများ၊ အထက်တန်းကျောင်း(ခွဲ)များနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၉၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ရိုရွာဟောင်း ကျေးရွာရှိ တောင်ယာကြွက်မြီးတန်းစိုက်ခင်းတွင် မြေသြဇာကြဲပက်ပွဲပြုလုပ်



**ရိုခေါဒါရ် စက်တင်ဘာ ၁၁**

ချင်းပြည်နယ် ဖလမ်းခရိုင် ရိုခေါဒါရ်မြို့ဒေသအတွင်းရှိ ရိုရွာဟောင်းကျေးရွာ၌ တောင်ယာကြွက်မြီးတန်းစိုက်ခင်း မြေသြဇာကြဲပက်ခြင်းကို စက်တင်ဘာ ၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြေသြဇာကြဲပက်ခြင်းကို ရိုခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၊ စိုက်ပျိုးရေးဦးစီးမှူး ဦးဗန်ရိုထန်းတို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိများနှင့် တောင်သူဦးကြီးများက စုပေါင်းကြဲပက်ကြသည်။

ရိုခေါဒါရ်မြို့ဒေသရှိ ကျေးရွာများသည် အများအားဖြင့် တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ရိုခေါဒါရ်မြို့ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် တောင်ယာကြွက်မြီးတန်းစိုက်ပျိုးခြင်းကို ကျေးရွာသုံးရွာရှိ တောင်သူခြောက်ဦးတို့မှ ယခုနှစ် မေလကုန်အထိ စိုက်ဧက ၅ ဒသမ ၅၀ ဧကအား ကြွက်မြီးတန်းတစ်ပေခြား စနစ်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

တောင်ယာကြွက်မြီးတန်း စိုက်ပျိုးခြင်းများကို ယခင်နှစ်များကလည်း စိုက်ပျိုးခဲ့ရာ ဒေသထုံးစံစိုက်ပျိုးခြင်းများထက် အထွက်တိုးနှုန်း ပိုမိုမြင့်မားပြီး တောင်သူများကလည်း ပိုမိုစိတ်ဝင်စားလျက်ရှိသည်။

ရိုခေါဒါရ်ရွာဟောင်းသည် လယ်ယာမြေဖော်ထုတ်မှုနေရာမရှိနိုင်သည့် တောင်ပေါ်ရွာတစ်ရွာဖြစ်ပြီး တောင်ယာလုပ်ငန်းကိုသာ အားကိုးအားထားရသည့် တောင်ပေါ်ရွာဖြစ်ကြောင်း သိရသည်။

**ဇိုဟေဆာ**

# နိုင်ငံတကာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ ဖွံ့ဖြိုးရေးစီမံချက်အဖွဲ့ကကြီးမှူး၍ နိုင်ငံတကာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ရွှေမဟာကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်တွင် ‘ဒီမိုကရေစီနိုင်ငံသားတို့၏ အမျိုးသားရေးတာဝန်’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ‘နိုင်ငံတကာငြိမ်းချမ်းရေးနေ့မှသည် ငြိမ်းချမ်းရေး ယဉ်ကျေးမှုသို့’ ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်စေရာ မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း နှစ်ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ ၉၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများအား ကျောင်းသား၊ ကျောင်းသူများ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများ၊ ဒီမိုကရေစီစနစ်နှင့် နိုင်ငံသားများ၏ တာဝန်များ စသည့်အကြောင်းအရာများ သိရှိနားလည်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဆုရ ကျောင်းသား၊ ကျောင်းသူများအား ပထမဆု ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၀၀၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀နှင့် အထူးဆုနှစ်ဆုအား ငွေကျပ်၂၅၀၀၀စီဖြင့် ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း**

# နမ့်စန်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများပေးအပ်

**နမ့်စန် စက်တင်ဘာ ၁၁**

ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၆ ရက် မွန်လွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံတို့က အမှာစကားပြောကြားခဲ့ကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအုန်းမောင်က စီမံကိန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေနှင့် ဦးစိုင်းလုံ၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဝင်များက ကျေးရွာခြောက်ရွာအတွက် နိုင်ငံတော်အစိုးရ၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ စီအား အသီးသီးပေးအပ်ခဲ့ပြီး သက်ဆိုင်ရာ ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက လက်ခံရယူခဲ့ကြသည်။

**သူရအောင်(ပြန်/ဆက်)**

# ပညာရေးလောက အတွင်းမှ ခေါက်ရိုးကျိုး မိုင်းဆက်

ခင်နှင်းဦး

ရှေးခေတ်က မြန်မာမိဘတို့သည် သားသမီးများကို ကျောင်းအပ်လျှင် 'ဆုံးမပါဆရာရယ်၊ ရိုက်ပါ၊ နှက်ပါ၊ မကျိုးမပဲ့ရင်တော်ပါပြီ' ဟု ပြောဆိုအပ်နှံကြသည်။ သို့သော် ထိုခေတ်က ဆရာ၊ ဆရာမများသည် ရိုက်နှက်ဆုံးမတတ်သူများရှိသော်လည်း၊ မကြားဝံ့မနာသာ ရိုက်နှက်ခြင်းမျိုး မပြုမူခဲ့ကြပါ။ ရှေးက ဆရာ၊ ဆရာမများသည်၊ အနေမှန် အသင်မှန်ကြသောကြောင့် မိဘကရော ကျောင်းသား၊ ကျောင်းသူများကပါ နှလုံးသားထဲ ရင်ထဲမှ လေးစားကြသည်။ ငယ်ဆရာ၊ ဆရာမများကို တပည့်များက ကြီးပြင်းလာချိန်၌ မည်သည့်ရာထူးရနေစေကာမူ အရိုအသေမပျက်ကြ။ ဆရာ၊ ဆရာမများဘက်ကလည်း တပည့်များက စစ်ဗိုလ်ကြီးဖြစ်နေ၍ ဆရာဝန်ကြီးဖြစ်နေ၍ ရှို့မနေကြ။ ကိုယ်ဂုဏ်သိက္ခာနှင့်ကိုယ် နေထိုင်ခဲ့ကြသည်။

တဖြည်းဖြည်း ခေတ်စနစ်များပြောင်းလာသည်။ မိဘများက မိမိတို့ သားသမီးများအား ရိုက်နှက်ဆုံးမသည်ကို မကြိုက်သူများလာသည်။ ဆရာ၊ ဆရာမဘက်ကလည်း မရိုက်ရဲသူ၊ ရိုက်ခြင်းကိုလုပ်လေ့မရှိသူများရှိလာသည်။ သို့သော် တပည့်များကို ခြေလွန်လက်လွန်ရိုက်သည့် ဆရာ၊ ဆရာမတချို့လည်း ရှိလာသည်။

ထိုသို့ ခြေလွန်လက်လွန်ရိုက်နှက်သည့် ဆရာ၊ ဆရာမတချို့အကြောင်း ဖေ့စ်ဘွတ်များပေါ်တွင် ခဏခဏတက်လာသည်။ မိဘက ဆရာ၊ ဆရာမကို တရားစွဲခြင်းမျိုး ရှိလာသည်။ ရှေးမျက်စိနှင့်ကြည့်လျှင် ယခင်က မိဘနှင့်ကျောင်းသားက အလွန်တန်ဖိုးထားလေးစားရသော ဆရာ၊ ဆရာများသည်၊ တချို့သော ဆရာ၊ ဆရာမတို့၏ လွန်ကဲသော အပြုအမူများကြောင့် အားလုံးကို ဝါးလုံးရှည်ရမ်းခံရပြီး ဆရာ၊ ဆရာမလောက နာမည်ပျက်ရခြင်းများလည်းရှိလာပါသည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် ဆရာ၊ ဆရာမ မဆိုနှင့် မိဘကပင် မိမိသားသမီးကို ရိုက်နှက်ခွင့်မရှိ။ အထူးသဖြင့် အနောက်နိုင်ငံများတွင် ကလေးများကို ဥပဒေများချမှတ်လျက် သေသေချာချာ စောင့်ရှောက်ကြသည်။ ကလေးတစ်ယောက်ကို ခြစ်ရာထင်စေလျှင်ပင် ရာဇဝတ်မှုမြောက်တော့သည်။

ကျောင်းများတွင် ဆရာ၊ ဆရာမများက ရိုက်နှက်ခွင့်မရှိသကဲ့သို့ ဆရာ၊ ဆရာမများကလည်း ရိုက်နှက်ရမည်ဆိုလျှင် မျက်လုံးပြူး၊ မျက်ဆံပြူး ငြင်းပယ်ကြမည်ဖြစ်၏။ မိဘကရိုက်လျှင် ပတ်ဝန်းကျင်မှ မြင်တွေ့သူက မိဖဖြစ်သူကို ချက်ချင်းရဲသို့တိုင်မည်။ မိဘနှင့် ကလေးကို ရဲစခန်းကလာခေါ်ပြီး မိဘကို တရားစွဲမည်။ ကလေးကို ကလေးသူငယ်စောင့်ရှောက်ရေးစခန်းသို့ပို့ပြီး ကောင်းစွာစောင့်ရှောက်ထားမည်။ မိဘကို အုပ်ထိန်းခွင့်မပြုတော့။ ထို့ကြောင့် အနောက်တိုင်းတွင် ကလေးတစ်ဦးကို မိဘက ထင်သလိုမလုပ်နိုင်။ မရိုက်နှက်နိုင်။ ကလေးများကို အကြောက်တရားမရှိဘဲ ကြီးပြင်းလာစေသည်။

အနောက်တိုင်းမှ ကလေးများသည် မြန်မာကလေးများနှင့်ယှဉ်လျှင် ပိုသွက်လက်ကြသည်။ လူမကြောက်ကြ၊ ရဲတင်းကြသည်။ လူကြီးသူမရယ်လို့ ခေါင်းငုံ့သွားခြင်း၊ လက်ပိုက်သွားခြင်းမလုပ်ကြ။ ထို့ကြောင့် မြန်မာမျက်စိနှင့်ကြည့်လျှင် အနောက်တိုင်းကလေးများက ရိုင်းသည်ဟု မြင်သူများလည်းရှိသည်။

ယနေ့ထိ ကျောင်းများတွင် ခေါက်ရိုးကျိုးနေသည်က ဝတ်စားဆင်ယင်မှု၊ ဆံပင်နှင့် အမူအကျင့်များဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူလေးများသည် လူကြီးလာလျှင် လက်အုပ်ချီကြရသည်။ လူကြီးရှေ့မှ ဖြတ်လျှောက်လျှင် ခါးကုန်းခေါင်းငုံ့ရသည်။ လူကြီးရှေ့ရောက်လျှင် လက်ပိုက်ကြရသည်။ ထိုထက်ဆိုးသည်က ကလေးအရွယ် မူလတန်း၊ အလယ်တန်းကလေးများကို ရင်ဖုံးအကျႌဝတ်စေခြင်း ပဝါနှစ်စ အသာချစေခြင်း တိုက်ပုံဝတ်စေခြင်းတို့ဖြစ်ပါသည်။

အဝတ်အစားသည် အပူအအေးကိုကာကွယ်ရန်နှင့် လုံလုံခြုံခြုံရှိလျှင် လက်ခံရမည်ဖြစ်ပါလျက် ကျောင်းသားငယ်များကို ငါးတန်းမှစ၍ ပုဆိုးမဝတ်မနေရ ဝတ်စေသည်။ မိန်းမငယ်လေးများကို ရင်ဖုံးဝတ်စေသည်။ ဆံပင်ကိစ္စတွင် ၁၉၆၀ ဝန်းကျင်တုန်းက မြန်မာမင်းသားဝင်းဦး ဆံပင်ပုံ၊ အနောက်တိုင်းမင်းသား အဲဗစ်ပရက်စလေပုံ ညှပ်ထားသူများကို ကျောင်းကလက်မခံ။ တစ်ဖန် ၁၉၇၀ ကျော်လာသောအခါ ကျော်ဟိန်းခေတ်ရောက်လာသည်။ သည်တွင် ဆံပင်ဂုတ်ထောက်နေလျှင် ဆရာ၊ ဆရာမများက အတင်းဆံပင်ညှပ်ခိုင်းသည်။

(၈. ၉. ၂၀၁၆) ရက်နေ့ထုတ် ဘူးလက်ဂျာနယ်တွင် နိုင်ငံတော်သီချင်းဆိုနေသော ကျောင်းသူ ကိုးဦးကို ပညာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ရိုက်နှက်သည့် သတင်းများပါလာသည်။ ပဲခူးတိုင်းဒေသကြီးမှ လက်ထောက်ညွှန်ကြားရေးမှူး အမျိုးသမီးသည် ရေတာရှည်မြို့နယ် မြို့လှအထက်တန်းကျောင်းသို့ စစ်ဆေးရန်လာရောက်ခဲ့သည်။ ထိုအချိန်တွင် ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းဆိုနေကြသည်။ ထိုစဉ် ဆံပင်ဆေးအနီရောင်ဆိုးထားသော ကျောင်းသူများကို မပြောမဆို ရိုက်နှက်ခြင်းဖြစ်သည်။ ကျောင်းသူကိုးဦး အရိုက်ခံရပြီး ခုနစ်ဦး မူးလဲသည်ဆို၏။

အမျိုးသမီးလက်ထောက်ညွှန်ကြားရေးမှူး၏ ရိုက်နှက်အားမည်မျှပြင်း၍ ကျောင်းသူခုနစ်ဦးမူးလဲသည်မဆိုနိုင်။ မိဘများနှင့် ကျောင်းသူများက မကျေနပ်သောကြောင့် ဘူးလက်မီဒီယာစာမျက်နှာပေါ်ရောက်လာ သည်။

ကျောင်းအုပ်ကြီးက သတင်းကိုဖုံးဖုံးဖိဖိလုပ်နေသည်ဟုယူဆရမည့် အရေးအသားကို ဘူးလက်ဂျာနယ်တွင်ဖတ်ရှုရသည်။ ဤသတင်းမှန်ခဲ့ပါက အကြမ်းဖက်မှုမြောက်ပါသည်။ ကျောင်းအုပ်တွင်လည်း ထိန်ချန်ဖုံးကွယ်သည့် အပြစ်မြောက်ပါသည်။

မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် အဝတ်အစားကိစ္စ၊ ဆံပင်ကိစ္စများကိုလိုအပ်သည်ထက် တင်းကျပ်နေခြင်းများကို ဆရာ၊ ဆရာမများ ကမ္ဘာသို့ မျက်လုံးဖွင့်မကြည့်လိုလျှင် အိမ်နီးချင်းများကိုတော့ မျက်လုံးဖွင့်ကြည့်သင့်ပါသည်။

ထိုင်းတွင် ကျောင်းဝတ်စုံသည် စကပ်နှင့် ဘောင်းဘီဖြစ်နေသည်မှာ ကြာမြင့်လှပြီဖြစ်ပါသည်။ မြန်မာတွင် ငါးတန်းမှစ၍ ကျောင်းသားငယ်လေးများ ပုဆိုးဝတ်ကြရသည်။ ကျောင်းသူငယ်လေးများ ရင်ဖုံးနှင့် လုံချည်ဝတ်ကြရသည်။ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်တို့တွင် ကျောင်းသား၊ ကျောင်းသူများသာမက အရွယ်အားလုံးနီးပါး အနောက်တိုင်းဝတ်စုံများသာ ဝတ်ကြတော့သည်။ မည်သူမျှ ရိုးရာဝတ်စုံမဝတ်ကြတော့။ သို့သော် သူတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တတ်နိုင်သမျှ ထိန်းသိမ်းထားကြသည်။

အပေါ်ယံရုပ်ပိုင်းဆိုင်ရာတွင် ခေတ်နှင့်အညီ နေထိုင်ဝတ်ဆင်သော်လည်း လူမျိုး၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာ ဓလေ့များကို အလေးပေးထိန်းသိမ်းကြသည်။ ကလေးများကို အဝတ်အစား၊ ဆံပင်ကိစ္စ ဇာမချဲ့ဘဲ စိတ်ပိုင်းဆိုင်ရာနှင့် နိုင်ငံကြီးသားပီသရေးကို အလေးပေးပျိုးထောင်ပေးကြသည်။

မြန်မာကား သူတို့နှင့် ဆန့်ကျင်ဘက်။ အဝတ်အစားကိစ္စ၊ ဆံပင်ကိစ္စ ကို ယခုထိရှေ့တန်းတင်ထားသည်။ တပည့်များက ကြောက်ခြင်း၊ ရိုသေခြင်းကို အလွန်မက်မောကြသည်။ တစ်ခါက အထက်တန်းကျောင်းတစ်ကျောင်းသို့ ရောက်သွားသည်။ ကျောင်းဂိတ်ဝတွင် ဘောင်းဘီရှည်ဝတ်လာသော မိန်းကလေးကို တာဝန်ကျဆရာမက ကျောင်းထဲမဝင်ရန်တားမြစ်နေသည်။ မေးကြည့်လိုက်ရာ ဆယ်တန်းအောင်ပြီးသည့် ကျောင်းသူလေးဖြစ်နေသည်။ အမှတ်စာရင်းလာထုတ်တာ ဘောင်းဘီရှည်ဝတ်မိ၍ ခမျာ ကျောင်းထဲမဝင်ရဘဲ ပြန်သွားရရှာသည်။

တစ်ခါက နယ်မြို့တစ်မြို့မှ အထက်တန်းကျောင်းတွင် ကြုံခဲ့ရသည်။ ကျောင်းအုပ်ဆရာမကြီးနှင့် တွေ့ရန်သွားရာ ဆရာမကြီးက တစ်တန်းဝင် တစ်တန်းထွက် ဆူနေသဖြင့် အပြင်မှစောင့်နေရသည်။ ၂ နာရီခန့်ကြာသော် ဆရာမကြီး ပြန်ရောက်လာသည်။ ဆယ်တန်းအောင်ချက်ကျသည်။ ကျောင်းသား၊ ကျောင်းသူများက ကျူရှင်အားကိုးလျက် ဆရာ၊ ဆရာမများကို အရိုအသေတန်လာသဖြင့် ဆုံးမနေသည်ဟူ၏။

ယခုခေတ်တွင် ဆရာ၊ ဆရာမများဘက်မှ ကျူရှင်မကင်းနိုင်ခြင်း အကြောင်းများစွာရှိနေသည်။ ပညာရေးကလည်း ပြင်မည် ပြင်မည် မြည်နေခြင်းသာရှိ၏။ ယခင်နှယ်ဘာမျှ သိသိသာသာမပြောင်း။ သည်အထဲ ခေါက်ရိုးကျိုးနေသည့် ငါးတန်းမှစ၍ ရင်ဖုံးအကျႌဝတ်ရသည့်ဒုက္ခ၊ ပုဆိုးဝတ်ရသည့်ဒုက္ခ၊ ဆံပင်ဆေးဆိုးခြင်းသည် ဆယ်ကျော်သက်တို့ထုံးစံ လှချင်လို့ဆိုသည့် နားလည်မှုပင် မရှိဘဲ ဆံပင်အရောင်ဆိုးသည်ကို ရာဇဝတ်မှုတစ်ခုသဖွယ် မြင်နေဆဲဖြစ်သော အလွန်ဟောင်းမြည့်လွန်းသည့် ရုပ်ပိုင်းဆိုင်ရာကို အတင်းအကျပ်ချုပ်ကိုင်ခြင်းများ အတန်အသင့်ဖြေလျှော့သင့်ပါပြီ။

ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ပိုင်းဆိုင်ရာကို ပိုမိုတည်ဆောက်ပေးသည့် ဆရာ၊ ဆရာမများ ဖြစ်သင့်ပါသည်။ အပေါ်ယံအဝတ်အစားနှင့် ဆံပင်ကို ယိုးမယ်ဖွဲ့လျက် မူးလဲသည်ထိရိုက်နှက်သည့် လက်ထောက်ပညာရေးညွှန်ကြားရေးမှူးမျိုး ပညာရေးလောကတွင် မရှိသင့်တော့ပါ။ နိုင်ငံတကာတွင် အပေါ်ယံကို ဘေးဖယ်ထားလျက် ကျောင်းသားလူငယ်များကို ကိုယ်ရောစိတ်ပါ မည်သို့ကြံ့ခိုင်စေရန် လေ့ကျင့်ပျိုးထောင်ပေးနေကြပါသနည်း။ ပညာရေးလောကမှ တာဝန်ရှိသူများ မျက်လုံးဖွင့်ကြည့်ကြပါလော့။ မူလတန်းအရွယ်ကလေးငယ်များကို တိုက်ပုံဝတ်ပေး ပုဆိုးဝတ်ပေး ရင်ဖုံးနှင့်ထမီဝတ်ပေးပြီး ပဝါနှစ်စ အသာချလျက် စင်မြင့်ပေါ်တက်ပြကြရသော ကျောင်းသား၊ ကျောင်းသူငယ်လေးများကိုမြင်တိုင်း စိတ်မသက်မသာဖြစ်မိပါသည်။ ပြင်ပဆိုင်ရာ အဝတ်အစား ဆံပင်ကို အကြောင်းပြုလျက် ရိုက်နှက်သော ပညာရေးအရာရှိများ ပပျောက်သင့်လေပြီ။





# မကြာမီကွယ်ပျောက်တော့မည်ဟုယူဆရသော အင်ဂျင်နီယာပညာရပ်များ

**ခ**ရာကျော်ရေခဲ

တံတားအသစ်ကြီး မကြာမီဖွင့်လှစ်တော့မည်။ တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း အလေးချိန် ၇၅ တန် ဖြစ်ပါသည်။ အစရှိသည်တို့ကို မကြာခဏ တွေ့မြင်ဖတ်ရှုနေရပါသည်။ ဤတွင် တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်ဖြစ်လျှင် ဘယ်နှစ်စီးအထိ ဖြတ်သန်းနိုင်သလဲ။ တစ်စီးပြီးမှတစ်စီး ဖြတ်ရမည်လော။ သို့မဟုတ် အစီးပေါင်းမြောက်မြားစွာ တစ်ပြိုင်တည်း ဖြတ်သန်းနိုင်သောဝန်ကို ခံနိုင်ရည်ရှိပါမည်လား။ တံတားအမျိုးအစားမှာ ဘေလီသံကူကွန်ကရစ်၊ ကြိုးတံတား အစရှိသဖြင့် အမျိုးမျိုးရှိရာ တွက်ချက်ပြီးမှ ခွင့်ပြုချက်ပေးထားပြီးဖြစ်ရာ ဆောက်လုပ်ရေးဆိုင်ရာ နည်းစနစ်အမျိုးမျိုးဖြင့် တွက်ချက်ခွင့်ပြုခြင်း ဖြစ်ပေလိမ့်မည်။

အင်ဂျင်နီယာ(အများစု)သည် သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်းများတွင် ဘာသာရပ်ဆိုင်ရာ သင်ကြားရာ၌ Strength of Materials ခေါ် သတ္တု၊ သံနှင့် ကွန်ကရစ်များ၏ ခံနိုင်ရည်တွက်ချက်သော ဘာသာရပ်များကို သင်ကြားခဲ့ကြဖူးလေသည်။ သို့သော် လက်တွေ့အားဖြင့် တွေ့ရှိဖူးကြသည်မှာ အလွန်နည်းပါးသော အရေအတွက်မျှသာ ဖြစ်ကြပါသည်။ တက္ကသိုလ်များတွင်လည်းကောင်း၊ ပြင်ပကုမ္ပဏီများတွင်လည်းကောင်း အဆိုပါ စက်ကိရိယာများကို ဝယ်ယူထိန်းသိမ်းရန် ကြီးမားသော အရင်းအနှီးတစ်ရပ်ဖြစ်၍ မလုပ်ဆောင်နိုင်ကြသည်ကို တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် ထိုစမ်းသပ်နည်းမျိုးကို Destructive Testing ချိုးဖွဲ့ဖျက်ဆီးစမ်းသပ်နည်း ဟုခေါ်ဆိုပါသည်။

နိုင်ငံရပ်ခြားမှ တင်သွင်းလာသော သံ၊ သံမဏိ၊ သံပြား၊ သံလုံး၊ သွပ်ပြား အစရှိသည်တို့၌ စက်ရုံထုတ် အာမခံလက်မှတ်ခေါ် Mill Certificate ပါရှိလာတတ်ပါသည်။ သို့သော်လည်း အသုံးပြုသည့်နေရာအနေအထားကိုလိုက်၍ အသုံးဝင်အနေအထားကွာခြားတတ်ပါသည်။ သို့ဖြစ်၍ ထိုပစ္စည်းတို့အား Destructive Testing Methods တစ်ခုခုဖြင့် စမ်းသပ်ပြီး ရရှိလာသောအဖြေကို မူတည်၍ ခံနိုင်အားအလိုက် သုံးစွဲနေကြရကြောင်း သိရှိရပါသည်။

Destructive Testing Methods တွင် အသုံးပြု အသုံးဝင်သော နည်းများမှာ-

၁။ Tensile Strength Testing
အရှည်ဆန့်ကိန်းစမ်းသပ်ခြင်း

၂။ Compressive Strength Testing
ဖိအားဒဏ်ခံနိုင်ရည်စမ်းသပ်ခြင်း

၃။ Hardness Testing
မာဆင့်စမ်းသပ်ခြင်း

၄။ Charpy Test Methods
အခိုက်စမ်းသပ်ခြင်း

၅။ Vicker Test Methods
အခိုက်စမ်းသပ်ခြင်း

၆။ Fatigue Test
အညောင်းစမ်းသပ်ခြင်း

၇။ Rebound Hammer Test
ခေတ်မီခံနိုင်ဝန်စမ်းသပ်ခြင်း အစရှိသော နည်းများစသည်ဖြင့် ပါဝင်လေသည်။

အရှည်ဆန့်ကိန်းစမ်းသပ်ခြင်း (Tensile Strength Testing) တွင် သံလုံး၊ သံပြား၊ သံချောင်းများ၏ အရှည်ဆန့်ကိန်းအပြင် ဘိလပ်မြေကွန်ကရစ်များ၏ အရှည်ဆန့်ကိန်းကိုပါ စမ်းသပ်နိုင်လေသည်။ ထူးခြားသည်မှာ စက္ကူစက်ရုံများတွင် စက္ကူပျော့ဖတ်၏ အရှည်ဆန့်ကိန်းကို စမ်းသပ်ပြီး ပြုလုပ်သည့် စက္ကူကတ်ထူများ၏ ခံနိုင်ရည်ကို တွက်ချက်ခြင်းများပါဝင်ပါသည်။ အင်ဂျင်နီယာဘာသာရပ်တွင် အရှည်ဆန့်ကိန်းစမ်းသပ်ခြင်းသည် အရေးပါအသုံးဝင်သော်လည်း နမူနာပုံစံခုတ်စားပြီးမှ အရှည်ဆန့်ကိန်းကို တွက်ချက်ခြင်းဖြစ်ပြီး တန်မည်မျှခံနိုင်သည်ကိုပါ သိရှိရလေသည်။

ဖိအားဒဏ်ခံနိုင်ရည်စမ်းသပ်ခြင်း (Compressive Strength Testing) တွင် အများစုက အုတ်၊ ဘိလပ်မြေခဲ၊ ကွန်ကရစ်တို့ကို အဓိကစမ်းသပ်ခြင်းဖြစ်ပြီး ၎င်းခံနိုင်ရည်အားကို မူတည်ပြီး တိုက်တာအဆောက်အအုံနှင့် တံတားများကို ဆောက်ရွက်ရခြင်းဖြစ်ပါသည်။ အလွန်အသုံးဝင်သော နည်းစဉ်ဖြစ်သော်လည်း စက်များ၏ မတည်အရင်းအနှီး ကြီးမြင့်မှုကြောင့် မရှိသလောက် ရှားပါးလျက်ရှိပါသည်။

မာဆင့်စမ်းသပ်ခြင်း (Hardness Testing) တွင် မာဆင့်မြင့်မားသော စိန်သွားလေးများဖြင့် စမ်းသပ်ခံပစ္စည်း၏ မာဆင့်ကို တိုင်းတာခြင်းဖြစ်ရာ မည်မျှခံနိုင်ရည်ရှိသည်ကို တွက်ချက်နိုင်သော နည်းစဉ်တစ်ရပ်ဖြစ်ပါသည်။

တပ်မတော်သားများအတွက် ခေါင်းဆောင်းဦးထုပ်၊ (Helmet) လုပ်ငန်းခွင်သုံးခေါင်းဆောင်းဦးထုပ်၊ မော်တော်ဆိုင်ကယ်စီးခေါင်းဆောင်း ဦးထုပ်အစရှိသည်တို့မှာ ကြုံတွေ့လာနိုင်သော အန္တရာယ်များကို ကာကွယ်ပေးနိုင်အောင် ဆောင်ရွက်ထားသည့် ဦးထုပ်များဖြစ်ကြပါသည်။ ၎င်းတို့အတွက် ခံနိုင်ရည်စမ်းသပ်ခြင်းကို အခိုက်စမ်းသပ်ခြင်းနှင့် စမ်းသပ်ဆောင်ရွက်ရပါသည်။ မည်သည့်အရာဝတ္ထု၊ မည်သည့်အရှိန်ဖြင့် ကျရောက်ပါက ပျက်စီးသွားမည်ကို စစ်ဆေးသည့် နည်းစနစ်ဖြစ်ကြောင်း ကြားသိခဲ့ဖူးပါသည်။

အခိုက်စမ်းသပ်ခြင်းနည်းစဉ်တစ်ခု၌ စမ်းသပ်ခံ သံ (သို့မဟုတ်) သံမဏိငုတ်အား မည်သည့်လွှဲအား အရှိန်တွင် ပျက်စီးနိုင်ကြောင်း စမ်းသပ်ခြင်းဖြစ်သည်ဟု သိခဲ့ဖူးပါသည်။

အညောင်းစမ်းသပ်ခြင်း (Fatigue Test) တွင် စမ်းသပ်ခံပစ္စည်းကို ဘယ်ညာ အပြန်အလှန်ချိုး၍ အခေါက်ခေါက်ပြုလုပ်ခြင်းဖြင့် တစ်ချိန်တွင် ကျိုးပြတ်သွားမှုကို မူတည်၍ အဖြေထုတ်စစ်ဆေးလုပ်ဆောင်ရခြင်းဖြစ်ပါသည်။

ဒန်အိုးဒန်ခွက်စက်ရုံများတွင် သွပ်၊ သံပြားအား အပေါ်မှ ဖိအားတစ်ခုဖြင့် ဖိချလိုက်သောအခါ ပုံစံခွက်တွင် ဒယ်အိုး၊ ဒန်ခွက်အသွင်ဖြင့် ရရှိလာပါသည်။ ထိုနေရာတွင်သုံးရသည့်ဖိအားကို တွက်ချက်ဆောင်ရွက်ရခြင်းဖြစ်ပြီး ၎င်းဖိအားကို (Cupping Test) ခေါ် စမ်းသပ်နည်းဖြင့် စမ်းသပ်ရပါသည်။

သံပြားများကို တွန်းခြင်းဖြင့် သတ်မှတ်တွန်းအားကျော်လွန်လျှင် ထိုသံပြားသည် မရုန်းကန်နိုင်တော့ဘဲ သွပ်လှိုင်းတွန့်များဖြစ်ပေါ်လာပါသည်။ ဤဆောင်ရွက်ချက်ကို Creep Test ခေါ် အတွန့်စမ်းသပ်နည်းဟု ခေါ်ဆိုကြောင်း မှတ်သားထားခဲ့ဖူးပါသည်။

Rebound Hammer မှာ အုတ်နံရံ၊ ကွန်ကရစ်၊ တံတားတို့၏ ခံနိုင်ရည်ဒဏ်ကို စမ်းသပ်သောကိရိယာဖြစ်ပြီး ခေတ်မီစက်ကိရိယာဖြစ်ကာ အချိန်ပိုင်းအတွင်း အဖြေထုတ်နိုင်သော စက်ကိရိယာတစ်ခုဖြစ်ပေသည်။

ကျွန်တော်တို့သည် ဗဟိုသုတေသနလုပ်ငန်းအဖွဲ့၊ ရူပဗေဒနှင့် အင်ဂျင်နီယာသုတေသနဌာနတွင် လုပ်ကိုင်ခဲ့ဖူးရာ ထိုစက်များနှင့် အနည်းငယ်ရင်းနှီးကျွမ်းဝင်ခဲ့ဖူးပါသည်။ အဆိုပါစက်များမှာ ၁၉၆၀ ဝန်းကျင်တွင် နိုင်ငံခြားမှ ပေးပို့လာခြင်းဖြစ်ပြီး နှစ်ပေါင်းမြောက်မြားစွာ ကြာလာသောအခါ စက်များရလဒ်မမှန်ကန်ခြင်း၊ လက်ဆင့်ကမ်းပညာ အမွေပေးဝေသူမရှိသလောက်ဖြစ်ခြင်းတို့ကြောင့် စက်အားလုံးကို ဆောင်ရွက်နိုင်ခြင်း မရှိပါ။

ဤနည်းစဉ်များကို စိတ်ဝင်စားသော အင်ဂျင်နီယာကျောင်းသားများအတွက်လည်း လက်တွေ့ကြည့်ရှုနိုင်ရန် ကျောင်းများ၊ ပြင်ပဌာနများတွင် တည်ထောင်ထားခြင်း မရှိကြောင်း ဝမ်းနည်းဖွယ်ရာသိရပါသည်။

အချို့ဌာနနှင့် ကျောင်းများတွင်ရှိသော်လည်း မိမိတို့ကိုယ်ပိုင်သုံးအဆင့်သာဖြစ်သောကြောင့် လေ့လာနိုင်ခွင့်မရရှိတော့သော အခြေအနေမျိုးပင်ဖြစ်ပါသည်။

အင်ဂျင်နီယာပညာရပ်အတွက် အရေးကြီးသော နည်းစဉ်များဖြစ်သော်လည်း စာတွေ့မှအပ မြင်တွေ့လုပ်ဆောင်နိုင်ခွင့်မရှိတော့သော ပညာရပ်အနေဖြင့်သာ ရပ်တည်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မကြာမီပျောက်ကွယ်တော့မည်ဟု ယူဆရသော အင်ဂျင်နီယာပညာရပ်တစ်ခုအဖြစ် ရှုမြင်မိပါကြောင်း ဝမ်းနည်းစွာဖြင့် ရေးသားတင်ပြအပ်ပါသည်။

## ပင်လယ်ကမ်းသဲသောင်ပြင်တွင် တင်ကျန်ခဲ့သည့် ဝေလငါးကြီး အား ပင်လယ်ထဲသို့ အောင်မြင်စွာ ပြန်လည်လွှတ်ပေး

**မာန်အောင် စက်တင်ဘာ ၁၁**

ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် ခအုံးမော်ကျေးရွာ၏ ပင်လယ်ကမ်းခြေသဲသောင်ပြင်တွင် အသက်ရှင်လျက်တင်ကျန်ခဲ့သည့်ဝေလငါးကြီး (အရှည် ၂၂ ပေ ၃ လက်မ) မှာ စက်တင်ဘာ ၉ ရက် နံနက် ၆ နာရီက တင်ရှိနေခဲ့ကြောင်းသိရသည်။

အဆိုပါဝေလငါးကြီးအား တွေ့ရှိကြရာ ကျေးရွာသူ ကျေးရွာသားများက သက်ဆိုင်ရာ သို့သတင်းပေးပို့ခဲ့ရာ ငါးကြီးအား သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကြည်ဝင်းနှင့်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာသူ၊ ကျေးရွာသားများက အဆိုပါဝေလငါးကြီးအား ခက်ခက်ခဲခဲ ပင်လယ်သဲသောင်ပြင်ကို ရေမြောင်းသဖွယ် မြေကြီးများကိုတူးဖော်ကာ ဝေလငါးကြီးအား စက်တင်ဘာ ၉ ရက် နံနက် ၉ နာခွဲ၌ အောင်မြင်စွာပင်လယ်ထဲသို့ ပြန်လည်လွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **စောမိုးကျော်**



## ဆိုလာစနစ်ဖြင့်မီးလင်းရေး ကွင်းဆင်းဆွေးနွေး

**ဟသ်ာတ စက်တင်ဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဟသ်ာတမြို့နယ်အတွင်းရှိမဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ပြင်ပ ကျေးရွာများနှင့် လျှပ်စစ်မီးရရှိရန်ခက်ခဲသော ရေနက်ကွင်းဒေသမှကျေးရွာများအား တစ်မျိုးသားလုံးလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NPE) လုပ်ငန်းဖြစ်သည့် ဆိုလာစနစ်ဖြင့်မီးလင်းရေးဆောင်ရွက်မည့်လုပ်ငန်းများအကြောင်းကို ကွင်းဆင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။

တစ်မျိုးသားလုံးလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NPE) လုပ်ငန်းဖြစ်သည့် ဆိုလာစနစ်ဖြင့်မီးလင်းရေးကို ဟသ်ာတမြို့နယ်၌ ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ ကျေးရွာပေါင်း ၆၁ ရွာအားဆောင်ရွက်တပ်ဆင်သွားမည်ဖြစ်ပြီး နိုင်ငံတော်မှ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ဘဏ်မှ ၆၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ (၁၀/၁၃/၁၆) ရာခိုင်နှုန်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းအကြောင်း အသေးစိတ်နားလည်သိရှိစေရန် မြို့နယ်ကျေးလက်ဦးစီးမှူးဦးသန့်ဇော်လွင်နှင့် ဌာနစိတ်တာဝန်ခံဝန်ထမ်းများက ကျေးရွာအုပ်စုများသို့ ကွင်းဆင်းရှင်းလင်းဆွေးနွေးခဲ့သည်။ **ကျော်ကျော်(ဟသ်ာတ၊ ပြန်/ဆက်)**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**ကန်ကြီးထောင့် စက်တင်ဘာ ၁၁**

၂၀၁၆ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲကို ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် 'လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်းပါဝင်ကူညီပေး' ခေါင်းစဉ်နှင့် ကဗျာပြိုင်ပွဲတွင် 'လူကိုလူချင်းရောင်းစားမှု ဝိုင်းဝန်းကာကွယ်သတိပြု' ခေါင်းစဉ်တို့ဖြင့်လည်းကောင်း၊ အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် 'လူကုန်ကူးမှုမှန်သမျှဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြ' ခေါင်းစဉ်နှင့် ကဗျာပြိုင်ပွဲတွင် 'လူကုန်ကူးမှုတိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့' ခေါင်းစဉ်တို့ဖြင့်လည်းကောင်း၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲတွင် 'လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်းပါဝင်ကူညီပေး' ခေါင်းစဉ်ဖြင့် ဖြေဆိုရေးဆွဲခဲ့ပြီး အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၃ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၄၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

## KG တန်းများ၏ ပန်းချီ၊ ကဗျာရွတ်နှင့်ပုံပြောပြိုင်ပွဲကျင်းပ

**ပေါက် စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ ကြီးမှူးကျင်းပသော KG သူငယ်တန်းများ၏ ပန်းချီ၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မြို့နယ်ပြန်/ဆက်ဦးစီးဌာနခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီဌာန မြို့နယ်ဦးစီးမှူး ဦးစောမြင့်ခိုင်က ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့ပေါ်(၄)ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ KG သူငယ်တန်းကျောင်းသား၊ ကျောင်းသူများ အဖွဲ့ကိုးဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်ပြန်/ဆက်ဦးစီးမှူး၊ ကျောင်းအုပ်ဆရာကြီးများနှင့် မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့မှ ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**



ရွှေတောင်မြို့နယ် ညောင်းဝိုင်းကျေးရွာနေ ဦးမျိုးကျော်ဌေး၏ ဇနီးဖြစ်သူ ဒေါ်နွယ်နီဌေးသည် ဩဂုတ်လအတွင်းက သုံးမြွှာပူးကလေးမွေးဖွားခဲ့မှုအား ရွှေတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုနှင့်အသင်းဝင်များက မွေးဖွားမိခင်အတွက် အသုံးအဆောက်ပစ္စည်းများ၊ အမြွှာကလေးသုံးဦးအတွက် အသုံးအဆောင် ပစ္စည်းများနှင့် ငွေသားကျပ် ၁၀၀၀၀ တို့အား ထောက်ပံ့ပေးအပ်စဉ်။ **(၁၄၃)**

# ထပ်ဆင့်ချေးငွေဖြင့်ရေဆိုးသန့်စင်စက်ရုံနှင့် မြို့ပြရေမြောင်းစနစ်ဆောင်ရွက်မည်

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်းဆောင်ရွက်မည့် 'မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း' အတွက် ချေးငွေသဘောတူညီမှုစာချုပ်၊ အကူအညီအထောက်အပံ့သဘောတူညီမှုစာချုပ်၊ စီမံကိန်းသဘောတူညီမှုစာချုပ်နှင့် ထပ်ဆင့်ချေးငွေသဘောတူညီမှုစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ရုံးသစ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ အာရှဖွံ့ဖြိုးရေးဘဏ် မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Winfred F.Wicklein နှင့် တာဝန်ရှိသူများ၊ စည်ပင်သာယာတွဲဖက်အတွင်းရေးမှူးနှင့် ဌာနမှူးများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.WinfredF.Wicklein တို့ စာချုပ်များ လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် မန္တလေးမြို့၏ ပထမဆုံး ရေဆိုးသန့်စင်စက်ရုံနှင့်စုဆောင်းရေစနစ်၊ မြို့ပြရေမြောင်းစနစ်၊ ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်ပေါ်လာသော ထိခိုက်မှုများကိုကြိုတင်ကာကွယ်မှုပြန်လည်ထူထောင်ရေးစနစ်များနှင့် မြို့ပြစီမံကိန်းအဆင့်မြှင့်တင်ခြင်းများပါဝင်မည်ဖြစ်သည်။

၁၉၈၂ ခုနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပထမဆုံးချေးငွေဖြင့် မန္တလေးမြို့ရေပေးရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ **သီဟကိုကို(မန္တလေး)**

# မြို့နယ်တိုင်းရင်းဆေးကုဌာနက ပြည်သူလူထုကျန်းမာရေး ကွင်းဆင်းဆေးကုသပေး

**လောင်းလုံး စက်တင်ဘာ ၁၁**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် တိုင်းရင်းဆေးကုဌာနသည် ဒေသခံပြည်သူလူထုများဖြစ်လေ့ဖြစ်ထရှိသော ရောဂါများအား ကွင်းဆင်းဆေးကုသပေးခြင်းကိုစက်တင်ဘာ ၈ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ သဗ္ဗာကျေးရွာအုပ်စု ပဉ္စသီမော်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆေးကုသမှုဆောင်ရွက်ရာတွင် မြို့နယ်တိုင်းရင်းဆေးမှူးနှင့်အဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများပူးပေါင်းပါဝင်၍ ကျေးလက်ဒေသရှိ ပြည်သူလူထုများ ကျန်းမာရေးပြုစုစောင့်ရှောက်ရန်ရည်ရွယ်ကာ တိုင်းရင်းဆေးမှူးဦးဦးသက်က သွေးတိုးရောဂါအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနေ့က ဇတ်ကြောတက်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ ခါးနာ၊ ဒူးနာစသည့်ရောဂါများကို ဆေးကုသပေးခဲ့ရာ လူနာ ၇၃ ဦး ကုသပေးနိုင်ခဲ့ကြောင်း မြို့နယ်တိုင်းရင်းဆေးကုဌာနမှူးထံမှ သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**



ဟုမ္မလင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေ၊ ဟုမ္မလင်းမြို့မရဲစခန်းမှူး ဒု-ရဲမှူး ကြည်စိုး ဦးစီးသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် စက်တင်ဘာ ၁၀ ရက်က ဟုမ္မလင်းမြို့ နောင်ပကျစ်တောင်ပေါ်ရပ်ကွက် ရှိ ဗုဒ္ဓဝင်ဥယျာဉ်အတွင်းသန့်ရှင်းသာယာရေး လုပ်အားဒါန ဆောင်ရွက်စဉ်။ လင်းလင်း(ပြန်/ဆက်)

## စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ကျောက်တံခါး စက်တင်ဘာ ၁၁**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီ၌ တရုတ်ဗုဒ္ဓဘာသာဘုရား ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းလူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်သည်။

သင်တန်းကာလမှာ ဩဂုတ် ၈ ရက်မှ စက်တင်ဘာ ၈ ရက်အထိ တစ်လကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၉၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# လက်မှုလုပ်ငန်း လက်ရက်ကန်းများမှသည် စက်ရက်ကန်းများ တည်ထောင်လုပ်ကိုင်မှု နှင့်အတူ ချည်ဆေးဆိုးလုပ်ငန်းများလည်း အလုပ်ဖြစ်လာ



**အမရပူရ စက်တင်ဘာ ၁၁**

အမရပူရမြို့နယ်တွင် လက်မှုလုပ်ငန်း လက်ရက်ကန်းများမှသည် စက်ရက်ကန်းများ တည်ထောင်လုပ်ကိုင်မှုများပြားလာခဲ့သည်။ စက်ရက်ကန်းလုပ်ငန်းရှင်းများမှာ သဲတောဝမ်းတွင်းထွက် ပြည်တွင်းဖြစ် စက်ရက်ကန်းစင်များကို အသုံးပြုကြသည်။ အိမ်တစ်အိမ်လျှင် စက်ရက်ကန်း ငါးစင်မှ ၁၀ စင်အထိ တည်ထောင်လုပ်ကိုင်ကြသည်။ စက်ရက်ကန်းလုပ်ငန်းများကို တည်ထောင်မှုများလာခြင်း အထည်စျေးကွက် ပုံမှန်ဖြစ်ကာ အလုပ်ဖြစ်လာခြင်းကြောင့် စက်ရက်ကန်းလုပ်ငန်းအတွက် လိုအပ်သော ချည်ဆေးဆိုးသည့်လုပ်ငန်းများမှာလည်း အဆင်ပြေလာခဲ့သည်။

ချည်ဆေးဆိုးလုပ်ငန်းတွင် စက်ရက်ကန်းလုပ်ငန်းပိုင်ရှင်မှ ချည်နှင့်ဆေးကို ပေးရသည်။ ဆေးဆိုးသူမှာ လုပ်အားခရယူကြသည်။ လက်ရှိကာလ ချည် ၁၀ ပေါင်ထုတ်တစ်ထုပ်လျှင် ချည်ဆေးဆိုးခ ငွေကျပ် ၁၇၀၀ လုပ်အားခယူကြသည်။ ချည်ဆေးဆိုးရန်အတွက် ပထမဦးစွာ ချည်ထုပ်ကို ဆပ်ပြာနှင့် ရေလျှော်ကြရသည်။ ကျွမ်းကျင်မှုအလိုက် အုပ်စုလိုက်စုပေါင်းလုပ်ကြရသည်။ ဆေးဆိုးရာတွင်မဲဆိုးခြင်း (အမဲရောင်းဆိုးခြင်း)၊ အသွေးဆိုးခြင်း (အရောင်ဆိုးခြင်း) ဟူ၍ နှစ်မျိုးဆိုးကြသည်။ အသွေးအရောင်ဆိုးခြင်းတွင် ဂရုတစိုက်ပြုကြရသည်။ ဆပ်ပြာနင်းခြင်းမှအစ ဆေးဆိုးကော်စာယူညှစ်သည်အထိ ဂရုစိုက်ကြရသည်။ မကျွမ်းကျင်ပါက ဆေးကွက်ခြင်း၊ ချည်ကွက်ခြင်းများ ဖြစ်ကြသည်။ အသွေးအရောင်ဆိုးရာတွင် ရိုးရိုး၊ အပြာ၊ အစိမ်း၊ ခရမ်းရောင်များဆိုးကြသည်။

အခြားအရောင်များကို ခံဆေး၊ဖွင့်ဆေးများဖြင့် အရောင်ပြောင်းအောင် ပြုလုပ်ကြသည်။ ဒေသအခေါ်အားဖြင့် ဝမ်းတူးဆိုးသည်ဟုခေါ်သည်။ ခံဆေးအဝါရောင်ဆိုးကာ ဖွင့်ဆေးအတွင်းထည့်လိုက်သည်နှင့် အနီရောင်ပြောင်းလဲသွားတတ်သည်။ ချည်ဆေးဆိုးသူများမှာ ချည်ပေးသည်မှ ချည်ဆေးရောင်ခြောက်သည်အထိ တာဝန်ယူပေးကြရသည်။ ချည်များကို နေလှန်းရာတွင် တစ်နေကုန် လှန်းကြရသည်။ လှမ်းဝါးတစ်ဝါးလျှင် ချည်ငါးပေါင်တစ်ထုပ် လှမ်းနိုင်သည်။ ချည်ဆေးဆိုးသူများသည် အနည်းဆုံး ငါးယောက်မှ ၁၁ ယောက်အထိ စုပေါင်းလုပ်ဆောင်ကြသည်။ လက်ရှိကာလတွင် စက်ရက်ကန်းလုပ်ငန်းများ များပြားလာခြင်းနှင့်အတူ ချည်ဆေးဆိုးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**

# ပအိုဝ်းဘာသာစာပေသင်ကြားရေးမွမ်းမံသင်တန်း သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**နောင်တရား စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ ပရိယတ္တိစာသင်တိုက်တွင် ပအိုဝ်းဘာသာစာပေသင်ကြားရေးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းနားကို စက်တင်ဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ပအိုဝ်းစာပေသင်ကြားရေးသင်တန်းကို ခြောက်ရက်ကြာသင်ကြားပို့ချခဲ့ပြီး အ. မ. က၊ အ. လ. က နှင့် အ. ထ. က ကျောင်းများ၌ ပအိုဝ်းစာပေဘာသာရပ်သင်ကြားပေးနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းနားသို့ ပအိုဝ်းစာပေပြန့်ပွားရေး သံဃာတော်များ၊ ပအိုဝ်းဘာသာစာပေသင်ကြားရေး ကြီးကြပ်မှုကော်မတီ(ဗဟို) မှ ခွန်ပညာဗုဒ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ပင်လောင်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး၊ နောင်တရားမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ အဖွဲ့ဝင်များ ကျောင်းဆရာ၊ ဆရာမများနှင့် သင်တန်းသူ၊ သင်တန်းသားများ ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ၊ သင်တန်းသားများ ၁၅၀ တက်ရောက်ဖြေဆိုခဲ့ပြီး အဆင့် ၁ မှ ၁၀ အထိ ရရှိသူများကို ဆုပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းသူသင်တန်းသားများသည် မိမိတို့ကျောင်းတွင် ပအိုဝ်းစာပေဘာသာရပ်ကို ပြန်လည်သင်ကြားပေးရမည်ဖြစ်ကြောင်း သိရသည်။ **နောင်တရား(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေး

**ဝါးခယ်မ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးကို ရှေးရှုပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မနောသုခအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးကာလအဖြစ် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခေါ်ယူစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့သော်လည်း ယခု ဖမ်းဆီးစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်မှု အားနည်းနေမှုအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ ဝါးခယ်မမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းနှင့် နယ်မြေအသီးသီးမှ စခန်းမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကောင်စီမှ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက်များ၊ ကျုံမငေး၊ ရွှေလောင်း၊ ကျွန်းကုန်းတို့၌ သတိပေးကြေညာချက်များဖြင့် ထပ်မံအသိပေးကာ နေ့စဉ် ဖမ်းဆီးစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများအတိုင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၁ တိုးချဲ့ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွန်းသည် အသက် ၉၀ နှင့်အထက် အဘိုးအဘွားများအား နိုင်ငံတော်အစိုးရမှ ပေးအပ်သော ထောက်ပံ့ငွေများကို အိမ်တိုင်ရာရောက်ကန်တော့၍ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)



ဗုဒ္ဓဂယာခရီးစဉ်
မြန်မာဘုန်းကြီးကျောင်း - US$700 + ၁ သိန်းကျပ်(၁၀ည/ ၁၁ရက်)
Hotel Package - US$1250 (၇ည/၈ရက်)
FREE & EASY VIP အထူးခရီးစဉ်များ(3N/4D)

| | | | | | |
|---|---|---|---|---|---|
| Bkk-PTY | USD | 340 | Vietnam | USD | 240 |
| Bkk(2N/3D) | USD | 140 | Singapore | USD | 550 |
| Bali | USD | 265 | Kashmir | USD | 400 |
| Maldives | USD | 620 | | | |

EM မှ မြစိမ်းမြန်မာ EMERALD MYANMAR Travels & Tours
Honeymoon၊ ဇိုးအောင်ဆွေနှင့် $475
YGN » 09-977 921 911, 09-977 921 912 MDY » 09-975 679 511, 09-975 679 544

AMA American Management Association | CMI | AIM Australian Institute of Management | CIM | CIPD | SIM | SHRM | atd

ကမ္ဘာ့အကောင်းဆုံး စီမံခန့်ခွဲမှုသင်တန်းကျောင်းကြီးများ၏ သင်ရိုးညွှန်းတမ်းများနှင့်အညီရေးဆွဲထားသော မြန်မာနိုင်ငံ၏ပထမဦးဆုံးသင်တန်း

**Management Skills for General Managers Part (II)**

သင်ကြားပို့ချမည့်သူ > ပါမောက္ခဦးအေးကျော် Founder and Principal (MLMI), (FCMI, UK), (FABE, UK), (FCAM, UK), (ACIPD, UK)

တက်ရောက်သင့်သူများ
၁။ အလုပ်တစ်ဖက်ဖြင့် အချိန်မရ၍ နှစ်လရှည်ကြာသော MBA ဘွဲ့နှင့် ဒီပလိုမာသင်တန်းများ တက်ရောက်ရန် မအားလပ်သူများ
၂။ မည်သည့် Management သင်တန်းကိုမှ မတက်ရသေးသော မန်နေဂျာများ၊ GM ၊ DyGM ၊ AGM များ
၃။ GM ၊ DyGM ၊ AGM ရာထူးသို့ အမြန်ဆုံးတက်ရောက်ရန် ကြိုးစားနေသော မန်နေဂျာများ
၄။ လုပ်ငန်းတစ်ခုလုံးကို စီမံခန့်ခွဲနေရသော အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ တာဝန်ခံများ၊ အကြီးအကဲများ၊ ဦးစီးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းမန်နေဂျာ/ပြည်နယ်မန်နေဂျာများ
၅။ မိရိုးဖလာနည်းလမ်းများထက် ပိုမိုစနစ်ကျသောနည်းလမ်းများဖြင့် စီမံခန့်ခွဲလိုသော အသေးစားနှင့် အလတ်စား(SME)လုပ်ငန်းပိုင်ရှင်များ
၆။ AFTA နှင့် AEC တို့၏ အခွင့်အလမ်းများကိုရယူပြီး စိန်ခေါ်မှုများကို ရင်ဆိုင်အနိုင်ယူရန် ပညာဖြည့်လိုသော မိသားစုလုပ်ငန်းပိုင်ရှင်များ

သင်တန်းသား အနည်းဆုံး(၃)ဦးနှင့် အထက်စေလွှတ်သော ကုမ္ပဏီများ၊ မိသားစုလုပ်ငန်းများ Discount 10% ရရှိပါမည်။

သင်ကြားမည့်ခေါင်းစဉ်များ > 1. Creative Problem Solving Skills 2. Leading Effective Meetings and Discussion 3. Mastering Corporate Strategy 4. Influencing Skills for Senior Management

သင်တန်းချိန်နှင့် နေ့ရက် > ၂၅ - ၉ - ၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၃၀ မှ ညနေ ၅း၃၀ နာရီ
သင်တန်းအပ်ရန် နောက်ဆုံးရက်မှာ (၂၃ - ၉ - ၂၀၁၆ သောကြာနေ့) ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသည်။

Mlmi LEADER IN SOFT SKILLS
ကုမ္ပဏီ/လုပ်ငန်းတစ်ခုချင်းစီ၏လိုအပ်ချက်အရ စီမံခန့်ခွဲမှုပညာသင်တန်းများကို လုပ်ငန်းခွင်အရောက်သင်ကြားပို့ချပေးလျက်ရှိပါသည်။
Myanmar Leadership & Management Institute, Building(4), Room (10), MICT Park, Hlaing Campus, Yangon.
Tel : 01-2305188, 09 5045551, 09 2600 34160 E-mail : enquiry@myanmarlmi.com
Facebook : www.facebook.com/myanmarleadershipandmanagement

HOLLYWOOD 48-HOUR MIRACLE DIET
ဟောလီးဝုဒ် အဆီကျ အသားလပ်ဆေးရည်

ဖုန်းဆက်မှာလျှင် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။
(01) 6604552, 6604553, 6604554
Marketed & Distributed by: ZAR & ZAR Co., Ltd.
ZARNZARBEAUTY
MADE IN U.S.A.

**တက္ကစီယာဉ်များအတွက် အပိုဝင်ငွေ**
ကြော်ငြာစတစ်ကာကပ်ခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်ပါပြီ။ တစ်နှစ်လျှင် ၂၂၀၀၀၀/-ကျပ်ရရှိမည်။ ရန်ကုန်မြို့တွင်းဆွဲသည့် Probox/AD Van/ Fielder/ Caldina/ဖင်ကောက်ကားများ ကပ်လို့ရသည်။ ဖုန်း-၀၉-၇၉၀၉၇၈၅၇၈၊ ၀၉-၉၆၆၃၁၆၁၂၂

KYN
ခုံမြောက်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်း၊ တောင်ပိုင်း မြေကွက်များဝယ်ယူလိုသည်။
09-5034313,09-73022230,09-455034313

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
Since 2001
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
အလုံ
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တော၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃
Rain Flower
3 Years

Promotion




abc convenience store၊ Orange Super Market၊ City Mart၊ Ocean၊ ဝန်ဝင်း Online Book Store၊ royalshop.biz၊ Asia Light၊ စာပေဗိမာန်နှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
web- myanmardigest.net facebook-myanmardigest
email- myanmardigest@gmail.com
ထွက်ပြီ

ရွှေလမ်းခရီး ... မှ အဘအောင်မင်းခေါင်ပွဲ
* အဘအောင်မင်းခေါင်ထွက်ပွဲ မှဲပွဲး(ညဘိုင်)ခရီးစဉ်- ၆၄ ကြိမ်မြောက်
* အဘထွက်ပွဲနှင့် ပုဂံ(မွှယ်တော်လေးရှေ့)၊ ညောင်ဦး Sep 16 ထွက်
* အဘထွက်ပွဲနှင့် တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ်းဝမ်း
* အဘထွက်ပွဲနှင့် မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းစေတီ
* အဘထွက်ပွဲ နှင့် မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် ခရီးစဉ်
* အဘထွက်ပွဲနှင့် ကယားပြည်နယ်-ရွှိုင်ကော် တောင်ကျဲစေတီ
* အဘထွက်ပွဲနှင့် ကရင်ပြည်နယ်-ဘားအံ၊ဘုရားစုံ၊ မြဝတီ ခရီးစဉ်
* အဘထွက်ပွဲနှင့် ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ဘီ၊ စက်ခဲ
09401589907,095124678,098627170

လက်ရှိခြေပြဲအသုံးပြုလျက်ရှိသော
Coastal Landing Craft ရောင်းမည်

Engine =2 x MITSUBISHI 10 DC 11 BHP(500 BHP)
Length - 138 ft Depth - 9 ft
Breadth - 32 ft Draft - 6 ft
09-5021404,5166218,73182145,795557055,401627758

မြေညီထပ်၊ ပထမထပ်(တိုက်ခန်းသစ်)
ရောင်းရန်ရှိသည်

ရေကျော်(ပုဇွန်တောင်)၊ ယုဇနလမ်းတွင်း နေထိုင်ရန်အသင့်(BCC) ကျပြီး အဆင့်မြင့်ပြင်ဆင်ပြီး၊ RCထပ်ခိုးပါ အဆောက်အအုံသစ်(12' 6" x 52')၊ မြေညီထပ်နှင့် ပထမထပ်တိုက်ခန်းသစ်အား ပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်ငွေပေးချေမှုစနစ်(သို့မဟုတ်)ဘဏ်နှင့် ချိတ်ဆက်၍ (၅)နှစ်အရစ်ကျ ငွေပေးချေမှုစနစ်တို့ဖြင့် ရောင်းချပေးနေပါသည်။

မြေညီထပ်ကြမ်းခင်းပြည့်ကြွေပြား၊ Kitchen Room (Basin & Cabinetအပါ)၊ RCထပ်ခိုးတွင် Vinylပါကေးခင်း၊ Master Bed Room(1)ခန်း၊ Aircon၊ ရေပူရေအေးစက်နှင့် မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ(ကြမ်းခင်း၊ နံရံကြွေပြားပြည့်)

- ပထမထပ် Bed Room (1)ခန်း၊ Kitchen Room၊ (Basin & Cabinetအပါ)၊ အိပ်ခန်းနှင့်ဧည့်ခန်းတွင် Vinylပါကေးခင်း၊ Aircon၊ ရေပူရေအေးစက်နှင့် မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ(ကြမ်းခင်း၊ နံရံကြွေပြားပြည့်)

ဆက်သွယ်ရန်-၀၉-၈၃၀၂၀၀၀၊ ၀၉-၈၃၀၂၈၈၈

(မြို့ကြီးမြောက်)
အဘအောင်မင်းခေါင်ထွက်ပွဲ ဆောင်ပွဲကုသိုလ်ပြုပွဲ
စိတ်ကြားလွှာ

LUCKY SEVEN
Ph:09-452216668, 09-777919844, 09-968144464

စာပေစိစစ်ရေးကို ကျော်ဖြတ်နိုင်ခဲ့တဲ့ အကြောင်းတရားရဲ့ အထက်က အနုပညာ
မျိုးကိုမျိုး
ထွက်ပြီ
ကြောက်ခေတ်မှာ ရေးခဲ့သော
ဝတ္ထုတိုမှတ်စုများ
ဖြန့်ချိရေး UNION PUBLISHING HOUSE

စျေးဝယ်မြှင့်တင်မှု အစီအစဉ်
SPIKE COLLECTION
ISO 9001:2008
ISO 9001:2008
01-296866,296358,205943,205958,
01-297837,01-200796,09-264006454
09-798158244,09-421021848
02-31937,86368,67224,09-2004576,
02-86348,09-259003265,09-2021470,
09-2052727,02-34845

(၁၀)သိန်း (၁)ဆု
ငွေသား(၁၅)သိန်း+အထည်ဝယ်ယူခွင့်ကဒ်(၁၅)သိန်း
(၂၀)သိန်း (၅)ဆု
ငွေသား(၁၀)သိန်း+အထည်ဝယ်ယူခွင့်ကဒ်(၁၀)သိန်း
(၁၅)သိန်း (၅)ဆု
ငွေသား(၈)သိန်း+အထည်ဝယ်ယူခွင့်ကဒ်(၇)သိန်း
(၁၀)သိန်း (၅)ဆု
ငွေသား(၅)သိန်း+အထည်ဝယ်ယူခွင့်ကဒ်(၅)သိန်း
၃သိန်း (၅)ဆု
၂သိန်း (၁၂)ဆု
၁သိန်း (၁၅)ဆု
TV 21"(၁၀)ဆု
Samsung Phone Handset (၅)ဆု
Water Cooler (၁၀)ဆု
Air Cooler (၁၅)ဆု
EVD ဆောက်စက် (၂၅)ဆု
SPIKE တံဆိပ်ပါထီး (၇၀၀)ဆု
SPIKE တံဆိပ်ပါလက်ဆောင်(၃၀၀)ဆု
SPIKE အကျီ (၉၉၅)ဆု

SPIKE ဝတ်ဆင်ရင်းကံစမ်းလိုက်ရအောင်...



အထည်ဝယ်ယူခွင့် Retail Card (၁၀၀၀)
SPIKE အထည် ဝတ်ဆင်သည့် SPIKE ချစ်သူများကို ကျေးဇူးတုန့်ပြန်သောအနေဖြင့် ထိ SPIKE အထည်များဝယ်ယူပြီး ငွေသားပေါင်းမြောက်များစွာနှင့်လက်ဆောင်ပစ္စည်းများစွာကိုရယူကံစမ်းနိုင်ရန် SPIKE အထည်များဝတ်ဆင်ပြီး ငွေသားများစွာကိုလည်း ပိုင်ဆိုင်နိုင်မည့် အထူးအခွင့်အရေးများတွင်ပျော်ရွှင်ကြည်နူးစွာပါဝင်ကံစမ်းလိုက်ရအောင် ...

ကျန်းမာသန်စွမ်းပြီး လှပတဲ့ အသားအရေကြောင့် မိမိကိုယ်ကိုယ် ယုံကြည်မှုတိုးစေပါတယ်။
မြင့် အင် ဆန်း အရေပြားနှင့်အလှအပဆေးခန်း
အမှတ်- ၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗိုးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း - ၃၇၂၂၄၇၊ ၂၅၆၀၄၅

GRAND STYLE
TILES EXPO'16
ALL TILES SALE 25% & OTHER ITEMS STOREWIDE
ALL SALE UP TO 30%
Cheapest Ever
Aug 01 - Sep 15, 2016
SHOCK PRICE
Thiriyadanar Wholesale Market Compound
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon.
TEL +95-1-1224217, +95-95088488 GrandStyleMM



SHOCK PRICE Ks 250
200x200MM



SHOCK PRICE Ks 1,950
600X600MM

ကြော်ငြာ


## ရွှေအမှတ်တရ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

Golden Memo

တူရိဇင်လိုင်စင် - ၃၁၁၄ / ၂၀၁၅ - ၂၀၁၆ (၇က)

ခရီးသည်လည်ပတ်ရေး လိုင်စင် - ပြည်တွင်း- ခ - ၃၂၃၃ / ပြည်ပ -ပခ - ၀၁၀၀

Discount

09 - 293336 , 09 -31422751, 09-977299649 , 09 782777721, 09 782777723, 09 - 782777726 Email: goldenmemo2016@gmail.com

## STAR RESOURCES

Tourism & Hospitality Management Academy

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း

### Diploma in Tourism & Hospitality Management

ဖွံ့ဖြိုးတိုးတက်နေသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်

စာတွေ၊ လက်တွေ၊ Assignments၊ Project များစွာဖြင့် လုပ်ငန်းအတွေ့အကြုံရှိ ဆရာများကိုယ်တိုင် ထိရောက်စွာသင်ကြားပေးနေပါသည်။



- Tourism Management Course
- Front Office Management Course
- Food and Beverage Management Course
- Sales and Marketing Management Course
- Housekeeping Management Course
- Human Resources Management Course

လျှောက်လွှာပိတ်ရက် - (၂၆.၉.၂၀၁၆)

အမှတ် (၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း၊ (ဒဂုံစင်တာ-၂ ရှေ့)၊ ရန်ကုန်။ ဖုန်း- (၀၁) ၅၂၃၂၀၀၊ ၂၃၀၄၃၂၀၊ ၂၃၀၄၃၂၁၊ ၅၂၃၆၂၁၊ ၀၉ ၅၀ ၂၀ ၃၀၂ www.star-resourcesacademy.com

## ဘာလို့ ION FLOOR သုံးရမှာ သင့်လဲ ?







"Negative ION benefit for your Health"

ပစ္စည်းသစ် မိတ်ဆက် Promotion Price

1 ကျင်း → 295,000/-သာ

ပထမဆုံး ဝယ်သူ 30 ဦး အတွက်

ပစ္စည်းတိုင်းကို 'ION အာမခံ' လက်တွေ့ 'စမ်းသပ်' ပေးပါသည်

Branch Showroom: အမှတ် (E-11A) လေးထောင့်တန်လမ်းမ၊ ဘီအိုစီ မှတ်တိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

09-79-700-70-73
09-79-700-70-83

## အာရှနဂါး

မြေဝယ်/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်

Ph : 703790, 09 799100100
707062, 09 797100100

## RUBY

အားစိုက်လို့ငှားသည်

519100
09-51-77212, 535100

Saloon, Van

## ဦးအောင်ဟိန်းကျော်

ဈေးပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ

အင်္ဂလိပ်စာရေးနည်း

အင်္ဂလိပ်စကားပြော သင်တန်း

• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre.,Vol:1,2,3)

• 392468 09517184

## TALENT HIGHWAY

Master of Banking and Finance ဝင်ခွင့်သင်တန်း

ပြည်တွင်းပြည်ပ MBF, MBA, MPA, DMA သင်တန်းများတက်ရောက်ရန် ပြင်ဆင်နေသူများအတွက်......

English,Maths,Logic အားလုံးကို ဝါရင့်အတွေ့အကြုံရှိသော ဆရာများ ကိုယ်တိုင်

သင်ကြား ပို့ချပေးမည့် ဝင်ခွင့်သင်တန်း။ Interview Presentation အတွက် ပြင်ဆင်ပေးမည်။

Lecturer - M.A(Statistics), Ph.D. (abd) Rutgers the State University ; U.S.A.
B.Sc(Maths), MBA(Thesis)

No. (18/4-B), U Tun Lin Chan St, Hledan Kamayut Tsp, Tel: 01-500027, 3304255, 36126298, talenthighway@gmail.com, www.talentjobmyanmar.com


## အမည်မှန်

ဦးရဲကျော် - ဒေါ်ထက်ထက်ရွှေတို့၏သား၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမက(၄၃)၊ တတိယတန်းကျောင်းသား မောင်အာကာကျော်အား မွေးဖွားစာရင်းနှင့် လဝက အိမ်ထောင်စုစာရင်းပါ အမည်မှန်အတိုင်း မောင်ထက်အာကာဟု ခေါ်ပါရန်။

**မောင်ထက်အာကာ**


## J&B Group

Ph : 09-73130202

ပါကေးခင်းခြင်း၊ လျှာထိုးခင်းခြင်း၊ ဖေါ်လစ်တင်ခြင်း၊
ဆေးသုတ်ခြင်း၊ အခန်းဖွဲ့ခြင်း၊ ကြွေပြားကပ်ခြင်း၊
ပလာစတာကော်နစ်၊ ဂျက်ဆင်ဘုတ်၊ အလူမီနီယံ၊
စတီး၊ သံပန်း၊ ဆန်းရှိတ်များ Design ဆွဲ၍ ဈေးနှုန်းချိုသာစွာဖြင့် ပြုလုပ်ပေးနေပါသည်။

## WISE College

### GROUP CERTIFICATE IN BUSINESS ADMINISTRATION

အချိန်တိုအတွင်းမှာ စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်များကို စုံစုံလင်လင်တက်ရောက်သင်ယူလိုသူများအတွက် Group Certificate In Business Administration သင်တန်းကို (၇.၁၀.၂၀၁၆)ရက်နေ့၌ WISE College (Shwe Gone Daing Campus) တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ နိုင်ငံတကာအတွေ့အကြုံရှိသော အရည်အသွေးပြည့်ဝသည့် ပါမောက္ခ/လက်ထောက်ပါမောက္ခများကိုယ်တိုင် သင်ကြားပေးမည်ဖြစ်ပါသည်။ Group Certificate In Business Administration Course တွင် ပါဝင်သော ဘာသာရပ်များမှာ -

1. Certificate in General Management
2. Certificate in Human Resource Management
3. Certificate in Marketing Management

သင်တန်းကာလမှာ တစ်ပတ်လျှင် ၃ ရက်ဖြင့် တစ်လခွဲ ကြာမြင့်မည်ဖြစ်ပြီး အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ သောကြာ ညနေ ၆ နာရီမှ ၈ နာရီအထိ သင်ကြားပေးမည်ဖြစ်ပါသည်။ စာတွေ့သာမက လက်တွေ့ကျွမ်းကျင်မှုများပါ ရရှိစေရန် Group Activities များနှင့်အတူ Workshops များကို တစ်ပတ်လျှင် ၂ ရက် ထပ်မံတက်ရောက်ရမည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံး အောင်မြင်သူများသည် သက်ဆိုင်ရာ Certificate (၃)ခုနှင့်အတူ Group Certificate (၁)ခုအား ထပ်မံရရှိပါမည်။ ဘာသာရပ်တစ်ခုချင်းစီအနေဖြင့် လည်း တက်ရောက်သင်ကြားနိုင်ပါသည်။

WISE College : No.1009 (A & B), 10th Floor, Yuzana Tower, Shwe Gone Daing, Bahan Township.
Ph : 09 421 154 862, 09 255 723 388, 01 556183
WISE College-Professional Diploma

## The YANGON DIRECTORY

Number One Directory in Myanmar




ကြော်ငြာပိတ်ရက် နီးကပ်လာပါပြီ။

လူဦးရေအများဆုံး အသုံးပြုတဲ့လမ်းညွှန်

ကြည့်ရှုသူအများဆုံး online လမ်းညွှန်

ဖုန်းတိုင်းမှာ သုံးနိုင်တဲ့လမ်းညွှန်

ဘာပဲလိုလို Everything U Need

SALES : 09-448001662 | yangondirectory.com

## အထူးကျေးဇူးတင်ရှိခြင်း

**သိမ်၊ ကျောင်း၊ ရေကန် ဒါယကာ**

### ဦးအေးကျော် (၆၉)နှစ်

၈-၆-၂၀၁၆ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဦးအေးကျော်အား မကွယ်လွန်မီ ပြုစုစောင့်ရှောက် ကူညီပံ့ပိုးပေးပါသော ဦးမြညွန့်-ဒေါ်ခင်ဖြူ သားသမီးမိသားစု၊ ဦးကျော်စိန်-ဒေါ်အေးခိုင် သားသမီး မိသားစု၊ ညီအစ်ကိုမောင်နှမ တူ၊ တူမများ၊ ဆွေမျိုးသားချင်းများ၊ မိသားစုများ၊ ကူညီစောင့်ရှောက်ကုသပေးသော တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ၊ အရာရှိ အရာခံ တပ်ကြပ် တပ်သားများနှင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)မှ တပ်မှူးကြီးနှင့်တကွ အရာရှိ အရာခံ၊ အကြပ် တပ်သားများအားလုံးအား လည်းကောင်း၊ အဘက်ဘက်မှ ကူညီစောင့်ရှောက်ပေး သတင်းမေးပါသော ကွယ်လွန်သူ၏ မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းများအား လည်းကောင်း၊ ဦးဝိစာရအိမ်ရာမှ မိတ်ဆွေ သင်္ဂဟများအားလည်းကောင်း၊ နယ်ဝေး၊ ရပ်နီးဒေသ အသီးသီးမှ ဖုန်းဖြင့် မေးမြန်းခဲ့သော မိတ်ဆွေသင်္ဂဟများ အားလုံးအားလည်းကောင်း၊ နာရေးကိစ္စတွင် နေ့ရောညပါ အစစအရာရာ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြသော သူများ၊ မီးသင်္ဂြိုဟ်ပြီးသည်အထိ ကူညီပံ့ပိုး ဆောင်ရွက်ပေးသောအဖွဲ့အစည်းများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဇာနည်တင် (၇၂)နှစ်

**B.A(History)**

**အလယ်တန်းပြ(ငြိမ်း)၊ အထက(၂) စမ်းချောင်း**

St.Philomena's Convent နှင့် အထက(၂) စမ်းချောင်း (၁၉၈၀ ခုနှစ်ထိ) ကျောင်းသူဟောင်းများ၏ ကန်တော့ခံဆရာမကြီး ဒေါ်ဇာနည်တင်သည် ၁၀-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသူဟောင်းများ**
**St.Philomena's Convent နှင့်**
**အထက(၂) စမ်းချောင်း (၁၉၈၀ ခုနှစ်ထိ)**

### ဦးသိန်းမြင့်

**အသက် (၇၅)နှစ်**

**တွဲဖက်တိုင်းတရားသူကြီး(ငြိမ်း)**

**အောင်ဆန်း(၇)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၁)ရပ်ကွက်၊ ဇေယျာမြိုင်လမ်း၊ အမှတ်(၈၆၈)နေ (ဦးလှမောင်-ဒေါ်တင်တင်)တို့၏ သား၊ ဦးဇေယျ၊ (ဦးကျော်ကျော်)၊ ဦးတင်ညွန့်၊ ဦးကျော်ရှိန်၊ (ဦးသောင်းထွန်း)တို့၏အစ်ကိုကြီး၊ ဒေါ်လှလှ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်းထွန်း)-ဒေါ်နီလာငြိမ်း၊ ဦးခင်မောင်လွင်-ဒေါ်ဝင်းဝင်းမာ၊ (ဦးကိုကို-ဒေါ်အေးအေးမြင့်)တို့၏ ဖခင်ကြီး၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၀-၉-၂၀၁၆ (စနေနေ့) ည ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးထွန်းမြင့်

**အသက် (၄၈)နှစ်**

**(Y.E.S.C)**

**အုပ်စုမှူးတ**

**မြေအောက်ဓာတ်ကြိုးဌာနခွဲ**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လိုင်း(၄)၊ အခန်း(၇)နေ (ဦးအုန်းကြည်-ဒေါ်ခင်သန်း)တို့၏သား၊ ဦးလှရွှေ-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဒေါ်မြတ်မြတ်စိုး (စီမံရေးဌာန၊ လ/ထ ကွန်ပျူတာ စီစဉ်ရေးမှူး)၏ခင်ပွန်း၊ မသွယ်သွယ်ထွန်း၏ ဖခင်သည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### သထုံမြို့နယ်အသင်း(ရန်ကုန်)

### ဒေါ်ခင်စီ

**အသက် (၈၇)နှစ်**

**ကျောင်းဆရာမ(ငြိမ်း)**

**အထက(၂) သထုံ**

**အသင်းဝင်အမှတ်(၁၅၇၆)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်ဆေးတက္ကသိုလ်(၁၀၆) အရာရှိအိမ်ထောင်သည် လိုင်း(၃)၊ အခန်း(၂)နေ (ဦးချစ်တင်-ဒေါ်လှကြည်)တို့၏ သမီးသည် ၉-၉-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်တင်လှိုင် အသက်(၇၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဥယျာဉ်လမ်းနေ (ဦးမောင်မှင်-ဒေါ်သောင်း)တို့၏သမီး၊ (ဦးလှဖေ-ဒေါ်အေး)တို့၏ သမီးချွေးမ၊ (ဦးကျော်သိန်း-ဒေါ်ယဉ်ယဉ်)၊ သီရိရတနာ(၂)လမ်းနေ (ဦးစိုးသိမ်း)-ဒေါ်မြင့်စိန်တို့၏ညီမ၊ ဦးသန်းဦး-ဒေါ်နန့်တင်မြိုင်(အလပြ၊ ငြိမ်း)တို့၏အစ်မ၊ ရွှေပြည်သာမြို့နယ်နေ ဦးမြင့်သိန်း-(ဒေါ်ခင်မာချို)၊ ရန်ကင်းမြို့နယ်နေ ဗိုလ်ကြီးအောင်နိုင်(ငြိမ်း)-ဒေါ်ခင်ထူး (အလပြ-ငြိမ်း)၊ ဦးစိုးနိုင်-ဒေါ်တင်တင်ဝင်း၊ ဦးဝင်းမော်-မဝင်းမာဦး(777 အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ကိုဇော်လေး၊ ကိုမင်းမင်း-မသီသီမာ၊ သီရိရတနာ(၂)လမ်းနေ ကိုဇော်မင်းသူ-မတင်မာဦး၊ ကိုအောင်မျိုး-မကျော့ကေခိုင်၊ ကိုကျော်ငြိမ်းချမ်း-မအိမွန်အောင်၊ ကိုဝဏ္ဏအောင်-မသဲအိလှိုင်တို့၏အဒေါ်၊ ကိုယုဖေဝင်း (Lizstar Shipping)-မသန္တာမြင့်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ (ဦးမောင်မြင့်)၏ ချစ်လှစွာသောဇနီး ဒေါ်တင်လှိုင်သည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၆ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့် သွေး ဖြင့်**
**အ သက် ကယ် ပါ**

## အာနိစ္စ

### ဦးမောင်မောင်သွင်(ပဲခူး)

**အသက်(၆၅)နှစ်**

**(လက်ထောက်ဌာနမှူး-ငြိမ်း)**

**မြို့တော်စည်ပင်**

(ဦးကြည်မြင့်-ဒေါ်အုံးကြည်)တို့၏ သား၊ ပဲခူးမြို့၊ အမှတ်(၃၈၇/၃)ဇိုင်းတောင်၊ ကမ်းနားလမ်းနေ (ဦးဝေလွင်)-ဒေါ်မြင့်မြင့်နွယ်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အေးသာယာလမ်း၊ D.62 F.M.I City လှိုင်သာယာနေ ဒေါ်သက်သက်မာ၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ သာကေတနေ ဦးမျိုးဟန်-ဒေါ်ခင်မာမြင့်တို့၏မောင်၊ ဦးထင်အောင်လင်း (ဦးနန္ဒိယ)-ဒေါ်သင်းသင်းနု၊ ဒေါ်အေမီမြင့်တို့၏အစ်ကို၊ မန္တလေးမြို့၊ ချမ်းမြသာစည်နေ ဦးမိုးမြင့်လွင်-ဒေါ်မာမာစိုး၊ ပဲခူးမြို့နေ ဦးအောင်အောင်လွင်-ဒေါ်မိုးမိုးလွင်တို့၏အစ်ကို၊ ပဲခူးမြို့နေ ဦးနေမျိုးထက်-ဒေါ်ကျော်ကျော်စုလှိုင်၊ ရန်ကုန်မြို့နေ ဦးကျော်စွာသွင်-ဒေါ်ငွေငွေဝင်းတို့၏ဖခင်၊ မပြည့်ရတီဦး၊ မသွန်းခေတ်ကြယ်စင်၊ မသွန်းဆင့်ကြယ်စင်တို့၏အဘိုး ဦးမောင်မောင်သွင်သည် ၁၁-၉-၂၀၁၆ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း ဒါယကာကြီး**

### ဦးစိုးနိုင်

**အသက် (၅၇)နှစ်**

**တော်ဝင်ဆီစက်၊ သုံးခွမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၁၁)နေ (ဦးသင်းမောင်-ဒေါ်ကျင်ညွန့်)တို့၏ သားကြီး၊ ခရမ်းမြို့နေ ဦးခင်မြ-ဒေါ်သန်းစိန်တို့၏သားသမက်၊ ဒေါ်ခင်စောမူ၏ချစ်လှစွာသောခင်ပွန်း၊ ပါမောက္ခ ဒေါက်တာငွေလှ (ဒုတိယပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ဒေါ်ရီရီချို၊ ဦးသက်နိုင်-ဒေါ်ဝင်းပပမြင့်တို့၏အစ်ကို၊ မဆုပိုင်စိုး (3rd years, Maths, အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်)၊ မမေပိုင်စိုး (သတ္တမတန်း၊ အထက-၁၊ သုံးခွ)တို့၏ ချစ်လှစွာသော ဖခင်၊ တူ/တူမ ၁၃ယောက်တို့၏ဘကြီး ဦးစိုးနိုင်သည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ဦးကျော်စိုးမိုး(ခ)ကိုကုလား

**အသက်(၄၈)နှစ်**

**လှျပ်စစ်-ကျွမ်းကျင်အဆင့်(၂)**

ရန်ကုန်မြို့နေ ဦးသိန်းလှ-ဒေါ်ကျင်သိန်းတို့၏သား၊ ဦးလှတင်-(ဒေါ်သန်းကြည်)တို့၏သားသမက်၊ ဦးခင်မောင်ဦး-ဒေါ်ခင်ခင်ဝင်း၊ ဦးခင်မောင်အေး-ဒေါ်ချိုချို၊ ဦးခင်မောင်သိန်း-ဒေါ်တူးမာတို့၏ ညီ/မောင်၊ ဦးမျိုးမြင့်ထွေး-ဒေါ်မွန်မွန်ဟန်၊ ဦးသန့်ဇင်ဟိန်း-ဒေါ်စောဝတ်ရည်လှိုင်တို့၏အစ်ကို၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြန်မာ့လျှပ်စစ်ခွဲရုံဝင်းအတွင်းနေ ဒေါ်သန်းသန်းလှ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၉-၂၀၁၆ (စနေနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၆ (သောကြာနေ့) နံနက်တွင် ကြို့ကုန်း B.P.I ဆေးဝါးထုတ်လုပ်ရေးစက်ရုံလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၉-၂၀၁၆ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၁)ပါ အထူးကျေးဇူးတင်ရှိပါကြောင်း ဒေါ်ခင်ဖြူ(စစ်တွေ၊ပဲခူး) ကြော်ငြာတွင် ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးသိန်းမြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စိန်းစိန်းမြင့် (အကောက်ခွန်-ငြိမ်း)

**အသက် (၇၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၄)လမ်း၊ အမှတ်(၆၄)နေ (ဦးစိန်-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးသန်းအောင်)၏ဇနီး၊ ကိုထွန်းထွန်း၊ ကိုအောင်မြင့်-မမြသီတာလှိုင်၊ မအေးအေးမော်(အကောက်ခွန်)၊ ကိုငြိမ်းမင်းဦး-မခင်ခင်စုတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်စိန်းစိန်းမြင့်သည် ၁၀-၉-၂၀၁၆(စနေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၆(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေ သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်မြင့်မာ(ခ)ဒေါ်အမာ

**အသက် (၇၂)နှစ်**

ကော့ကရိတ်မြို့နေ (ဦးအောင်မြင့်-ဒေါ်သန်းစိန်)တို့၏ သမီး၊ ဇီးကုန်းမြို့နေ (ဦးအေးထွန်း-ဒေါ်သိန်းမြ)တို့၏သမီးချွေးမ၊ (ဦးလှတင်)၏ဇနီး၊ ဒေါ်ခိုင်သီတာဦး(မမခိုင်အကျိုးဆောင်)၊ ဗိုလ်မှူးကြီးဝင်းခိုင်(ငြိမ်း)-ဒေါ်ယဉ်ယဉ်မျိုးငြိမ်း၊ ဒေါ်စိုးစိုးမာ(ခ)စိုးစန္ဒာဝင်း၊ ဦးကြည်သန်း (ဇီးကုန်းစည်ပင်-ငြိမ်း)-ဒေါ်သက်သက်မာ (ဒု-ဦးစီးမှူး၊ ကြို့ပင်ကောက်စည်ပင်)၊ ဦးအောင်ကျော်ဦး-ဒေါ်သင်္ဂီထွေးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၁၀-၉-၂၀၁၆ (စနေနေ့) ၂း၂၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (ယုဇနဉယျာဉ်မြို့တော်၊ ၆-ဘီ၊ တိုက်အမှတ်-၂၄၊ အခန်းအမှတ် ၀၀၄ နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ**

### ဒေါ်ခင်စောရွှေ

**အသက် (၆၂)နှစ်**

စစ်တွေမြို့၊ တရားသီးစုရပ်ကွက်၊ လမ်းမကြီးနေ (ဦးရွှေကျော်-ဒေါ်သန္တာအေး)တို့၏သမီး၊ ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးမောင်သာထွန်း-ဒေါ်ထာဦး)တို့၏ သမီးချွေးမ၊ စစ်တွေမြို့၊ ဝန်ကြီးများအိမ်ရာနေ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၏ဇနီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၁၇)နေ မောင်ညီညီနိုင် (အရောင်းမန်နေဂျာ၊ မျိုးနိုင်နိုင်းကုမ္ပဏီ)- မချိုအိန္ဒြာကျော် (နည်းပြ၊ သန်လျင် သမဝါယမတက္ကသိုလ်)၊ မောင်ဥက္ကာပြည့်ဖြိုး (Gusto College) တို့၏မိခင်၊ ဒေါ်ခင်စောရွှေသည် ၁၀-၉-၂၀၁၆ရက် ည ၈း၃၀နာရီတွင် စစ်တွေမြို့ ဝန်ကြီးများအိမ်ရာ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၆ ရက် ညနေ ၃ နာရီတွင် စစ်တွေမြို့ အာကျိုပ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### မောင်ဝင်းကိုကို (၂၉)နှစ်

**(လှည်းကူး)**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ အရှေ့မင်းလမ်း၊ ပြည်တော်သာရပ်ကွက်၊ (မ/၁၂)နေ ဦးခင်မောင်-ဒေါ်သိန်းငွေတို့၏သား၊ မောင်ကောင်းထက် (ခေတ္တ-မလေးရှား)-မသီတာစုစုခင် (မြို့တော်စည်ပင်-ရေသန့်ဌာန)၊ မစန္ဒာကြူကြူခင်(ခေတ္တ-စင်ကာပူ)တို့၏မောင်၊ မောင်အောင်ကောင်းပြည့်၏ ချစ်လှစွာသောဦးလေး မောင်ဝင်းကိုကိုသည် ၁၀-၉-၂၀၁၆ရက် နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမင်းလွင်

**အသက် (၈၁)နှစ်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နေ (ဦးအောင်မြတ်-ဒေါ်တင်)တို့၏ သား၊ (ဒေါ်တင်တင်အေး)၏ခင်ပွန်း၊ ဒေါ်ခင်ခင်မော်၊ ဦးမျိုးမြင့်-ဒေါ်အေးအေးမော်၊ ဦးဘုန်းနိုင်ဦး၊ ဒေါ်သီရိရတနာ(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးဦးမင်းလွင်သည် ၁၀-၉-၂၀၁၆ရက် မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၆ ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေ သင်္ဂဟများအား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ**

### ဒေါ်ညွန့်ရီ

**အသက် (၆၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ သီရိမွန်လမ်း၊ အမှတ်(၁၈၁)နေ (ဦးဘဆင်-ဒေါ်သိန်းကြည်)တို့၏သမီး၊ ဒေါ်သန်းရွှေ၊ ဒေါ်ခင်ဝင်းတို့၏ညီမ၊ ကိုကျော်ကျော်စိုး၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးတင်ဝင်း၏ ချစ်လှစွာသောဇနီးသည် ၁၀-၉-၂၀၁၆ (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၆ (သောကြာနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးထွန်းနွယ်

**အသက်(၅၀)**

**ဌာနခွဲစာရေးကြီး(ငြိမ်း)၊**

**သစ်တောဦးစီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၈)ရပ်ကွက်၊ စောရန်ပိုင်လမ်း၊ အမှတ်(၇၃၄)နေ (ဦးလှထွန်း-ဒေါ်စန်းရီ)တို့၏သားကြီး၊ (ဦးဖေသိန်း)-ဒေါ်တင်အေးတို့၏ သားသမက်၊ ဒေါ်အေးနိုင်နိုင်သိန်း၏ခင်ပွန်း၊ မရွှေယမင်းဦး၏ ဖခင်၊ ဦးထွန်းသန်း-ဒေါ်ချောစုအောင်၊ ဦးတင်ဇော်-ဒေါ်အေးအေးသန်းတို့၏ အစ်ကိုသည် ၁၁-၉-၂၀၁၆ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးမောင်မောင်ကျော်

**အသက် (၄၇)နှစ်**

**(ကံမ)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးဝင်းနေ ဦးလှခင်-(ဒေါ်အုန်းကျင်)တို့၏ သား၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းနိုင်၏ခင်ပွန်း၊ မကြည်စင်သန့် (Grade-10-I, TTC)၊ မဖြူစင်သန့် (Grade-4-F, TTC)တို့၏ ဖခင်သည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တ ဣန္ဒာစက္က

**သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အောင်ရတနာကျောင်း ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစက္က (သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင် B.A, H.G.P) သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်သည် (၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်)၊ ၁၀-၉-၂၀၁၆ (စနေနေ့) ညနေ ၆း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဆရာတော် ဦးသုမင်္ဂလ

**သိက္ခာတော် (၂၅)ဝါ၊ သက်တော် (၈၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ထိန်တောမိုးညိုမြို့နယ်နေ (ဦးစိန်-ဒေါ်သန်း)တို့၏ သား၊ ဦးကျော်မိုး-(ဒေါ်လှမြိုင်)၊ (ဦးရွှေရီ-ဒေါ်လှဆိုင်)တို့၏အစ်ကို၊ ဦးလေးသန်း-ဒေါ်စန်း၊ ဦးရီဇင်-ဒေါ်ခင်ဝင်း၊ သုဓမ္မမဏိဇောတရေ ဦးလှမြင့်-ဒေါ်သန်းသန်းဝင်း(လမ်း-၄၀၊ ပုလင်းအမျိုးမျိုးရောင်းဝယ်ရေး)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုး၊ (ဒေါ်တင်မေ)၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဆေးစက်၊ ပုသိမ်မြေရပ်ကွက်၊ ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်ကျောင်းတိုက်၌ (၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ရက်) ၁၀-၉-၂၀၁၆ (စနေနေ့) ည ၁၀း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၂-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ပြာသာဒ်ပရိယတ္တိစာသင်ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ဆရာတော် ဦးသုမင်္ဂလအားရည်စူး၍ ၁၆-၉-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဆေးစက်၊ ပုသိမ်မြေရပ်ကွက်၊ ပြာသာဒ်ပရိယတ္တိ စာသင်တိုက်ကျောင်းတိုက်သို့ ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးအေးကျော်

**အသက် (၆၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ [ဦးတစ်(ခ)ဦးမောင်တစ်-ဒေါ်ကြည်မြင့်]တို့၏သား၊ စမ်းချောင်းမြို့နယ်နေ (ဦးတင်ဝင်း)-ဒေါ်သီသီတို့၏သားသမက်၊ ရန်ကုန်မြို့၊ တိုက်(၃)၊ အခန်း(၃)၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်ကြင်ကြင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းဖေ)၊ ဦးတင်မျိုးညွန့်-(ဒေါ်ရင်မြင့်)၊ ဦးတိုးအောင်-ဒေါ်ခင်သန်းနွယ် (လယ်ယာထွက်ကုန်-ငြိမ်း၊ ဟသ်ာတ)၊ ဦးဆန်းဦး၊ (ဦးဆန်းသွင်)၊ ဒေါ်ဝင်းဝင်းမာ (အမက-၁၊ လမ်းမတော်-ငြိမ်း) တို့၏ ညီ/အစ်ကို၊ ဦးကျော်ကျော်နိုင် (Sweet Home Class Furniture)၊ ဦးစိုးသန့်(လွယ်ခမ်းလုံကုမ္ပဏီ)-ဒေါ်ယုယုမော်တို့၏မွေးသဖခင်၊ မကြယ်စင်ဆုလာဘ်၏ အဘိုးသည် ၁၀-၉-၂၀၁၆ ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၆ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၆ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးပရိတ်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### Captain တင်ဝင်း

**အသက် (၆၃)နှစ်**

**(M.V M Star 1, Samho Shipping Co., Ltd.)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၄၄)၊ အင်းစိန်လမ်းနေ (ဦးဘသန်း-ဒေါ်ခင်ညွန့်)တို့၏ အငယ်ဆုံးသား၊ ဒုတိယဗိုလ်မှူးကြီးခင်မြင့်-ဒေါ်စန်းစန်းမြင့်၊ ဒေါက်တာတင်ထွဋ်-ဒေါက်တာရင်ရင်မြင့်၊ (ဦးကျော်သန်း)-ဒေါ်ရင်မေ၊ (ဦးညွန့်)-ဒေါ်ရီရီသန်း၊ ဦးစိန်ဝင်း-ဒေါ်ငွေငွေသန်းတို့၏ ညီ/မောင်၊ ဒေါ်ခင်မာဦး၏ ချစ်လှစွာသောခင်ပွန်း၊ Chief Engineer သိဒ္ဓိ (Monsoon Maritime Services)-ဒေါ်ထူးထူးမြင့် (Deputy General Manager, APL, Phee Group)၊ ဒေါ်ဖြူဖြူမာ (မန်နေဂျာ၊ ရောဝတီဘဏ်ရုံးချုပ်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဝင်းဘုန်းထူး (Grade-2-C, TTC)၏ ချစ်လှစွာသော အဘိုးသည် ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍၁၃-၉-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်စု (၇၃)နှစ်

**တောင်ကုတ်မြို့**

တောင်ကုတ်မြို့၊ ဈေးတန်းရပ်နေ (ဦးဘဦး-ဒေါ်ငွေလှိုင်)တို့၏ သမီး၊ (ဦးအဆန်-ဒေါ်မြခင်)တို့၏ သမီးချွေးမ၊ ဒေါ်ကြီးတင်၊ ဦးစံဦး-ဒေါ်ကြည်ကြည်၊ (ဦးစံထွန်း)-ဒေါ်အေးမေ၊ ဦးညီလေး-(ဒေါ်တင်လှိုင်(ခ)ပုပု)တို့၏ ညီမ၊ (ဦးကျော်ဖေ)-ဒေါ်ခင်ကျော့၊ ဒေါ်လေးလေးတို့၏အစ်မ၊ (ဦးတင်အောင်)၏ဇနီး၊ မနန်းချယ်ရီအောင် (ရုံးဒေါင့် တိုက်နယ်ဆေးရုံ၊ ကျိုက်လတ်မြို့)၊ မနီနီအောင် (ခေတ္တ-စင်ကာပူ)၊ မောင်မင်းဇော်အောင်၊ မယုယုအောင်တို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်ခင်စုသည် ၁၁-၉-၂၀၁၆ ရက် နံနက် ၉း၁၅နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၃၉၊ ပထမထပ်-A၊ စံပြ ၅ လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်မြင့်ဝေ

**အသက် (၈၆)နှစ်**

**မြောင်းမြမြို့**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်း၊ (၂၈၁/A)၊ အခန်း(၅)နေ ဒုဗိုလ်မှူးကြီးဝင်းမောင် (ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းနိုင်-ဒေါ်ခင်နှင်းမာ၊ ဦးသက်ဝင်း-ဒေါ်မေဝင်းမောင်၊ (ဦးအောင်အောင်)-ဒေါ်မော်မော်ညွန့်တို့၏မိခင်၊ တကကစ/ရ ရဲလင်းထက်၊ မဝင်းလဲ့အိဖြူ (ကမ္ဘောဇဘဏ်)၊ မောင်နန္ဒအောင်(Sr. Manager IRBI ဌာန၊ ရွှေသံလွင်)-မဇာဇာငွေဝင်း၊ Tr. ခင်ရတနာအောင် (ILBC)၊ မမေသန္ဓီ၊ မောင်သိင်္ဂီမောင်တို့၏ ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ပုဂံဒေသရှိ ဘုရားပုထိုးစေတီ ၁၉ ဆူမှလွဲ၍ ကျန်ဘုရားများသို့ သွားရောက်ဖူးမြော်နိုင်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ချောက်မြို့အနီးသို့ ဗဟိုပြု လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရားပုထိုးစေတီများ ပြိုကျပျက်စီးမှုများရှိခဲ့ရာ အပျက်အစီးများကို ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၉ ရက်အထိ စာရင်းများအရ ခရီးသွားဧည့်သည်များအနေဖြင့် ဘုရားပုထိုးစေတီ ၁၉ ဆူမှလွဲ၍ ကျန်ဘုရားပုထိုးစေတီများသို့ သွားရောက်ဖူးမြော်နိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ထုတ်ပြန်ထားသောစာရင်းအရ သိရသည်။

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် စက်တင်ဘာ ၈ ရက်အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပြိုကျပျက်စီးစာရင်းအရ ဘုရားပုထိုးစေတီ ၁၈ ဆူမှလွဲ၍ ကျန်ဘုရားပုထိုးစေတီများသို့ သွားရောက်လည်ပတ်နိုင်သည်ဟု ထုတ်ပြန်ခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင်မူ တစ်ဆူထပ်မံတိုးလာခဲ့ကာ ဘုရားပုထိုးစေတီ ၁၉ ဆူမှလွဲ၍ ကျန်ဘုရားပုထိုးစေတီများသို့ သွားရောက်ဖူးမြော်နိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကန့်သတ်ထားသော ဘုရားပုထိုးစေတီ ၁၉ ဆူတွင် ဂူပြောက်ငယ်(မြင်းကပါ)၊ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ○



ဝါးဖြင့်ပြုလုပ်ထားသော လက်မှုပစ္စည်းများကို တွေ့ရစဉ်။

# ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား မြန်မာနိုင်ငံတွင် ပထမဆုံးပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပမည့် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့(World Bamboo Day)အခမ်းအနားအား ရန်ကုန်မြို့ ၆ မိုင်ခွဲရှိ International Business Center(IBC) ၌ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✱



ပဏာမမြန်မာ့လက်ရွေးစင် စက်ဘီးကစားသမားများ ၂၀၁၅ ခုနှစ်က လေ့ကျင့်နေစဉ်။

# ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့များ လေ့ကျင့်ပြင်ဆင်ပြီ

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၁၇ ခုနှစ် ဩဂုတ် ၁၇ ရက်မှ ၃၁ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့များသည် စတင်ပြင်ဆင်နေပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် အားကစားနည်းများကို ရွေးချယ်ရခြင်းမရှိသေးသောကြောင့် အားကစားနည်းများကို မကြာမီရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်မည့် အားကစားနည်းများကို ရွေးချယ်ရခြင်း မရှိသေးဘဲ ယှဉ်ပြိုင်ရန်လျာထားသည့် အားကစားအဖွဲ့ချုပ်များ၏ ဆန္ဒသဘောထားကို မေးမြန်းလျက်ရှိသည်။ အားကစားနှင့် ကာယပညာဦးစီးဌာနသည် လျာထားသည့် အားကစားနည်းများကို နှစ်သုတ်ခွဲ၍ တွေ့ဆုံလျက်ရှိပြီး စက်တင်ဘာ ၁၀ ရက်က အားကစားနည်း ၁၄ မျိုးနှင့် တွေ့ဆုံခဲ့သည်။ ကျန်ရှိသည့် အားကစားနည်း ၁၉ မျိုးကို စက်တင်ဘာလ စတုတ္ထပတ်တွင် တွေ့ဆုံမည်ဖြစ်ပြီး အားကစားအဖွဲ့ချုပ်များ၏ ဆန္ဒသဘောထားကိုကြည့်ကာ ပြိုင်ပွဲဝင်မည့် အားကစားနည်းများကို ရွေးချယ်သွားမည်ဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ◆

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း အနိုင်ရဗိုလ်စွဲ

**နေပြည်တော် စက်တင်ဘာ ၁၁**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့** ✱












# NAING Group Company Limited ၏

# နှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ်အတွက်
# “ဂုဏ်ယူဝမ်းမြောက်ခြင်း”

ဦးဝင်းနိုင် နှင့် သားများ ဆောက်လုပ်ရေးလုပ်ငန်းဖြင့် ၁၉၈၆ ခုနှစ်မှ စတင် သန္ဓေတည်ခဲ့သော NAING Group Company Limited သည် ၂၀၁၆ ခုနှစ်တွင် နှစ်(၃၀)ပြည့် ပုလဲရတု တိုင်အောင် အောင်မြင်စွာရပ်တည်နိုင်ခဲ့ခြင်းအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နှစ် (၃၀) ပြည့် ပုလဲရတု မှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်မှုများ နှင့် အတူ လုပ်ဖော်ကိုင်ဖက်များ၊ Customer များ၏ စိတ်ချမ်းသာမှုများကို ယခုထက်မက ပိုမို ဆောင်ရွက်နိုင်ပါစေကြောင်း နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေး လောကတွင်လည်း ဆတက်ထမ်းပိုး တိုးတက်အောင်မြင်မှုများရရှိပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

* Champion Construction Co., Ltd
* Champion Construction Materials Co., Ltd
* Champion Oversea Trading Co., Ltd
* NAING Family Cherry Oo Co., Ltd
* Geo-Tech Pile Co., Ltd
* Myanmar New Generation Design Co., Ltd
* Win & Hla Manufacturing Co., Ltd
* Mega Mix Co., Ltd
* Family Business Group Co., Ltd
* Future Image Construction Co., Ltd
* New Image Trading Co., Ltd
* Myanmar Lucky Paradise Construction Co., Ltd
* Lucky Concrete Precast Products Manufacturing Co., Ltd
* OLEANDER Construction Group Public Co., Ltd